# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၆ ခုနှစ် ၊ တပို့တွဲလဆန်း(၁၄)ရက် ၊ အင်္ဂါနေ့ ၊ (11-2-2025) ၊ အတွဲ (၃၃) ၊ အမှတ် (၂၈၇)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့်ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် NCA ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်ဖွင့်လှစ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော် တပေါင်းကွင်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်ချီးမြှင့်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများနှင့် ဇနီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ MSME အေဂျင်စီဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ အသင်းအဖွဲ့များမှ တာဝန်ရှိသူများနှင့် ပြခန်းတာဝန်ခံများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊

**စာမျက်နှာ ၁၆ ကော်လံ ၁**




ရတနာပုံ

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်

အယ်ဒီတာ့အာဘော်

# ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို လက်ဆင့်ကမ်းထိန်းသိမ်း

နိုင်ငံတော်၏ ယဉ်ကျေးမှုအမွေအနှစ်များသည် နိုင်ငံအတွက် အဖိုးမဖြတ်နိုင်သော ရတနာတစ်ပါးပင်ဖြစ်သည်။ ထို့ကြောင့် တန်ဖိုးကြီးမားလှသော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ မပပျောက်စေရန် ထိန်းသိမ်းစောင့်ရှောက်ရန် နိုင်ငံသားအားလုံးတာဝန်ရှိသည်ဖြစ်သည်။ ယနေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံ့တာဝန်များကို ယူထားစဉ်ကာလအတွင်း ရှေးဟောင်းအမွေအနှစ်များ ဖော်ထုတ်ထိန်းသိမ်းမှုများကို အလေးအနက်ထား ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးနန်းမြို့ရိုးအနောက်ဘက် စည်ရှည်တံခါးအနီး၌ ရှေးမူမပျောက်အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲကို ဖေဖော်ဝါရီ ၈ ရက်နေ့က ကျင်းပပြုလုပ်ခဲ့ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါ မန္တလေးနန်းမြို့ရိုးအနောက်ဘက်ရှိ စည်ရှည်တံတားသည် မြန်မာသက္ကရာဇ် ၁၂၂၁ခုနှစ်တွင် မင်းတုန်းမင်းတရားကြီးလက်ထက်၌ မြနန်းစံကျော်ရွှေနန်းတော်နှင့်အတူ တည်ဆောက်ခဲ့ခြင်းဖြစ်ပြီး၊ ဒုတိယကမ္ဘာစစ်ကာလအတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသော တံတားတစ်စင်းဖြစ်သည်။

ထို့ကြောင့် ရှေးဟောင်းအမွေအနှစ်တစ်ခုဖြစ်သော စည်ရှည်တံတားကို မူလပုံစံအတိုင်း ရှေးမူမပျက်တည်ဆောက်နိုင်ရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏လမ်းညွှန်ချက်ဖြင့် တည်ဆောက်ရေးလုပ်ငန်းများကို စစ်အင်ဂျင်နီယာညွှန်ကြားရေးမှူးရုံးက ၂၀၂၄ ခုနှစ် ဩဂုတ်လအတွင်း ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ ယခု ၂၀၂၅ခုနှစ် ဖေဖော် ဝါရီ ၈ရက်နေ့တွင် ရှေးမူမပျက် အသစ်ပြန်လည်တည်ဆောက်ပြီးစီးခဲ့သည့် စည်ရှည်တံတားဖွင့်ပွဲအခမ်းအနားကိုနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တက်ရောက်၍အောင်မြင်စွာ တက်ရောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းမှာ မြန်မာ့ယဉ်ကျေးမှုအမွေအနှစ်တစ်ခုကို ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်နိုင်ခဲ့ခြင်းဖြစ်သဖြင့် မြို့ခံပြည်သူများနှင့် နိုင်ငံတစ်ဝန်းမှ တိုင်းရင်းသားပြည်သူများစွာက ကျေနပ်ဝမ်းမြောက်မဆုံးရှိကြသည်။

မန္တလေးနန်းတော်ကြီး၏ လေးပြင်လေးရပ်တို့တွင် တစ်ဖက်လျှင်တံခါးပေါက်ကြီးသုံးပေါက်စီဖြင့် တံခါးပေါက် ၁၂ပေါက် တည်ဆောက်ထားပြီး ထိုသုံးပေါက်၏ အလယ်တံခါးများကို ခာတ်နာမ်များဖြင့် မှည့်ခေါ်ထားခဲ့ကြသည်။ ယခုကဲ့သို့ အနောက်ဘက်အရပ်ရှိ စည်ရှည်တံတားကြီး ရှေးမူမပျက် ပြန်လည်တည်ဆောက်နိုင်ခဲ့ခြင်းအားဖြင့် အမျိုးသားယဉ်ကျေးမှုအမွေအနှစ်ဖြစ်သည့် မြနန်းစံကျော်ရွှေနန်းတော်ကြီး၏ အင်္ဂါရပ်ကို ပြည်လည်၍ ပိုမိုပြည့်စုံစေမည်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံတွင် ရိုးရာယဉ်ကျေးမှုများ ပျောက်ကွယ်သွားပါက လူမျိုးပါပျောက်ကွယ်သွားနိုင်သဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ကာကွယ်ထိန်းသိမ်းခြင်း၊ ဖော်ထုတ်ပြုပြင်စောင့်ရှောက်ခြင်းများကို ကြိုးပမ်းဆောင်ရွက်ကြရပါမည်။ ရှေးဘိုးဘွားဘီဘင် မြန်မာလူမျိုးများထားရှိခဲ့သော တန်ဖိုးမဖြတ်နိုင်သည့် နိုင်ငံ့အမွေအနှစ်ရှေးဟောင်းယဉ်ကျေးမှုများကို သားစဉ်မြေးဆက်တို့က လက်ဆင့်ကမ်းသယ်ယူစောင့်ရှောက်ကြခြင်းဖြင့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားသော နိုင်ငံ့သားကောင်းများစွာ နိုင်ငံတော်တွင် ဆက်လက်ပေါ်ထွန်းနေမည်ဖြစ်ပါသည်။ ထို့ကြောင့် ရှေးမူမပျက်ပြန်လည်တည်ဆောက်ခဲ့သော ယခုမန္တလေးနန်းမြို့ရိုးအနောက်ဘက်ရှိ စည်ရှည်တံတားအပါအဝင် မြန်မာတို့၏ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ဘေးအန္တရာယ်အသီးသီးမှကာကွယ်ခြင်း၊ မတိမ်ကောမပပျောက်အောင် ထိန်းသိမ်းခြင်းတို့ကို နိုင်ငံသူ၊ နိုင်ငံသားအားလုံးက သမိုင်းပေးတာဝန်တစ်ရပ်အနေဖြင့် လက်ဆင့်ကမ်းထိန်းသိမ်း ဖော်ဆောင်ကြရမည်ဖြစ်ပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။

## ၂၀၂၅ ခုနှစ်၊ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုစိတ်ဓာတ်၊ ဝံသာနုရက္ခိတတရား၊ ဗြဟ္မစိုရ်တရားနှင့် စစ်မှန်သောမျိုးချစ်စိတ်များဖြင့် ပြည်ထောင်စုကြီး အဓွန့်ရှည်တည်တံ့ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော်ရေး။

(၂) လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးရရှိရန်အတွက် တွေ့ဆုံဆွေးနွေးမှုလမ်းကြောင်းပေါ်တွင်လျှောက်လှမ်းနိုင်ရန် တိုင်းရင်းသားများ လက်တွဲပူးပေါင်းဆောင်ရွက်ရေး။

(၃) ပြည်ထောင်စုတိုင်းရင်းသားအားလုံး တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့်ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၄) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ပြည်နယ်နှင့်တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးနှင့် တိုင်းရင်းသားများ၏ ကျန်းမာရေး၊ ပညာရေးနှင့်အလုပ်အကိုင်အခွင့်အလမ်းများတိုးတက်အောင် ဖော်ဆောင်ပေးရေး။

**ပေါင်းစည်းချစ်ကြည် လက်တွဲညီ ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ**

**တိုင်းပြည်သာယာ ဝပြောဖို့ ငြိမ်းချမ်းရေးကို တည်ဆောက်စို့**

**တို့ပြည်ထောင်စုတိုင်းရင်းသားများ ညီညွတ်စွမ်းအား ပြည့်ခွန်အား**



# ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ရေကြည် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည် အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလက ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင်အိတ်ရေ ၅၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေ ၈၂၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါဒေသထွက် ဗိုလ်ကိတ်ပဲများကို ရေကြည်မြို့နယ်မှ လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များက ဝယ်ယူပြီး ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချခြင်းဖြစ်ကြောင်း သိရသည်။

"ရေကြည်မြို့နယ်ကနေ ရန်ကုန်ဈေးကွက်ကို ဇန်နဝါရီလထဲမှာ ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် အိတ်ရေအများအပြား တင်ပို့ရောင်းချခဲ့ရပါတယ်။ လက်ရှိလဲ ဒေသထွက်ပဲတွေကို ရန်ကုန်ဘက်က အဝယ်လိုက်နေပါတယ်။ ဗိုလ်ကိတ်ပဲတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုအားကောင်းလာပါတယ်။ ဒေသထွက်ပဲတွေ၊ စပါးတွေကို ရေကြည်ဘက်က ကုန်သည်ပွဲရုံပိုင်ရှင်တွေနဲ့ ရန်ကုန်ဈေးကွက်ကိုပဲ အများစုတင်ပို့ရောင်းချတာဖြစ်ပါတယ်။ ရန်ကုန်ဈေးကွက်ကို ဗိုလ်ကိတ်ပဲတွေ တင်ပို့မှု အားကောင်းလာတော့ ကုန်သည်လုပ်ငန်းရှင်တွေအပြင် လုပ်သားတွေပါ အလုပ်အကိုင်အခွင့်အလမ်းတွေ အဆင်ပြေနေပါတယ်"ဟု ရေကြည်မြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်ရီရီထွန်းက ပြောပြသည်။

ရေကြည်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချခဲ့သည့် ဗိုလ်ကိတ်ပဲ ၁၆ ပြည်ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၃၅၀၀၀ ထိ ဈေးပေါက်နေကြောင်း၊ အဆိုပါ ဗိုလ်ကိတ်ပဲများ ကို ရန်ကုန်ဈေးကွက်မှ ဝယ်ယူမှုများပြားလာခြင်းကြောင့် တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ အဆင်ပြေနေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၁၂၅၆၀ ရိတ်သိမ်းပြီးစီး

**မုံရွာ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နှမ်းဧက ၁၂၅၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မုံရွာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နှမ်းဧက ၁၂၅၆၀ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နှမ်းစိုက်ခင်းများကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာလမှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့ထိ ဧက ၁၂၅၆၀ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၂ ဒသမ ၇၆ တင်း ထွက်ရှိကြောင်း သိရသည်။

"မုံရွာမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နှမ်းဧက ၁၂၅၆၀ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နှမ်းခင်းတွေ အခုလက်ရှိ ရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ နှမ်းစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်နဲ့တစ်နှစ် တိုးတက်လာပါတယ်။ ဆီထွက်သီးနှံအနေနဲ့က တော့ အောင်မြင်တဲ့အနေအထားမှာရှိတယ်"ဟု မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း မုံရွာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုးသက်အောင်က ပြောပြ၍ သိရသည်။

(၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# ကဝမြို့နယ် အင်းဝကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**ကဝ ဖေဖော်ဝါရီ ၁၀**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ကဝမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက အင်းဝကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်စုလှိုင်နှင့် ဝန်ထမ်းများက အင်းဝကျေးရွာ၌ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ကော်မတီဝင်များနှင့် တွေ့ဆုံကာ လိုအပ်သည်များ ဆွေးနွေးညှိနှိုင်းမှာကြားသည်။

အဆိုပါကျေးရွာ၌ အရှည်ပေ ၅၁၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင် ကျေးရွာ စီမံကိန်းအတိုးရငွေကျပ် ၁၄ ဒသမ ၉ သန်းဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်နိုင်မှုကြောင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာပြီး ကျေးရွာမှထွက်ရှိလာသော ထုတ်ကုန်၊ ထွက်ကုန်များအား ဈေးကွက်သို့ တင်ပို့နိုင်မည်ဖြစ်ကြောင်း ကဝမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အေးမြတ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဇီဝိတဒါနသံဃာ့ဆေးရုံကြီးတွင် သီပေါမြို့နေ ဦးဝင်းထွန်း-ဒေါ်နန်းလှယဉ်နှင့် ဦးရွှေတိုး-ဒေါ်နန်းဆိုင်လိတ် မိသားစုတို့က ဆွမ်းအလှူငွေကျပ် ၅၀၀၀၀၀ လှူဒါန်းရာ ဆေးရုံကြီးကြပ်ရေးနှင့် အထောက်အကူပြုအဖွဲ့ခေါင်းဆောင် သုခမ္မမဏိဇောတရေ ဦးစိုးလင်းက လက်ခံရယူစဉ်။

# ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့



**ကျောင်းကုန်း ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် မှရန်ကုန် ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၈၅၀၀၀ ထိ တင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း ကျောင်းကုန်းမြို့နယ် ဆန်စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သီရိက ပြောပြသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန် ဈေးကွက်သို့ ပြီးခဲ့သည့် ၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်း ကျားပျံစပါး အမျိုးအစားတင်းရေ ၅၇၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ကျားပျံစပါး တင်းရေ ၈၅၀၀၀ ထိတင်ပို့ ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

"ဇန်နဝါရီလအတွင်း ကျားပျံစပါးတင်းရေ ၈၅၀၀၀ထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ကျောင်းကုန်းမြို့နယ်ကနေ စပါးတွေဆန်တွေနဲ့ အခြားလယ်ယာထွက်ကုန်တွေကို ရန်ကုန်ဈေးကွက်ထဲ အများဆုံးတင်ပို့ရောင်းချပါတယ်။ ကျားပျံစပါး အမျိုးအစားက ဆန်အချောအုပ်စုထဲမှာပါတဲ့ စပါးအမျိုးအစားဖြစ်ပါတယ်။ အဲဒီစပါးတွေကို ရန်ကုန်ဈေးကွက်က ဝယ်ယူမှုများနေလို့ အရောင်းအဝယ် ကောင်းခဲ့တာ ဖြစ်ပါတယ်။

ကျားပျံစပါး အမျိုးအစားကို ရန်ကုန်ဈေးကွက်က ဖေဖော်ဝါရီလထဲမှာလဲ အများအပြားဝယ်ယူဖို့ ချိတ်ဆက်မှုတွေရှိနေပါတယ်။ အခြားစပါးတွေနဲ့ယှဉ်ရင် ပြီးခဲ့တဲ့ တစ်လအတွင်းမှာကော လတ်တလောအနေနဲ့ပါ ကျားပျံစပါးအမျိုးအစားက အရောင်းအဝယ်ပိုဖြစ်နေပါတယ်"ဟု ကျောင်းကုန်းမြို့နယ်မှ ဆန်စပါးရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်သီရိကပြောပြ၍ သိရသည်။

ကျောင်းကုန်းမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း တင်ပို့ရောင်းချခဲ့သည့် ကျားပျံစပါး အမျိုးအစားတင်းရေ ၁၀၀ လျှင် ငွေကျပ် ၁၉၅၀၀၀၀ ထိပေါက်ဈေးရှိကြောင်း၊ အဆိုပါစပါးများ အရောင်းအဝယ်ကောင်းလာသည့်အတွက်တောင်သူများ၊ ကုန်သည်များ၊ ကုန်တင်ကုန်ချလုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းရရှိလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# တောင်သာမြို့နယ် ပေါက်ကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**တောင်သာ ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ခုနှစ် ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP)စီမံကိန်း ရန်ပုံငွေဖြင့် ရွှေပြည်တော်ကျေးရွာအုပ်စု ပေါက်ကန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းပြီးစီးမှု အခြေအနေများကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြင်းခြံခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမျိုးဝင်း၊ တောင်သာမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမြတ်မျိုးထွန်းနှင့် ဝန်ထမ်းများက ကျေးရွာလမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ ပေါက်ကန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

အဆိုပါကျေးရွာ၌ အရှည် ၅၇၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်း ခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း (VDP) စီမံကိန်းဖြင့် ပေါက်ကန်ကျေးရွာ၌ နိုင်ငံတော်ပံ့ပိုးရန်ပုံငွေကျပ် သိန်း၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၆၁ ဒသမ ၅ သိန်းဖြင့် အဆိုပါဦးစီးဌာနက နည်းပညာပံ့ပိုးကူညီမှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၄ခုနှစ် ဩဂုတ်လဒုတိယပတ်မှစ၍ လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများရာနှုန်းပြည့်ဆောင်ရွက် ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**ဟိန်းထက်စိုး(မလှိုင်)**

# ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံနေကြာ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ဝက်လက် ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာလျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နေကြာ ၄၄၃၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ဧက ၄၄၄၀ စိုက်ပျိုး ပြီးစီးပြီဖြစ်သဖြင့် လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီ ဝက်လက်မြို့နယ်မှာ နေကြာ ၄၄၃၃ ဧက စိုက်ပျိုးဖို့လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၄၄၀ စိုက်ပျိုးပြီးစီးပြီဖြစ်လို့ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ပြည်ပမှတင်သွင်းတဲ့ စားအုန်းဆီကို လျှော့ချနိုင်ဖို့အတွက် ဆီထွက်သီးနှံဖြစ်တဲ့နေကြာကို တိုးချဲ့စိုက်ပျိုးဖို့ ဆောင်ရွက်ပေးနေပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာတစ်ဧက ဆီထွက်ရှိမှုက ကျန်တဲ့မြေပဲ၊ နှမ်းတွေထက်ပိုများပါတယ်။ နေကြာကို မိုးမှာထက်ဆောင်းမှာ အဓိကထားစိုက်ပျိုးကြတာပါ။ နေကြာသီးနှံကို လျာထားဧကထက် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက မစိုက်ပျိုးမီအချိန်ကထဲက အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးခဲ့ပါတယ်"ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် နေကြာတိုးချဲ့စိုက်ပျိုးနိုင်ရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဝန်ထမ်းနှင့် နေကြာစိုက်တောင်သူများ စွမ်းဆောင်ရည်မြင့်မားရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်တင်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက နိုင်ငံတွင်းစားသုံးဆီဖူလုံနိုင်သည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် နေကြာကို ယခုထက်ပိုမိုစိုက်ပျိုးနိုင်ရေး ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ် ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြ၍ သိရသည်။

(၂၀၆)



# မြေဆီလွှာနှင့်မြေဩဇာ (အပိုင်း- ၂၅)

**ပါမောက္ခကိုကိုအောင်**



သစ်စိမ်းမြေဩဇာကိုပြုလုပ်ရန်အတွက် အသုံးပြုကြသည့်အပင်များမှာ ဒေသအလိုက် တစ်နေရာနှင့် တစ်နေရာ မတူညီနိုင်ပေ။ ရိုင်းစပါး၊ မြင်းစားဂျုံနှင့် ဘတ်ပိုဟုခေါ်ဝေါ်ကြသော ရှာရီမန်ပင်များမှာ လူသိများသော အပင်များဖြစ်ကြသည်။ ၎င်းတို့အနက် ရိုင်းစပါးနှင့် မြင်းစားဂျုံတို့မှာ ကြီးထွားမြန်အပင်များဖြစ်ကြသည့်အပြင် ဈေးနှုန်းချိုသာသော မျိုးစေ့များလည်း ဖြစ်သောကြောင့် သစ်စိမ်းမြေဩဇာကုန်ကြမ်းအဖြစ် ပျိုးထောင်စိုက်ပျိုးရန် ပို၍သင့်တော်သည်။ ၎င်းတို့သည် နှစ်မြောင်းကွဲ သီးတောင့်ပင်မျိုးများကဲ့သို့ နိုက်ထရိုဂျင်ဓာတ်ကို ဖမ်းပေးနိုင်ခြင်းမရှိသော်လည်း အော်ဂဲနစ်ဒြပ်များကို တိုးပွားများပြားလာစေသည့်အတွက်အလွန်အဖိုးတန်ပြီး အသုံးဝင်သောအပင်များဖြစ်ကြသည်။

ပဲလွန်းပင်၊ ဘက်(ချ်)ပဲပင်၊ ကလိုဗာပဲပင်၊ ပဲငပိပင်နှင့်စားတော်ပဲပင်တို့သည် သစ်စိမ်းမြေဩဇာပြုလုပ်ရန်အတွက် အသုံးပြုလေ့ရှိသော ပဲမျိုးစိတ်အပင်များဖြစ်ကြပြီး ၎င်းတို့အတွက် လိုအပ်သော ဇက်တီးရီးယားများကို စနစ်တကျထည့်သွင်းပေးပါက မြေဆီလွှာထဲ၌ နိုက်ထရိုဂျင်နှင့်တကွ အော်ဂဲနစ်ပစ္စည်းများ များစွာကြွယ်ဝလာလိမ့်မည်ဖြစ်သည်။ ဤနည်းအားဖြင့် ရရှိလာမည့်နိုက်ထရိုဂျင်ကြောင့် စိုက်ပျိုးရေးလုပ်သားများနှင့် တောင်သူလယ်သမားတို့အဖို့ ပြင်ပမှနိုက်ထရိုဂျင်မြေဩဇာကို ဝယ်ယူဖြည့်စွက်ပေးရန် မလိုအပ်တော့သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းကို စတင်ဆောင်ရွက်စဉ်ကတည်းကပင် အကျိုးအမြတ်ကို ကြိုတင်ရရှိနေစေမည်ဖြစ်သည်။

အပင်စိမ်းများကို ထယ်ထိုးပေးခြင်းသည် မြေဆီလွှာကို တိုက်ရိုက်အားဖြင့်ဖြစ်စေ၊ သွယ်ဝိုက်သောအားဖြင့်ဖြစ်စေ အကျိုးဖြစ်ထွန်းစေသည်။ ထယ်ထိုးပြီးစိုက်ပျိုးပေးသော ကောက်ပဲသီးနှံပင်များ ဖြစ်ထွန်းပေါ်ပေါက် ကြီးထွားဖွံ့ဖြိုးလာခြင်းမှာ တိုက်ရိုက်ရရှိသော အကျိုးကျေးဇူးဖြစ်ပြီး ထိုကဲ့သို့ထယ်ထိုးခြင်းကြောင့် မြေဆီလွှာ၏ရုပ်ပိုင်းနှင့် ဓာတ်ပိုင်းဆိုင်ရာ အခြေအနေများ၊ ဇီဝဆိုင်ရာအခြေအနေများ တိုးတက်လာခြင်းမှာ သွယ်ဝိုက်ရရှိသော အကျိုးကျေးဇူးများဖြစ်ကြသည်။

အပင်များက လေထုထဲမှရရှိသော ကာဗွန်၊ ဟိုက်ဒရိုဂျင်နှင့် အောက်ဆီဂျင်တို့သည် မြေထဲသို့ရောက်ရှိသွားကြကာ မြေဆီလွှာထဲ၌ အော်ဂဲနစ်ဒြပ်များ တိုးပွားလာသည်။ အကယ်၍ ထယ်ထိုးပေးသော အပင်များသည် နှစ်မြောင်းကွဲသီးတောင့်ပင်မျိုးဖြစ်ပြီးအမြစ်ဖုယ်များအတွင်းရှိ သက်ရှိများကလည်း ထကြွမှုရှိနေသေးသည်ဆိုပါက မြေဆီလွှာထဲ၌ နိုက်ထရိုဂျင်၏ပမာဏက တိုးပွားလာလိမ့်မည်ဖြစ်သည်။ အပင်များသည် ၎င်းတို့တွင်ရှိသော တွင်းထွက်ပစ္စည်းများကို မူလက မြေဆီလွှာထံမှရရှိခဲ့ကြသော်လည်း အပင်မှမြေဆီလွှာဆီသို့ ပြန်လည်ရောက်ရှိလာကြသည့်အခါတွင်မူ အဆိုပါတွင်းထွက်ပစ္စည်းများမှာ နောက်ထပ်စိုက်ပျိုးမည့် ကောက်ပဲသီးနှံပင်များက လွယ်လင့်တကူ ထုတ်ယူသုံးစွဲနိုင်သည့် အသင့်အနေအထားမျိုးသို့ ရောက်ရှိသွားသည်။ ကာလကြာသောအခါ အော်ဂဲနစ်ပစ္စည်းများ တိုးပွားများပြားလာသည်နှင့်အမျှ လွယ်လင့်တကူ ထုတ်ယူအသုံးပြုနိုင်သော ၎င်းတွင်းထွက်ပစ္စည်းများ၏ အသုံးဝင်မှုအခန်းကဏ္ဍက ပို၍အရေးပါလာတော့သည်။

စိုက်ပျိုးမြေပေါ်၌ ဖုံးလွှမ်းလျက်ရှိသော သစ်စိမ်းမြေဩဇာများက ရေနှင့်အတူ မျောပါသွားမည့် အရည်ပျော်နိုင်သောအပင်စာများ ဆုံးရှုံးသွားခြင်းမရှိရလေအောင် ကာကွယ်ထိန်းသိမ်းပေးကြသည်။ မြေဖုံးပင်များဟုလည်းခေါ်ဆိုကြသော သစ်စိမ်းမြေဩဇာသည် အထူးသဖြင့် နိုက်ထရိတ်များဆုံးရှုံးပြုန်းတီးသွားခြင်းမရှိအောင်လည်း ထိန်းသိမ်းပေးသည်။ သစ်စိမ်းမြေဩဇာရရှိအောင် ထပ်တိုးပေးလေ့ရှိကြသော အပင်များအနက် ရှည်လျားသောအမြစ်ရှိသည့်အပင်များက အောက်ဘက်ရှိ နက်ရှိုင်းသောနေရာများမှအစာများကို မြေဆီလွှာအပေါ်ယံဆီသို့ ပို့ဆောင်ပေးသည်။

ထို့ပြင် အပင်များက ထပ်မံဖြည့်စွက်ပေးလိုက်သည့် အော်ဂဲနစ်ပစ္စည်းမှာ ဇက်တီးရီးယားတို့၏အစာများဖြစ်လာကြပြီးနောက် အထက်၌ဖော်ပြခဲ့သော ပြောင်းလဲမှုအားလုံးကို ဖြစ်ပေါ်လာစေရန်အတွက် ဇက်တီးရီးယားတို့က လှုံ့ဆော်ပေးကြသည်။ ထိုပြောင်းလဲမှုများကြောင့် ထွက်ပေါ်လာသော ကာဗွန်ဒိုင်အောက်ဆိုက်က အပင်အတွက်လိုအပ်သော အခြားအစာများကိုလည်း အရည်ပျော်သွားစေသည်။ ထိုကဲ့သို့ ဆွေးမြည့်ရာမှရရှိလာသော အော်ဂဲနစ်ပစ္စည်းများက မြေဆီလွှာ၏အရည်စုပ်ယူနိုင်သည့် အစွမ်းသတ္တိကို တိုးပွားစေသည့်အပြင် မြေဆီလွှာထဲသို့ လေကိုဝင်ရောက်စေခြင်း၊ ရေလွှတ်ရေပိုများကို စီးထွက်သွားစေခြင်းနှင့် မြေကိုကြေမွသွားစေခြင်းတို့ကိုပါ ဆင့်ကဲဖြစ်ပေါ်လာစေသည်ဖြစ်ရာ ထိုအခြေအနေအရပ်ရပ်သည် ကောက်ပဲသီးနှံများ စိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုအတွက် အလွန်အရေးကြီးသော အခြေခံလိုအပ်ချက်ကြီးများဖြစ်ကြသည်။

**❖သစ်စိမ်းမြေဩဇာကဲ့သို့ပင် စိုက်ပျိုးရေးလုပ်ငန်းကို ကောင်းစွာအထောက်အကူပြုပေးနိုင်သော နောက်ထပ် သဘာဝမြေဩဇာတစ်မျိုးမှာ လယ်ယာမြေဩဇာဟုခေါ်တွင်သော လယ်ယာလုပ်ငန်းခွင်နှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တိရစ္ဆာန်တို့က စွန့်ထုတ်ပေးသည့် အညစ်အကြေးများဖြစ်ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတိုင်း၌ လိုလို အသုံးပြုနေကြသော အဆိုပါမြေဩဇာ၏အားသာချက်များအနက် ပမာဏများပြားစွာရရှိနိုင်ခြင်းက ထိပ်ဆုံး၌ရှိနေသည်။❖**

သစ်စိမ်းမြေဩဇာကဲ့သို့ပင် စိုက်ပျိုးရေးလုပ်ငန်းကို ကောင်းစွာအထောက်အကူ ပြုပေးနိုင်သော နောက်ထပ် သဘာဝမြေဩဇာတစ်မျိုးမှာ လယ်ယာမြေဩဇာဟုခေါ်တွင်သော လယ်ယာလုပ်ငန်းခွင်နှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ တိရစ္ဆာန်တို့က စွန့်ထုတ်ပေးသည့် အညစ်အကြေးများဖြစ်ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းတိုင်း၌လိုလို အသုံးပြုနေကြသော အဆိုပါမြေဩဇာ၏အားသာချက်များအနက် ပမာဏများပြားစွာရရှိနိုင်ခြင်းက ထိပ်ဆုံး၌ရှိနေသည်။ လုပ်ငန်းခွင်သုံးနွားတစ်ကောင် သို့တည်းမဟုတ် မြင်းတစ်ကောင်မှ တစ်နှစ်တာအတွင်း လယ်ယာမြေဩဇာ ၁၀ တန်မှ ၁၂ တန်ခန့်ထိ ရရှိနိုင်သည်။

အဆိုပါမြေဩဇာတွင် ကောက်ပဲသီးနှံများ၌ ပါရှိသည့် နိုက်ထရိုဂျင် ၈၈ ရာခိုင်နှုန်း၊ တွင်းထွက်ပစ္စည်းက ၉၈ ရာခိုင်နှုန်းနှင့် အော်ဂဲနစ်ပစ္စည်းက ၅၀ ရာခိုင်နှုန်း ပါဝင်လျက်ရှိသည်။ တစ်နည်းဆိုရသော် စိုက်ပျိုးမြေထဲမှအပင်များက ထုတ်ယူသုံးစွဲသော ပစ္စည်းများအနက်သုံးမျိုးကို ၎င်းမြေဩဇာထဲ၌ တွေ့ရှိရသည်။ ထို့ပြင် အဆိုပါပစ္စည်းများသည် မြေဆီလွှာအဖြစ်သို့ လွယ်လင့်တကူ ပြောင်းလဲသွားနိုင်သည့် အခြေအနေ၌လည်း ရှိနေကြသည်။

စိုက်ပျိုးရေးလုပ်ငန်းကို လုပ်ကိုင်ကြသူအများစုတို့မှာ မိမိတို့စိုက်ပျိုးထုတ်လုပ်သော ကောက်ပဲသီးနှံများက စုပ်ယူသုံးစွဲခဲ့ကြသော ပစ္စည်းများကိုပြန်လည်ဖြည့်တင်းပေးခြင်းမရှိကြသည့်အတွက် တဖြည်းဖြည်းနှင့်မြေဩဇာညှိုးဖျင်းသော အခြေအနေသို့ဆိုက်ရောက်သွားလေ့ရှိသည်။ လယ်ယာမြေဩဇာကို အသုံးပြုခြင်းအားဖြင့် မြေဆီလွှာထဲ၌ရှိနေသော မြေဩဇာများ အလဟဿဆုံးရှုံးပြီး ကုန်ခန်းသွားခြင်းမရှိရလေအောင် ထိန်းသိမ်းထားနိုင်သည့်အပြင် မြေဆီလွှာအတွင်း၌ အလုပ်လုပ်လျက်ရှိသော သဘာဝအင်အားစုများ၏စွမ်းပကားကိုလည်း ကြီးမားလာစေလိမ့်မည်ဖြစ်ပေသည်။

## ဟင်္သာတမြို့နယ်တွင် ထောပတ်ပဲနီများ အရောင်းအဝယ်ကောင်းမွန်နေ

**ဟင်္သာတ ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် ဟင်္သာတမြို့နယ်တွင် ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်ယူအားကောင်းလာမှုကြောင့် အရောင်းအဝယ်ကောင်းမွန်နေကြောင်း ဟင်္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေထံမှ သိရသည်။

ဟင်္သာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေး ဈေးကွက်တွင် ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်ပြီး ယနေ့ထိ ထောပတ်ပဲနီ (အပြားကြီး)များ ဝယ်ယူအားကောင်းနေပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း၊ အဆိုပါ ထောပတ်ပဲနီ(အပြားကြီး) တစ်ရက်လျှင် ပြည်ရေ ၅၅၀၀ မှ ၇၅၀၀ ထိ အရောင်းအဝယ်ဖြစ်နေကြောင်း၊ ထိုသို့ ထောပတ်ပဲနီ(အပြားကြီး)များ ဝယ်လိုအားကောင်းပြီး အရောင်းအဝယ် ကောင်းလာခြင်းသည် ပြည်တွင်း ဈေးကွက်တွင်အဝယ်လိုက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ဒေသဈေးကွက်မှာ အခြားပဲတွေထက် ထောပတ်ပဲနီ ဝယ်လိုအားကောင်းလာပါတယ်။ ပြည်တွင်းဈေးကွက်က ထောပတ်ပဲနီတွေ အဝယ်လိုက်နေပြီး အရောင်းသွက်လာတာ ဖြစ်ပါတယ်။ ပြည်ပပဲဈေးကွက်ကို ပြန်တင်ပို့နေလို့ အခုလို ဝယ်လိုအားကောင်းလာတာလို့ ရန်ကုန်ဘက်က ကုန်သည်တွေဆီကနေ သိရပါတယ်။ အခုလ ပထမပတ်လောက်ကနေစပြီး အဝယ်လိုက်လာတာတာပါ။ အခုရက်ပိုင်းအတွင်း ထောပတ်ပဲနီက ဈေးပါနည်းနည်းထပ်တက်လာပါတယ်။ လက်ရှိ ထောပတ်ပဲကို စိုက်ပျိုးသူတွေနဲ့ ပဲသိုလှောင်ထားတဲ့ ကုန်သည်တွေ ရောင်းအားကောင်းနေတဲ့ အခြေအနေမှာ ရှိနေပါတယ်။ ထောပတ်ပဲနီက လာမဲ့ ပဲပေါ်တဲ့ရာသီထိ အရောင်းအဝယ်က ဆက်ကောင်းနေဖို့ပဲရှိတယ်"ဟု ဟင်္သာတမြို့နယ် ပဲအမျိုးမျိုးရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ယုဝေက ပြောပြသည်။



ဟင်္သာတမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးဈေးကွက်တွင် အရောင်းအဝယ်ကောင်းနေသည့် ထောပတ်ပဲနီ တစ်ပြည်လျှင် ငွေကျပ် ၉၇၀၀ ထိ ပေါက်ဈေးရှိနေကြောင်း၊ အဆိုပါ ထောပတ်ပဲနီများ ဝယ်လိုအား ကောင်းလာခြင်းကြောင့် ပဲသိုလှောင်ထားသည့် လုပ်ငန်းရှင်များ၊ ကုန်သည်များ၊ ကုန်တင်ယာဉ်အငှားလိုက်သူများ၊ ကုန်ထမ်းလုပ်သားများ အဆင်ပြေလျက်ရှိကြောင်း ဒေါ်ယုဝေက ဆက်လက်ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**“လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အခမ့်ဝင်ရောက်နေထိုင်နေသည့်မြို့ရွာများ၌ တပ်မတော်၏တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကိုလုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါလက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အခမ့်ဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့ရွာများရှိပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။”**

( ၃-၉-၂၀၂၄ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအားပြောကြားသည့် အမှာစကားမှကောက်နုတ်ချက် )

## မြောင်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကုလားပဲသီးနှံ ၇၆၆၂ ဧကထိ စိုက်ပျိုးပြီးစီး



**စစ်ကိုင်း ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြောင်မြို့နယ်တွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ကုလားပဲ ၇၆၆၂ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခု ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြောင်မြို့နယ်တွင် ကုလားပဲသီးနှံ ၇၉၁၈ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၇၆၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီဆောင်းသီးနှံစိုက်ပျိုးရာသီမှာ မြောင်မြို့နယ်မှာ ကုလားပဲသီးနှံ ၇၉၁၈ ဧက စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ၇၆၆၂ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားကေပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ကုလားပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက်တစ်နှစ် ပိုတိုးတက်လာပါတယ်။ ပဲသီးနှံအထွက်နှုန်းနဲ့ အရည်အသွေး ကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

မြောင်မြို့နယ်၌ ကုလားပဲ စိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ရေဆင်း (၈) နှင့် ရေဆင်း (၁၁) မျိုးများကို ရွေးချယ်စိုက်ပျိုးကြကြောင်းနှင့် ကုလားပဲတစ်ဧကစိုက်ပျိုးပါက ငွေကျပ် သုံးသိန်းကျော် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပဲမျိုးစုံစိုက်ပျိုးရာတွင် ထရိုင်ကိုဒါးမား အကျိုးပြုမှိုများ ထည့်သွင်းသုံးစွဲစေရေး စည်းရုံးပညာပေးခြင်းလုပ်ငန်းများကို အကျိုးဆောင်တောင်သူများကို ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပဲသီးနှံများကို အထွက်နှုန်းကောင်းမွန်အောင်စိုက်ပျိုးနိုင်ပါက ပြည်တွင်း စားသုံးမှုဖူလုံနိုင်မည့်အပြင် ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်မည်ဖြစ်ရာ တိုးချဲ့စိုက်ပျိုးနိုင်ရေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ဆက်လက်ပြောပြ၍ သိရသည်။ (၂၀၆)

## စလင်းမြို့နယ် ပုလဲကုန်းကျေးရွာ၌ VRFP စီမံကိန်း လုပ်ငန်းဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

**စလင်း ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပေါက်ရင်းကုန်းကျေးရွာအုပ်စု ပုလဲကုန်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP)ဖြင့် စီမံကိန်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းတွင် တာဝန်ရှိသူများက ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမောင်မောင်သွင်က ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း ကော်မတီဝင်များနှင့်အတူ စီမံကိန်းချေးငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများ၊ လစဉ်ဖြည့်သွင်းရမည့် စာရင်းဇယားများ ရေးသွင်းထားရှိမှုရှိ၊ မရှိ၊ မှာကြားချက်များအပေါ် လိုက်နာဆောင်ရွက်မှုအခြေအနေများကို စစ်ဆေးပြီး လိုအပ်သည်များကို ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါပုလဲကုန်းကျေးရွာတွင် ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ငွေကျပ်သိန်း ၃၀၀ ဖြင့် စတင်ဆောင်ရွက်ခဲ့ပြီး ယခု စတုတ္ထနှစ်စက်ဝန်းတွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်ကြသော အသင်းသား၊ အသင်းသူ ဦးရေ ၁၂၀ အတွက် ငွေကျပ် ၃၂ ဒသမ ၇ သန်း ထုတ်ချေးပေးထားပြီး စီမံကိန်းရန်ပုံငွေများဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း စလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှသိရသည်။**သန်းသန်းစိုး**

## နှောင်းဟေမန်တွင်

- ဆောင်းနှောင်းနှင်းကွင်း
  ငွေလွှာခင်း
  မယွင်းဖြာဝေစီ။

- လက်ပံပေါက်လဲ
  ကျေးငှက်ဝဲ
  ရဲရဲပင်လုံးနီ။

- ညှော်ငှက်ဆောင်းခို
  ချိုတေးဆို
  မဖိုငယ်သွေးချီ။

- နွေကြိုဥဩ
  ရောက်ချိန်စော
  လွမ်းမော တေးကိုသီ။

- ကောက်သင်းကောက်ဖော်
  တူပျော်ပျော်
  ရည်မျှော်လယ်ကွင်းဆီ။

- စပါးလှေ့ဆဲ
  ပဲသိမ်းမြဲ
  မလွဲလုပ်ငန်းတည်။

- ကောက်ညင်းဆန်ပေါင်း
  နှမ်းလှော်ထောင်း
  ဆီလောင်းဆားသင့်ညီ။

- လုပ်ငန်းခွင်နား
  လက်ဆုံစား
  မခြားဆွေသားပီ။

- နှောင်းစဟေမန်
  မြူမင်းထန်
  လေပြန်လောင်းခဲ့ပြီ။

**မန်းတင့်မော်**

## နိုင်ငံတကာ သတင်းများ

# ၂၀၂၄ ခုနှစ်အတွင်း မာလီနိုင်ငံ၏ ရွှေထုတ်လုပ်မှုနှုန်း ကျဆင်း

ဘာမာကို ဖေဖော်ဝါရီ ၁၀

မာလီနိုင်ငံ၏ ရွှေထုတ်လုပ်မှုနှုန်းသည် ၂၀၂၄ ခုနှစ်အတွင်း ကျဆင်းခဲ့ကြောင်း မာလီသတ္တုတွင်းဝန်ကြီးဌာနက ဖေဖော်ဝါရီ ၉ ရက်တွင် သတင်းထုတ်ပြန်ထားသည်။

မာလီ သတ္တုတွင်းဝန်ကြီးဌာန အစီရင်ခံစာအရ မာလီနိုင်ငံ၏ ၂၀၂၄ ခုနှစ် ရွှေထုတ်လုပ်မှုနှုန်းမှာ ၂၀၂၃ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၂၃ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး မက်ထရစ်တန်ချိန် ၅၁ တန်ထိသာရှိခဲ့သည်။

၂၀၂၃ ခုနှစ်အတွင်း မာလီနိုင်ငံသည် ရွှေပမာဏ ၆၆ ဒသမ ၅တန်ထိ ထုတ်လုပ်ခဲ့ကြောင်း မာလီသတ္တုတွင်းဝန်ကြီးဌာနအစီရင်ခံစာ၌ ဖော်ပြထားသည်။

မာလီနိုင်ငံသည် ရွှေသတ္တုအများဆုံးထုတ်လုပ်နေသော အာဖရိကနိုင်ငံများထဲတွင် ပါဝင်သည်။

သို့ရာတွင် မာလီနိုင်ငံ၏ သတ္တုတူးဖော်ရေးလုပ်ငန်း စည်းမျဉ်းသစ်များတွင် အခွန်အကောက်များ မြှင့်တင်ထားပြီး ရွှေတူးဖော်ရေးလုပ်ငန်း အစုရှယ်ယာများအား နိုင်ငံတော်က ပိုမိုရယူခွင့်ရှိထားသည်။

သို့ဖြစ်ရာ မာလီနိုင်ငံ ရွှေတူးဖော်ရေးလုပ်ငန်းများ၌ ပါဝင်ရင်းနှီးမြှုပ်နှံရေးမှာ စီးပွားရေးအရ တွက်ခြေမကိုက် ဖြစ်လာနိုင်ကြောင်း လေ့လာသူများက သုံးသပ်ထားသည်။

Ref : Xinhua

Trs : KKO



# ဆိုးလ်တရားရုံးကို စီးနင်းဖျက်ဆီးခဲ့သူ ၆၃ ဦးကို တောင်ကိုရီးယားအစိုးရရှေ့နေများ တရားစွဲဆို

ဆိုးလ် ဖေဖော်ဝါရီ ၁၀

လွှတ်တော်၏ ပြစ်တင်စွပ်စွဲမှု ခံထားရသော သမ္မတ ယွန်ဆွတ်ယိုးအား ဖမ်းဆီးထိန်းသိမ်းမှုကို ကန့်ကွက်သည့်အနေဖြင့် ဆိုးလ်မြို့ တရားရုံးတစ်ရုံးကို စီးနင်းဖျက်ဆီးမှုဖြင့် လူပေါင်း ၆၃ ဦးကို တောင်ကိုရီးယားအစိုးရ ရှေ့နေများက ယနေ့တွင် တရားစွဲဆိုခဲ့ကြောင်း သိရသည်။

အကယ်၍ ပြစ်မှုထင်ရှားတွေ့ရှိခဲ့ရပါက တရားစွဲဆိုခံထားရသူများအနက် အချို့မှာ ထောင်ဒဏ်ခုနစ်နှစ်ထိ ကျခံရဖွယ်ရှိသည်။

သမ္မတ ယွန်ဆွတ်ယိုး ထိန်းသိမ်းခံထားရမှုကို မကျေမနပ်ဖြစ်နေသည့် ယွန်ဆွတ်ယိုးထောက်ခံသူများက ယခုနှစ် ဇန်နဝါရီ ၁၉ ရက်တွင် ဆိုးလ်အနောက်ပိုင်းခရိုင်တရားရုံးကို ဝင်ရောက်စီးနင်းဖျက်ဆီးခဲ့ကြသည်။

လက်ရှိအချိန်တွင် တရားရုံးစီးနင်းဖျက်ဆီး ခံရမှုအတွက် လူပေါင်း ၆၃ ဦးကို တာဝန်ဝတ္တရားနှောင့်ယှက်မှု၊ နိုင်ငံပိုင်ပစ္စည်းဖျက်ဆီးမှု၊ မီးရှို့ရန်၊ တိုက်ခိုက်ရန် ကြိုးပမ်းမှုစွဲချက်များဖြင့် တရားစွဲဆိုထားသည်။

တောင်ကိုရီးယား သမ္မတ ယွန်ဆွတ်ယိုးကို စစ်အုပ်ချုပ်ရေး ဥပဒေကြေညာပြဋ္ဌာန်းရန် ကြိုးပမ်းမှုဖြင့် တောင်ကိုရီးယားအမျိုးသားလွှတ်တော်က ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလတွင် စွပ်စွဲပြစ်တင်မှုပြုလုပ်ခဲ့ပြီး သမ္မတအာဏာများ ရုပ်သိမ်းထားကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# မဟာမျိုးချစ်စစ်ပွဲပြီးဆုံးမှုအခမ်းအနား တက်ရောက်ရေး ရုရှားအစိုးရဖိတ်ကြားချက် တရုတ်သမ္မတလက်ခံ



မော်စကို ဖေဖော်ဝါရီ ၁၀

မဟာမျိုးချစ်စစ်ပွဲ ပြီးဆုံးမှု နှစ်၈၀ပြည့် အထိမ်းအမှတ် အခမ်းအနား တက်ရောက်ရေးအတွက် ရုရှားအစိုးရ၏ ဖိတ်ကြားချက်ကို တရုတ်သမ္မတရှီကျင့်ဖျင်က လက်ခံထားကြောင်း ရုရှားမီဒီယာများက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

ရုရှားနိုင်ငံသည် ဒုတိယ ကမ္ဘာစစ်ကာလအတွင်း ဂျာမနီနာဇီတပ်များအပေါ် အောင်ပွဲဆင်နိုင်မှု အထိမ်းအမှတ်အဖြစ် နှစ်စဉ် မေ ၉ ရက်တွင် မဟာမျိုးချစ်စစ်ပွဲကြီး ပြီးဆုံးမှုအထိမ်းအမှတ် အခမ်းအနားများကို မော်စကိုမြို့၌ ကျင်းပလေ့ရှိသည်။

ယခုနှစ် မေ ၉ ရက်တွင် ကျင်းပမည့် မဟာမျိုးချစ်စစ်ပွဲကြီး ပြီးဆုံးမှု အထိမ်းအမှတ်အခမ်းအနားများ၌ ပါဝင်တက်ရောက်ရန် ရုရှားအစိုးရ၏ဖိတ်ကြားချက်ကို တရုတ်သမ္မတ ရှီကျင့်ဖျင်က လက်ခံထားကြောင်း တရုတ်နိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီးက ရုရှားမီဒီယာများသို့ ထုတ်ဖော်ပြောကြားထားသည်။

ရုရှားနိုင်ငံသည် ယခုနှစ် မဟာမျိုးချစ်စစ်ပွဲပြီးဆုံးမှု နှစ် ၈၀ ပြည့်အခမ်းအနားတက်ရောက်ရန် ကမ္ဘာ့နိုင်ငံအများအပြားကိုလည်း ဖိတ်ကြားထားပြီး ဖြစ်ကြောင်း သိရသည်။

ဒုတိယကမ္ဘာစစ်အတွင်း ဆိုဗီယက်နိုင်ငံအနေဖြင့် လူပေါင်း ၂၇ သန်းဆုံးရှုံးခဲ့ရသော်လည်း နာဇီတပ်များကို ဘာလင်မြို့ထိ တိုက်ထုတ်ခဲ့ပြီး ၁၉၄၅ ခုနှစ် မေ ၂ ရက်တွင် ဂျာမန်ရိုက်ချ်စတက်လွှတ်တော်၌ ဆိုဗီယက်အလံကို လွှင့်တင်နိုင်ခဲ့သည်။

ဂျာမန်တပ်များ အနေဖြင့် ၁၉၄၅ ခုနှစ် မေ ၈ ရက်တွင် ခြွင်းချက်မရှိလက်နက်ချခဲ့ခြင်းဖြစ်သော်လည်း ဆိုဗီယက်ပြည်ထောင်စုကမူ မေ ၉ ရက်တွင် မဟာမျိုးချစ်စစ်ပွဲပြီးဆုံးမှုအခမ်းအနားကို နှစ်စဉ်ကျင်းပခဲ့ကြောင်း သိရသည်။

Ref : RT

Trs : KKO

# ပြည်ပသံမဏိနှင့် အလူမီနီယံများကို အမေရိကန်သမ္မတ ဒေါ်နယ်ထရန့် အခွန်စည်းကြပ်မည်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

အမေရိကန်နိုင်ငံသို့တင်ပို့မည့် သံမဏိနှင့် အလူမီနီယံပို့ကုန်များကိုအခွန်စည်းကြပ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က စီစဉ်ထားကြောင်းဖေဖော်ဝါရီ၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

အမေရိကန်နိုင်ငံသို့ တင်ပို့မည့် အလူမီနီယံနှင့် သံမဏိပို့ကုန်များအပေါ် ၂၅ ရာခိုင်နှုန်း အခွန်စည်းကြပ်မည့်အစီအစဉ်ကို ဖေဖော်ဝါရီ ၁၀ ရက်တွင် ကြေညာမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ဖေဖော်ဝါရီ ၉ ရက်တွင် သတင်းထောက်များနှင့် တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

မိမိကြေညာမည့် ကြေညာချက်တွင် အမေရိကန်နိုင်ငံသို့ တင်ပို့မည့် သံမဏိနှင့် အလူမီနီယံ ပို့ကုန်မှန်သမျှ အကျုံးဝင်မည်ဖြစ်ကြောင်း သမ္မတဒေါ်နယ်ထရန့်က အတည်ပြုခဲ့သည်။

အမေရိကန်နိုင်ငံသို့ သံမဏိနှင့်အလူမီနီယံ သတ္တုများ အများဆုံးတင်ပို့နေသောနိုင်ငံမှာ ကနေဒါနိုင်ငံဖြစ်သည်။

ဘရာဇီး၊မက္ကဆီကိုနှင့် တောင်ကိုရီးယားနိုင်ငံ တို့သည်လည်း အမေရိကန်နိုင်ငံသို့ သံမဏိအဓိကဖြည့်ဆည်းပေးနေသော နိုင်ငံများဖြစ်သည်။

အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်သည် ၂၀၁၇ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်ကြားကာလအတွင်း အမေရိကန်သမ္မတရာထူးရယူထားချိန်ကလည်း အမေရိကန်နိုင်ငံသို့ တင်ပို့သည့် သံမဏိနှင့် အလူမီနီယံများကို အခွန်စည်းကြပ်ခဲ့ဖူးကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

# ဘောလ်တစ်ဒေသသုံးနိုင်ငံနှင့် ရုရှားတို့ကြား မဟာဓာတ်အားလိုင်းချိတ်ဆက်မှု တရားဝင်ဖြတ်တောက်

မော်စကို ဖေဖော်ဝါရီ ၁၀

ဘောလ်တစ်ဒေသ နိုင်ငံများဖြစ်ကြသည့် အက်စတိုးနီးယား၊ လက်ဗီးယား၊ လစ်သူယေးနီးယားနိုင်ငံတို့နှင့် ရုရှားနိုင်ငံတို့ကြား လျှပ်စစ်ဓာတ်အား စီးဆင်းမှုမှာ ဖေဖော်ဝါရီ ၈ ရက်တွင် တရားဝင်ဖြတ်တောက်ခဲ့ပြီဖြစ်သည်။

အဆိုပါ ဘောလ်တစ်ဒေသနိုင်ငံ သုံးနိုင်ငံတို့သည် ၎င်းတို့၏ လျှပ်စစ်ဓာတ်အား ဖြန့်ဝေရေးစနစ်ကို ရုရှားနိုင်ငံ၏ မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ထားမှုကို ဖေဖော်ဝါရီ ၈ ရက် နံနက်ပိုင်းတွင် စတင်ဖြတ်တောက်ခဲ့သည်။

ရုရှား မဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ထားမှုကို ဖြတ်တောက်ခဲ့ပြီးနောက် အက်စတိုးနီးယား၊ လက်ဗီးယားနှင့် လစ်သူယေးနီးယားနိုင်ငံတို့သည် ဥရောပသမဂ္ဂ၏ မဟာဓာတ်အားလိုင်းစနစ်နှင့် စတင်ချိတ်ဆက်ခဲ့ကြသည်။




အဆိုပါ ဘောလ်တစ်ဒေသနိုင်ငံ သုံးနိုင်ငံတို့သည် ဆိုဗီယက်ပြည်ထောင်စု ပြိုကွဲခဲ့ပြီးနောက်ပိုင်း ရုရှား၏မဟာဓာတ်အားလိုင်းနှင့် နှစ်ပေါင်း ၃၀ကျော် ချိတ်ဆက်ထားခဲ့ကြသော နိုင်ငံများဖြစ်ကြသည်။

သို့ရာတွင် ယူကရိန်းစစ်ပွဲ စတင်ဖြစ်ပွားခဲ့ပြီးနောက် ရုရှားနိုင်ငံနှင့် အဆိုပါဘောလ်တစ်ဒေသနိုင်ငံများဆက်ဆံရေးတင်းမာလာခဲ့ရသည်။

ရုရှားမဟာဓာတ်အားလိုင်းနှင့် ချိတ်ဆက်မှုဖြတ်တောက်ခဲ့ပြီး ၂၄ နာရီအကြာတွင် သီးခြားဘောလ်တစ်ဓာတ်အားလိုင်းစနစ် စတင်လည်ပတ်ခဲ့ပြီး ဖေဖော်ဝါရီ ၉ရက်တွင်ဥရောပသမဂ္ဂမဟာဓာတ်အားလိုင်းစနစ်နှင့် ချိတ်ဆက်ခဲ့ကြောင်း အက်စတိုးနီးယားတာဝန်ရှိသူများက ပြောကြားခဲ့သည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ခရိုအေးရှားနိုင်ငံ၏ ပထမဆုံးဂြိုဟ်တုက မြေပြင်ရှိ ခရိုအေးရှားနိုင်ငံကို ဓာတ်ပုံများရိုက်ကူး၍ ပြန်လည်ပေးပို့ခဲ့



ဇာဂရက် ဖေဖော်ဝါရီ ၁၀

ခရိုအေးရှားနိုင်ငံ၏ ပထမဆုံး ဂြိုဟ်တုသည် မြေပြင်ရှိ ခရိုအေးရှားနိုင်ငံကို ဓာတ်ပုံများရိုက်ကူး၍ ပြန်လည်ပေးပို့ခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

Crocube ဂြိုဟ်တုဟူ၍အမည် ပေးထားသည့် အဆိုပါဂြိုဟ်တုသည် အရွယ်အစားအားဖြင့် ၃ ဒသမ ၃ လက်မ ပတ်ပတ်လည်သာ ရှိသော ကျူဆက်ဂြိုဟ်တုငယ် တစ်စင်းဖြစ်သည်။

ခရိုအေးရှားနိုင်ငံသည် Crocube ဂြိုဟ်တုကို ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလအတွင်း အမေရိကန်နိုင်ငံအခြေစိုက် Space-X ကုမ္ပဏီက လွှတ်တင်ခဲ့သည့် Bandwagon-2 မစ်ရှင်တွင် ထည့်သွင်းလွှတ်တင်ခဲ့ခြင်းဖြစ်သည်။

Crocube ဂြိုဟ်တုက ရိုက်ကူးခဲ့သောဓာတ်ပုံများတွင် မိုးတိမ်များဖုံးနေသော ခရိုအေးရှားနိုင်ငံနေရာကို တွေ့နိုင်ကြောင်း Crocube မစ်ရှင် တာဝန်ရှိသူများက ပြောကြားသည်။

Crocube ဂြိုဟ်တုသည် ခရိုအေးရှားနိုင်ငံ၏ ဓာတ်ပုံများကို လွှတ်တင်ပြီး တစ်လကျော်အကြာ ဇန်နဝါရီ ၂၈ ရက်တွင် ရိုက်ကူးခဲ့ခြင်းဖြစ်သည်။

မြေပြင်ပေါ်ရှိ အာကာသစူးစမ်းလေ့လာရေး ဝါသနာရှင်များ အနေဖြင့် Crocube ဂြိုဟ်တုမှ အချက်အလက်များနှင့် ဓာတ်ပုံများကို မိုဘိုင်းအက်ပလီကေးရှင်းများဖြင့် ရယူနိုင်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO

## Vast Space ကုမ္ပဏီက ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကအာကာသစခန်းအတွက် ယာဉ်ဖွဲ့စည်းတည်ဆောက်ပုံအရည်အသွေးစမ်းသပ်မှုကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

အမေရိကန်နိုင်ငံ အခြေစိုက် Vast Space ကုမ္ပဏီသည် ကမ္ဘာ့ပထမဆုံး ပုဂ္ဂလိကအာကာသစခန်းအတွက် ယာဉ်ဖွဲ့စည်း တည်ဆောက်ပုံ အရည်အသွေး စမ်းသပ်မှုကို အပြီးသတ်လုပ်ဆောင်နိုင်ခဲ့ကြောင်း ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ယာဉ်ဖွဲ့စည်း တည်ဆောက်ပုံ အရည်အသွေး စမ်းသပ်မှုကို အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့ပြီးနောက် Vast Space ကုမ္ပဏီအနေဖြင့် Haven-1 ဟူ၍ အမည်ပေးထားသော ပုဂ္ဂလိကအာကာသစခန်း၏ ပထမဆုံးပင်မကိုယ်ထည်ကို လွှတ်တင်ရေးအတွက် လမ်းစပွင့်ခဲ့ပြီဖြစ်သည်။

Vast Space ကုမ္ပဏီသည် Haven-1 ပုဂ္ဂလိက အာကာသစခန်း ပင်မကိုယ်ထည်ကို ၂၀၂၆ ခုနှစ် မေလတွင် လွှတ်တင်ရန်စီစဉ်ထားကြောင်း သိရသည်။



Haven-1 ပုဂ္ဂလိကအာကာသစခန်းကို တည်ဆောက်ရာတွင် Vast Space ကုမ္ပဏီသည် Space-X ကုမ္ပဏီ၏ ဖယ်လ်ကွန်-၉ ဒုံးပျံများကို အသုံးပြုမည်ဖြစ်သည်။

နိုင်ငံတကာ အာကာသစခန်း၏ မစ်ရှင်သက်တမ်း ကုန်ဆုံးတော့မည့်အချိန်တွင် နော့သ်ရော့ဂရူးမင်းကုမ္ပဏီအပါအဝင် အခြားအမေရိကန် အာကာသနည်းပညာကုမ္ပဏီများကလည်း ပုဂ္ဂလိကအာကာသစခန်းများကို ကမ္ဘာ့ပတ်လမ်းအနိမ့်ပိုင်းတွင် တည်ဆောက်ရန် စဉ်းစားလျက်ရှိကြောင်း သိရသည်။

နိုင်ငံတကာ အာကာသစခန်းသည် ၂၀၃၀ ပြည့်နှစ်တွင် မစ်ရှင်သက်တမ်း ကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ပင်မဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဂြိုဟ်သိမ်နှစ်စင်းက နေအဖွဲ့အစည်း စတင်ပေါ်ထွက်ချိန်တွင် ဖျက်ဆီးခံခဲ့ရသည့် ဂြိုဟ်ငယ်နှစ်စင်း၏ အစိတ်အပိုင်းများဖြစ်နိုင်

ဝါရှင်တန် ဖေဖော်ဝါရီ ၁၀

အင်္ဂါဂြိုဟ်နှင့် ကြာသပတေးဂြိုဟ်ကြား ပင်မဂြိုဟ်သိမ်ခါးပတ်ကွင်းနယ်မြေအတွင်းရှိ ဂြိုဟ်သိမ်နှစ်စင်းသည် နေအဖွဲ့အစည်းစတင်ပေါ်ထွက်ချိန်တွင် ဖျက်ဆီးခံခဲ့ရသည့် ဂြိုဟ်ငယ်နှစ်စင်း၏ အစိတ်အပိုင်းများဖြစ်နိုင်ကြောင်း ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

နေအဖွဲ့အစည်း စတင်ပေါ်ထွက်ချိန်တွင် ဂြိုဟ်များအဖြစ်သို့ မရောက်သေးသော ဖွဲ့စည်းဖြစ်ပေါ်ဆဲ ဂြိုဟ်ငယ်အများအပြားရှိခဲ့ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

အဆိုပါ ဖွဲ့စည်းဖြစ်ပေါ်ဆဲ ဂြိုဟ်ငယ်များမှာ နောက်ပိုင်းတွင် ပျက်စီးပျောက်ကွယ်ခဲ့ပြီဖြစ်သော်လည်း အကြွင်းအကျန်အစိတ်အပိုင်းများကို နေအဖွဲ့အစည်းအတွင်း ချန်ထားရစ်ခဲ့နိုင်ကြောင်း သိရသည်။

အမေရိကန် သိပ္ပံပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ပင်မဂြိုဟ်သိမ်ခါးပတ်ကွင်း နယ်မြေအတွင်းရှိ Asporina နှင့် Lew Allen အမည်ရှိ ဂြိုဟ်သိမ်နှစ်စင်းမှာ နေအဖွဲ့အစည်း ခေတ်ဦးဂြိုဟ်ငယ်များ၏ အကြွင်းအကျန်များ ဖြစ်နိုင်ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်သိမ်နှစ်စင်း၏ ဓာတုဖွဲ့စည်းပုံသည် နေအဖွဲ့အစည်းခေတ်ဦးမှ ပျောက်ဆုံးသွားသော ဂြိုဟ်ငယ်များ၏ ဓာတုဖွဲ့စည်းပုံနှင့် တူညီနေကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

Asporina နှင့် Lew Allen ဂြိုဟ်သိမ်နှစ်စင်း၏ ဓာတုဖွဲ့စည်းပုံအရ အဆိုပါဂြိုဟ်သိမ်များသည် နေအဖွဲ့အစည်း စတင်ပေါ်ထွက်ချိန်ကပင် နေအဖွဲ့အစည်းအတွင်းပိုင်း၌ စတင်ပေါ်ထွက်လာခဲ့သော ဂြိုဟ်သိမ်ဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားသည်။

Ref : Xinhua News
Trs : KKO

# HEALTH

## သက်ကြီးပိုင်းများ၌ ကိုယ်အလေးချိန်ကျဆင်းလာမှုက Dementia ဖြစ်နိုင်မှု၏ရှေ့ပြေးလက္ခဏာဖြစ်နိုင်

ကင်ဘာရာ ဖေဖော်ဝါရီ ၁၀

သက်ကြီးပိုင်းများ၌ ကိုယ်အလေးချိန် ကျဆင်းလာမှုသည် နောင် ၁၀ နှစ်ကျော်အကြာတွင် ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်လာနိုင်မှု၏ ရှေ့ပြေးလက္ခဏာ ဖြစ်နိုင်ကြောင်း ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ဩစတြေးလျနိုင်ငံ မိုးနက်ရှ်တက္ကသိုလ်မှ သုတေသနပညာရှင်များသည် သက်ကြီးပိုင်းဦးရေ ၅၄၀၀ ကျော်၏ ကျန်းမာရေးအခြေအနေများကို ၁၁ နှစ်ကြာ လေ့လာစောင့်ကြည့်ခဲ့ကြသည်။

လေ့လာချက်မှ ပေါ်ထွက်လာသည့်ရလဒ်များအရ စမ်းသပ်မှုတွင်ပါဝင်သူများအနက် Dementia ရောဂါဖြစ်ပွားလာသူများသည် ရောဂါမပေါ်မီ ခုနစ်နှစ်အလိုခန့်ကပင် ကိုယ်အလေးချိန်များ ကျဆင်းခဲ့သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ သက်ကြီးပိုင်းများ၌ ကိုယ်အလေးချိန် လျှော့ချခြင်းမရှိဘဲ ကိုယ်အလေးချိန် ကျဆင်းသွားမှုသည် Dementia ရောဂါ၏ရှေ့ပြေးလက္ခဏာဖြစ်နိုင်သည်ဟု သုတေသနပညာရှင်များက သုံးသပ်ထားကြောင်း သိရသည်။

Dementia ရောဂါ ဖြစ်ပွားတော့မည့် သက်ကြီးပိုင်းများတွင် ရောဂါလက္ခဏာများ မပေါ်မီမှာပင် အရသာအာရုံနှင့် ကိုယ်ခန္ဓာ၏ အစာခြေဖျက်မှု မြန်နှုန်းတို့ကို ထိန်းချုပ်ပေးထားသည့် ဦးနှောက်နယ်မြေများ ပြောင်းလဲသွားဖွယ်ရှိသည်ဟု သုတေသနပညာရှင်များက ယုံကြည်ထားကြောင်း သိရသည်။

Ref : Sputnik News
Trs : KKO

## ဦးနှောက်သွေးယိုမှုကြောင့် လေဖြတ်ထားသူများကို သွေးစစ်နည်းတစ်မျိုးဖြင့် ကုထုံးရွေးချယ်ပေးနိုင်

ဘာလင် ဖေဖော်ဝါရီ ၁၀

အချိန်ယူရန် မလိုအပ်သည့် သွေးစစ်နည်းတစ်မျိုးဖြင့် ဦးနှောက်သွေးယိုမှုကြောင့် လေဖြတ်ထားသူများကို မြန်မြန်ဆန်ဆန်ကုထုံး ရွေးချယ်ပေးနိုင်ကြောင်း ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

ဦးနှောက်သွေးယိုမှုကြောင့် လေဖြတ်ထားသူများသည် သွေးကြောပိတ်ဆို့မှုကြောင့် လေဖြတ်ထားသူများနှင့်နှိုင်းယှဉ်ပါက သွေးအတွင်း GFAP ခေါ် ဦးနှောက်ပရိုတင်းတစ်မျိုး ပါဝင်မှုအဆင့်မှာ ပုံမှန်ထက် ခုနစ်ဆမြင့်မားကြောင်း ဂျာမနီ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

သို့ဖြစ်ရာ သွေးအတွင်း GFAP ပါဝင်မှုအဆင့်ကို စစ်ဆေးခြင်းဖြင့် ဦးနှောက်သွေးယိုမှုကြောင့် လေဖြတ်မှုနှင့် ဦးနှောက်သွေးကြောပိတ်ဆို့မှုကြောင့် လေဖြတ်နိုင်ခြေတို့ကို လျင်မြန်စွာခွဲခြားနိုင်မည်ဖြစ်ပြီး ကုထုံးရွေးချယ်၍ ထိရောက်စွာ ကုသပေးနိုင်မည်ဖြစ်ကြောင်း ဂျာမနီ သုတေသနပညာရှင်များက ပြောကြားသည်။

ဦးနှောက်သွေးကြောပိတ်ဆို့မှုကြောင့် လေဖြတ်သူများကို သွေးခဲပျော်ဆေးများ သုံး၍လည်းကောင်း၊ သွေးခဲများကို ဖယ်ရှားပေးခြင်းဖြင့်လည်းကောင်း ကုသပေးရန်လိုအပ်သည်။

သို့ရာတွင် ဦးနှောက်သွေးယိုမှုကြောင့် လေဖြတ်သူများကိုကုသရာတွင်မူ သွေးဖိအားကိုလျှော့ချပေးရန်၊ သွေးကျဲဆေးများ၏အာနိသင်များကို ခြေဖျက်ပေးမည့် ဆေးဝါးများဖြင့် ကုသပေးရန် လိုအပ်ကြောင်း သိရသည်။

Ref : Russia Today
Trs : KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ABN AMRO World Tennis Tournament ချန်ပီယံဆု အယ်ကာရက်ဇ်ဆွတ်ခူး

ရော့တာဒမ် ဖေဖော်ဝါရီ ၁၀

နယ်သာလန်နိုင်ငံ ရော့တာဒမ် မြို့တွင်ကျင်းပခဲ့သော ABN AMRO World Tennis Tournament ဗိုလ်လုပွဲစဉ်တွင် စပိန်တင်းနစ် ကစားသမား အယ်ကာရက်ဇ်နှင့် ဩစတြေးလျတင်းနစ်ကစားသမား ဒီမီနော့တို့ ယှဉ်ပြိုင်ကစားခဲ့ရာ အယ်ကာရက်ဇ်က (၆-၄၊ ၃-၆၊ ၆-၂) ရလဒ်ဖြင့် အနိုင်ရရှိကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အယ်ကာရက်ဇ်အတွက် ၂၀၂၅ ခုနှစ်အတွင်း ပထမဆုံးဆွတ်ခူး နိုင်ခဲ့သည့် ဆုဖလားဖြစ်ပြီး နိုင်ငြေအဆင့်(၁)အဖြစ် သတ်မှတ် ခံထားရသည့်အတိုင်း အကောင်း ဆုံးပုံစံဖြင့် ချန်ပီယံဆုအား ဆွတ်ခူးခဲ့သည်။

အယ်ကာရက်ဇ်အနေဖြင့် နှစ် ပေါင်း ၅၂ နှစ်အတွင်း ABN AMRO World Tennis Tournament တင်းနစ်ပြိုင်ပွဲတွင် ချန်ပီယံဆုအား ဆွတ်ခူးနိုင်ခဲ့သည့် ပထမဆုံးသော စပိန်တင်းနစ် ကစားသမားအဖြစ် လည်းမှတ်တမ်းဝင်ခဲ့သည်။

ကစားသမား ဘဝသက်တမ်း တစ်လျှောက် Tour လယ်ဗယ် ပြိုင်ပွဲတွင် ၁၇ လုံးမြောက်ဆု ဖလားကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်အတွင်းဂရန်းစလန်းဆု ဖလားများ ဆွတ်ခူးနိုင်ရေးကို လည်း အာရုံစိုက်သွားမည်ဖြစ် ကြောင်း အယ်ကာရက်ဇ်က ပြော ကြားခဲ့သည်။

အယ်ကာရက်ဇ်က "ဒီရက်သတ္တ ပတ်က ကျွန်တော့်အတွက် ပျော်ရွှင် စရာကောင်းတဲ့ ရက်သတ္တပတ်ဖြစ် ခဲ့ပါတယ်။ ABN AMRO World Tennis Tournament တင်းနစ် ပြိုင်ပွဲမှာ ကျွန်တော်ရဲ့စွမ်းဆောင် ရည်တွေက အားရကျေနပ်စရာ ကောင်းခဲ့ပါတယ်။ ပြိုင်ပွဲမှာ ပရိသတ်တွေရဲ့ အားပေးမှုကြောင့် ပိုပြီးတော့ ပျော်ရွှင်ခဲ့ရတာပါ" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua
Trs : AZL



## အားကစားသတင်းအတိုအထွာများ

- ❑ အက်ဖ်အေဖလား စတုတ္ထအဆင့်တွင် ပလိုင်းမောက်အသင်းကို တစ်ဂိုးဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့သည့် လီဗာပူးအသင်းအနေဖြင့် ဖလားလေးလုံးရယူနိုင်မည့် အခွင့်အရေးကို လက်လွှတ်ခဲ့ရ ကြောင်း သိရသည်။
- ❑ လာလီဂါအမှတ်ပေးပွဲစဉ်အဖြစ် ကစားခဲ့သည့်ဆီဗီလာအသင်း နှင့် ဘာစီလိုနာအသင်းတို့ပွဲစဉ်တွင် ဘာစီလိုနာအသင်းက တစ်ယောက်လျော့ဖြင့် ကစားခဲ့ရသော်လည်း ဆီဗီလာအသင်း ကို လေးဂိုးတစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရခဲ့ပြီး အမှတ်ပေးဇယား အဆင့်(၃) တွင်ရပ်တည်နေသော်လည်း အဆင့်(၁) မှ ရီးရဲလ် မက်ဒရစ်အသင်းနှင့် ရမှတ်နှစ်မှတ်သာ ကွာဟနေကြောင်း သိရသည်။
- ❑ ဇန်နဝါရီအပြောင်းအရွှေ့ကာလက လူငယ်တိုက်စစ်ကစား သမားဖာမင်လိုပက်ဇ်ကို ပရီးမီးယားလိဂ်ကလပ် မန်ယူအသင်း နှင့် အေဗီလာအသင်းတို့က ယူရို သန်း၇၀ဖြင့်ခေါ်ယူရန် အပြိုင် ကြိုးပမ်းခဲ့သော်လည်း ဘာစီလိုနာအသင်းက ငြင်းပယ်ခဲ့ပြီး ကစားသမားကို ဆက်လက်ထိန်းသိမ်းခဲ့ကြောင်း ထုတ်ဖော် ပြောကြားခဲ့သည်။

ML

# အက်ဖ်အေဖလားပြိုင်ပွဲ ပဥ္စမအဆင့်သို့ အေဗီလာအသင်းတက်ရောက်



လန်ဒန် ဖေဖော်ဝါရီ ၁၀

အက်ဖ်အေဖလားစတုတ္ထအဆင့် ပွဲစဉ်အဖြစ် အေဗီလာအသင်းနှင့် စပါးအသင်းတို့ ကစားခဲ့သည့်ပွဲစဉ် တွင် အေဗီလာအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သဖြင့် နှစ်ပေါင်း ၁၀ နှစ်အကြာမှ အက်ဖ် အေဖလား ပဥ္စမအဆင့်သို့ ပထမ ဆုံးအကြိမ် တက်ရောက်နိုင်ခဲ့ ကြောင်း သိရသည်။

အေဗီလာအသင်းသည် စပါး အသင်းနှင့်ပွဲစဉ်တွင် ပွဲစကတည်း က တိုက်စစ်ဆင် ဖိအားပေးနိုင်ခဲ့ သဖြင့် ပွဲကစားချိန်နှစ်မိနစ် အရောက်တွင် ကွင်းလယ်ကစား သမားရမ်ဆေးက အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးနိုင်သဖြင့် စပါးအသင်း ချေပဂိုးရရှိရန် အစွမ်း ကုန်ကြိုးစားခဲ့ရာ အေဗီလာ အသင်း ကွင်းလယ်ပိုင်းကို ကျော် ဖြတ်နိုင်ခြင်းမရှိသဖြင့် ပထမပိုင်း တွင် တစ်ဂိုးဂိုးမရှိဖြင့် အေဗီလာ အသင်းက ဦးဆောင်နိုင်ခဲ့သည်။

ဒုတိယပိုင်းအရောက်တွင် စပါး အသင်းက ကွင်းလယ်ပိုင်းအပြောင်း အလဲပြုလုပ်ခဲ့သော်လည်း ကစား ပုံ တိုးတက်လာခြင်းမရှိဘဲ အေဗီ လာအသင်းကသာ ဆက်လက် တိုက်စစ်ဆင်နိုင်ခဲ့သောကြောင့် ပွဲ ကစားချိန် ၆၅ မိနစ်အရောက်တွင် ကွင်းလယ်ကစားသမား ရော်ဂျာ က ဒုတိယသွင်းဂိုး ထပ်မံသွင်းယူ နိုင်ခဲ့ပြီးနောက် တိုက်စစ်ပိုင်း အပြောင်းအလဲ ထပ်မံပြုလုပ်၍ ပြိုင်ပွဲကို ထိန်းချုပ်ကစားနိုင်ခဲ့ သောကြောင့် ပွဲချိန် မိနစ် ၉၀ကျော် တွင် စပါးအသင်း ချေပဂိုးသွင်းယူ နိုင်ခဲ့သော်လည်း နှစ်ဂိုးတစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သဖြင့် အေဗီလာအသင်းက အက်ဖ်အေဖလား ပဥ္စမအဆင့်သို့ ရောက်ရှိခဲ့သည်။

အေဗီလာအသင်းသည် ၂၀၁၄-၂၀၁၅ ဘောလုံးရာသီက အက်ဖ်အေ ဖလားဗိုလ်လုပွဲသို့ တက်ရောက် နိုင်ခဲ့ပြီး ဗိုလ်လုပွဲစဉ်တွင် အာဆင် နယ်အသင်းကို ရှုံးနိမ့်ခဲ့သော ကြောင့် ဒုတိယဆုဖြင့်သာ ကျေနပ် ခဲ့ရပြီးနောက် အက်ဖ်အေဖလား ပြိုင်ပွဲတွင် ပဥ္စမအဆင့်သို့ တက် ရောက်နိုင်ခဲ့ခြင်းမရှိဘဲ ယခုနှစ် မှသာ ပထမဆုံးအကြိမ်ပြန်လည် ရောက်ရှိခဲ့ကြောင်း သိရသည်။

Ref : Espn.com
Trs : ML

# ဘွန်ဒက်လီဂါအဝေးကွင်း ၂၇ ပွဲဆက်ရှုံးပွဲမရှိသည့် မှတ်တမ်းကောင်းကို နည်းပြအလွန်ဆိုရရှိ

ဘာလင် ဖေဖော်ဝါရီ ၁၀

နည်းပြအလွန်ဆိုသည် လေဗာ ကူဆင်အသင်းနှင့် ဝုဖ်ဘတ်အသင်း တို့ ကစားခဲ့သည့်ပွဲစဉ်တွင် လေဗာ ကူဆင်အသင်းကို ဂိုးမရှိသရေ ရလဒ်ရရှိအောင် စွမ်းဆောင်နိုင်ခဲ့ သောကြောင့် ဘွန်ဒက်လီဂါပြိုင်ပွဲ တွင် အဝေးကွင်း ၂၇ ပွဲဆက် ရှုံးပွဲ မရှိသည့် မှတ်တမ်းကောင်းကို ထပ်မံရရှိခဲ့ကြောင်း သိရသည်။

အလွန်ဆိုသည် ပြီးခဲ့သည့် ဘောလုံးရာသီကလည်း အသင်း ကို ရှုံးပွဲမရှိဖြင့် ချန်ပီယံဆုရယူပေး နိုင်ခဲ့သည့် မှတ်တမ်းကောင်းကို ရရှိခဲ့ပြီးနောက် ယခုအဝေးကွင်း ပွဲစဉ်တွင် ဝုဖ်ဘတ်အသင်းကို သရေရလဒ် ကစားနိုင်ခဲ့သော ကြောင့် အမှတ်ပေးပွဲ ၂၁ ပွဲအပြီး တွင် အဝေးကွင်း ၁၀ ပွဲဆက် ရှုံးပွဲ မရှိသေးဘဲ ၂၀၂၂-၂၀၂၃ ဘောလုံး ရာသီက မတ်လအတွင်းကစားခဲ့ သည့်ပွဲစဉ်တွင် ဘိုချမ်အသင်းကို သုံးဂိုးပြတ် ရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ၂၇ ပွဲဆက် ရှုံးပွဲမရှိသည့် မှတ်တမ်း ကောင်းကို ပိုင်ဆိုင်ခဲ့ခြင်းဖြစ်သည်။

ဘွန်ဒက်လီဂါပြိုင်ပွဲ သမိုင်းတွင် ၁၉၈၅ ခုနှစ်မှ ၁၉၈၂ ခုနှစ်ထိ ဘိုင်ယန်မြူးနစ်အသင်းနှင့် ရှော်လ် ကေးအသင်းတို့ကို တာဝန်ယူခဲ့ သည့် နည်းပြအူဒိုလာတက်ခ်က အဝေးကွင်း ၂၇ ပွဲဆက်ရှုံးပွဲမရှိ သည့် စံချိန်ကိုပိုင်ဆိုင်ထားသော် လည်းနည်းပြအလွန်ဆိုက လေဗာ ကူဆင်အသင်းကို တာဝန်ယူခဲ့သည့် ဘောလုံးရာသီ သုံးရာသီအတွင်း အဆိုပါစံချိန်ကို လိုက်မီနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၂၂ ရက်တွင်ကစားမည့် ဟိုဖင်ဟိုင်းအသင်းနှင့်ပွဲစဉ်တွင် ရှုံး နိမ့်ခဲ့ခြင်းမရှိပါက အူဒိုလာတက်ခ် ၏ စံချိန်ကို ကျော်ဖြတ်နိုင်မည်ဖြစ် ကြောင်း သိရသည်။

လက်ရှိချန်ပီယံ လေဗာကူဆင် အသင်းသည် ယခုနှစ်အမှတ်ပေး ပြိုင်ပွဲ ၂၁ ပွဲကစားအပြီးတွင် လိုက်ပ်ဇစ်အသင်းကိုသာ အိမ်ကွင်း တွင် ရှုံးနိမ့်ခဲ့သော်လည်း သရေ ရလဒ် များပြားခဲ့သောကြောင့် အမှတ်ပေးဇယားကို ဦးဆောင် နေသည့် ဘိုင်ယန်မြူးနစ်အသင်း နှင့် ရမှတ် ခုနစ်မှတ်ထိ ကွာဟနေ ကာ အဆင့်(၂)နေရာတွင် ရောက်ရှိ နေကြောင်း သိရသည်။

Ref : Bundesliga.com
Trs : ML



# FIFA- MFF- U19 Futsal League 2025 ပြိုင်ပွဲ ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် မတ် ၂၄ ရက်၌ စတင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (FIFA) နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် (MFF)တို့ ပူးပေါင်းကျင်းပမည့် FIFA- MFF- U19 Futsal League 2025 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ၁၂သင်းဖြင့် လာမည့် မတ် ၂၄ရက် မှစတင်ပြီး ကျင်းပသွားမည်ဖြစ် ကြောင်း သိရသည်။

FIFA-MFF-U19 Futsal League 2025 ပြိုင်ပွဲကိုလိဂ်(၁)မှ အသင်း ရှစ်သင်းဖြစ်သည့် MIU FC အသင်း၊ VUC FC အသင်း၊ Winner Soccer FC အသင်း၊ Generations FC အသင်း၊ MH Dream Team FC အသင်း၊ Futsal Chit Thu FC အသင်း၊ M2K FC အသင်း၊ YRG FC အသင်းနှင့် လိဂ်(၂)အသင်းများဖြစ် ကြသည့် Shwe Pyi Thar United FC အသင်း၊ Pacific Sun Far FC အသင်း၊ Maryar FC အသင်း၊ Gold Dream FC အသင်းစသည့် ၁၂ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်သည်။

FIFA-MFF-U19 Futsal League 2025 ပြိုင်ပွဲ၏ ပထမအကျော့ပွဲစဉ် များကို မတ် ၂၄ ရက်မှ မေ ၁၁ ရက်ထိလည်းကောင်း၊ ဒုတိယ အကျော့ပွဲစဉ်များကို ဇူလိုင် ၅ ရက် မှ စက်တင်ဘာ ၂၀ ရက်ထိလည်း ကောင်း အပတ်စဉ် စနေနေ့တိုင်း MFF Futsal Stadiumတွင် ကျင်းပ သွားမည်ဖြစ်သည်။

ထို့ပြင် မြန်မာနိုင်ငံဘောလုံး အဖွဲ့ချုပ်အနေဖြင့် FIFA-MFF- U16 Futsal League 2025 ပြိုင်ပွဲ ကိုလည်း အသင်းပေါင်း ၁၂ သင်း ဖြင့် မတ် ၂၂ ရက်တွင် စတင် ကျင်းပသွားမည်ဖြစ်ပြီး အဆိုပါ ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်လို သည့်အသင်းများအနေဖြင့်ဖေဖော် ဝါရီ ၂၂ ရက် နောက်ဆုံးထား၍ MFF Futsal Stadium ရှိ မြန်မာ နိုင်ငံဘောလုံးအဖွဲ့ချုပ် ဖုဆယ် နှင့်သဲသောင်ပြင်ဌာနသို့ လာရောက် စာရင်း ပေးသွင်းနိုင်မည်ဖြစ် ကြောင်း သိရသည်။

STA

# မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)တွင် မဟာယူနိုက်တက်အသင်းက ပင်နယ်တီသွင်းဂိုးဖြင့် ဒဂုံစတားအသင်းကိုအနိုင်ရရှိ



**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ် ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာနေရှင်နယ်လိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၉)အဖြစ် ယနေ့ညနေ ၄နာရီက ရန်ကုန်မြို့သုဝဏ္ဏအားကစားကွင်းတွင် မဟာယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်းတို့ ကစားခဲ့ရာ မဟာယူနိုက်တက်အသင်းက အာကာကျော်၏ တစ်လုံးတည်းသောဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အဆိုပါပွဲစဉ်တွင် ပွဲစကတည်းက နှစ်သင်းစလုံး အပြန်အလှန် ဖိအားပေးမှုများဖြင့် အကြိတ်အနယ်ရှိခဲ့ကာ အပြန်အလှန်ဂိုးသွင်းခွင့်များ ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမားများ အဆုံးသတ်ပိုင်း လိုအပ်ချက်ရှိနေသည့်အတွက် ပထမပိုင်းတွင် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်းမရှိခဲ့ဘဲ သရေရလဒ်ဖြင့် ပြီးဆုံးခဲ့သည်။

ထို့နောက် ဒုတိယပိုင်းပြန်လည် စတင်ချိန်တွင် နှစ်သင်းစလုံး တိုက်စစ်မြင့်တင် ကစားခဲ့မှုများကြောင့် ပထမပိုင်းကထက် ပိုမိုအကြိတ်အနယ်ရှိလာခဲ့ပြီး ပွဲချိန် ဖြစမိနစ်တွင် မဟာယူနိုက်တက်အသင်းက ပင်နယ်တီကန်သွင်းခွင့်ရရှိခဲ့ရာမှ အာကာကျော်က အမှားအယွင်းမရှိ ဦးဆောင်ဂိုးသွင်းယူနိုင်ခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် ဒဂုံစတားအသင်းအနေဖြင့် ချေပဂိုးနှင့် အနိုင်ဂိုးများအတွက် ပြန်လည်ဖိအားပေးခဲ့သော်လည်း မဟာယူနိုက်တက်အသင်းက အမှားအယွင်းမရှိ ထိန်းချုပ်ကစားနိုင်ခဲ့သည့်အတွက် ပွဲပြီးဆုံးချိန်တွင် မဟာယူနိုက်တက် အသင်းက အာကာကျော်၏ တစ်လုံးတည်းသောအနိုင်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး အဆိုပါပွဲစဉ်အတွက်အကောင်းဆုံးကစားသမားဆုကို မဟာယူနိုက်တက်အသင်းအတွက် တစ်လုံးတည်းသော အနိုင်ဂိုးသွင်းယူပေးနိုင်ခဲ့သည့်အာကာကျော်က ဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။ **STA**

# Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲချန်ပီယံဆု သောမတ်စ်ဒီထရိုင် ဆွတ်ခူး

**အရီဇိုးနား ဖေဖော်ဝါရီ ၁၀**

အမေရိကန်နိုင်ငံ အရီဇိုးနားပြည်နယ်တွင် ကျင်းပခဲ့သည့် Phoenix Open ဂေါက်သီးရိုက်ပြိုင်ပွဲတွင် ဘယ်လ်ဂျီယံဂေါက်သီးရိုက်ကစားသမား သောမတ်စ်ဒီထရိုင်က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၂၄ ချက်လျော့ရိုက်ကာ ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း ယနေ့တွင် ဖော်ပြခဲ့သည်။

အမေရိကန်ဂေါက်သီးရိုက်ကစားသမားများဖြစ်ကြသည့် မိုက်ကယ်ကင်မ်နှင့်ဒန်နီရယ်လ်ဘက်ဂါတို့က စုစုပေါင်းသတ်မှတ် ရိုက်ချက်ထက် ၁၇ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ပြီး အမေရိကန်ဂေါက်သီးရိုက် ကစားသမား ဂျော်ဒန်စပိုက်နှင့်တောင်အာဖရိကဂေါက်သီးရိုက်ကစားသမား ဘီဇူဒန်ဟော့တို့က စုစုပေါင်းသတ်မှတ်ရိုက်ချက်ထက် ၁၆ ချက်စီ လျော့ရိုက်ကာ အမှတ်ပေးဇယား၏ တတိယနေရာတွင် ပူးတွဲရပ်တည်နိုင်ခဲ့ကြသည်။

ချန်ပီယံဆုကို ဆွတ်ခူးရန် ရေပန်းစားခဲ့သည့် ကမ္ဘာ့အဆင့်(၁)နေရာတွင်ရပ်တည်နေသည့် အမေရိကန်ဂေါက်သီးရိုက်ကစားသမား စကော့တီရှက်ဖလာသည် စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်သာ လျော့ရိုက်နိုင်ခဲ့ပြီး အမှတ်ပေးဇယား၏ T25 နေရာ၌သာ ရပ်တည်နိုင်ခဲ့သည်။

ဘယ်လ်ဂျီယံ ဂေါက်သီးရိုက်ကစားသမား သောမတ်စ်ဒီထရိုင်က "ကျွန်တော့်အတွက် မယုံကြည်နိုင်လောက်အောင်ဖြစ်ရတဲ့ ရက်သတ္တပတ်ဖြစ်ပါတယ်။ ချန်ပီယံဆုဖလားကို ဆွတ်ခူးနိုင်လိမ့်မယ်လို့လုံးဝထင်မထားဘူး။ ကျွန်တော့်ရဲ့ အိပ်မက်တွေ အမှန်တကယ်ဖြစ်လာခဲ့တာပါ။ ဒီပြိုင်ပွဲမှာကစားနိုင်ခဲ့တဲ့ စွမ်းဆောင်ရည်တွေဟာ ကျွန်တော့်ရဲ့ ကစားသမားဘဝ သက်တမ်းတစ်လျှောက်အကောင်းဆုံးရိုက်နိုင်ခဲ့တဲ့ ရိုက်ချက်တွေဖြစ်ပါတယ်။ ကျွန်တော့်အတွက်တော့ လုံးဝကိုထင်မှတ်မထားတဲ့ အောင်မြင်မှုကို ရယူနိုင်ခဲ့တဲ့အတွက် အရမ်းကိုဝမ်းသာဂုဏ်ယူပါတယ်" ဟုပြောကြားခဲ့ကြောင်း သိရသည်။




Ref : RT

Trs : AZL

# IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံစိန်ခေါ်ပွဲတွင် ချီဆိုရာက ဝေါလင်ကိုအနိုင်ရရှိ

**မန်ချက်စတာ ဖေဖော်ဝါရီ ၁၀**

IBF ကမ္ဘာ့ဟဲဗီးဝိတ်တန်းချန်ပီယံအား စိန်ခေါ်ခွင့်အတွက် ဗြိတိန်လက်ဝှေ့သမားချီဆိုရာနှင့် ဆွီဒင်လက်ဝှေ့သမား ဝေါလင်တို့ ဖေဖော်ဝါရီ ၉ ရက်က အင်္ဂလန်နိုင်ငံ မန်ချက်စတာမြို့တွင် ထိုးသတ်ယှဉ်ပြိုင်ခဲ့ရာ ချီဆိုရာက ဒိုင်အမှတ်ဖြင့် အနိုင်ရရှိခဲ့သည်။

ချီဆိုရာသည် အသက်အရွယ်အားဖြင့် အကျပိုင်းကိုရောက်လာပြီဖြစ်သော်လည်း ဝေါလင်အား ပထမအချီမှစတင်ကာ အကောင်းဆုံးပုံစံဖြင့် ဖိအားပေးထိုးသတ်သွားနိုင်ခဲ့ပြီး ဝေါလင်အားနှစ်ကြိမ်တိုင်တိုင်လဲကျအောင် ထိုးသတ်သွားနိုင်ခဲ့ကာ ကမ္ဘာ့ချန်ပီယံအား စိန်ခေါ်နိုင်စွမ်း ရှိနေသေးကြောင်း ပြသနိုင်ခဲ့သည်။

ဝေါလင်အတွက် ချီဆိုရာက ခက်ခဲသည့်ပြိုင်ဘက် ဖြစ်သလို လယ်ဗယ်ကွာဟချက်များ ရှိနေကြောင်းလည်း ကြိုးဝိုင်းအတွင်း မြင်တွေ့ခဲ့ရသည်။

အမှတ်ပေးဒိုင်သုံးဦး ရှိသည့်အနက် အမှတ်(၁)ဒိုင်က (၁၁၇-၁၀၉)မှတ်ဖြင့်လည်းကောင်း၊အမှတ်(၂)ဒိုင်က (၁၁၄-၁၁၂) မှတ်ဖြင့်လည်းကောင်း၊ အမှတ်(၃)ဒိုင်က (၁၁၆-၁၁၀)မှတ်ဖြင့်လည်းကောင်း ချီဆိုရာအား အနိုင်ပေးခဲ့သည်။

ချီဆိုရာက "ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်ခွင့်ရမဲ့အခွင့်အရေးအတွက် ထိုးသတ်တဲ့ပွဲစဉ်ဖြစ်လို့ အရေးကြီးတဲ့ ပွဲစဉ်တစ်ပွဲဖြစ်ပါတယ်။ ဝေါလင်ဟာ ခက်ခဲတဲ့ပြိုင်ဘက်တစ်ယောက်ဆိုပေမဲ့လဲ အဘက်ဘက်ကအသာစီးရယူပြီး ထိုးသတ်နိုင်ခဲ့တယ်။ ဒါပေမဲ့လဲ ကျွန်တော် မျှော်လင့်ထားတာထက် ပိုပြီးတော့ ခက်ခဲတဲ့စိန်ခေါ်ပွဲ ဖြစ်ပါတယ်။ဝေါလင်ကိုနှစ်ကြိမ်တိုင်တိုင် လဲကျအောင် ထိုးသတ်နိုင်ဖို့က မလွယ်ကူပါဘူး။ ခက်ခဲတဲ့အရာကို ကျွန်တော်လုပ်ပြနိုင်ခဲ့တယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

Ref : Xinhua

Trs : AZL

# မန်စီးတီးအသင်းနှင့်ပွဲစဉ်တွင် ဗက်ကွက်ဇ် ပါဝင်နိုင်မည်မဟုတ်ကြောင်း ရီးရဲလ်ထုတ်ပြန်

**မက်ဒရစ် ဖေဖော်ဝါရီ ၁၀**

လာလီဂါ အမှတ်ပေးပွဲစဉ်အဖြစ်အေတီကိုအသင်းနှင့် ရီးရဲလ်မက်ဒရစ်အသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီသရေ ရလဒ် ထွက်ပေါ်ခဲ့သော်လည်း ခံစစ်ကစားသမား ဗက်ကွက်ဇ် ကြွက်သားဒဏ်ရာ ရရှိခဲ့သဖြင့် မန်စီးတီးအသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်ကို လွဲချော်မည်ဟု ရီးရဲလ်မက်ဒရစ်အသင်းက ထုတ်ပြန်ခဲ့သည်။

ဗက်ကွက်ဇ်သည် အေတီကိုအသင်းနှင့်ပွဲစဉ်တွင် အသင်း ခံစစ်ပိုင်း၌ပါဝင်ကစားခဲ့ရာ အသင်းအနေဖြင့် တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့ပြီး ပွဲကစားချိန် ၈၁ မိနစ်အရောက်တွင် ပေါင်ကြွက်သားဒဏ်ရာရရှိခဲ့သောကြောင့် အသင်းဖော်ကစားသမားမိုဒရစ်နှင့် လူစားလဲခဲ့ရပြီး သရေရလဒ်ဖြင့်သာ ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် ရီးရဲလ်မက်ဒရစ်အသင်းက ဗက်ကွက်ဇ်၏ဒဏ်ရာမှာ ပြင်းထန်မှုမရှိသဖြင့် စိုးရိမ်စရာမရှိကြောင်း ပြောကြားခဲ့သော်လည်း ကစားသမား၏ကြံ့ခိုင်မှုလိုအပ်ချက်ကြောင့် ချန်ပီယံလိဂ် play-off ပွဲစဉ်အဖြစ် မန်စီးတီးအသင်းနှင့်ကစားရမည့် ပွဲစဉ်ကို လွဲချော်မည်ဟုအတည်ပြုထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

၎င်းသည် ယခုနှစ်ဘောလုံးရာသီ နည်းပြအန်ဆယ်လော့တီလက်အောက်တွင် ခြေစွမ်းပြသနိုင်ခဲ့သဖြင့် ပြိုင်ပွဲစုံ ပွဲ ၃၀ ထိ ပါဝင်ခွင့်ရခဲ့ပြီး သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှုငါးကြိမ်ထိပြုလုပ်နိုင်ခဲ့သူဖြစ်သည်။

ခံစစ်ပိုင်းတွင် ဒဏ်ရာရကစားသမားများပြားနေသည့် ရီးရဲလ်မက်ဒရစ်အသင်းသည် မီလီတာအို၊ ကာဗာဂျယ်၊ အလာဘာ၊ ရူဒီဂါ တို့ကို လက်လွှတ်ထားရသဖြင့် ခံစစ်ပိုင်းကို အဆန်စီယိုက ဦးဆောင်နေပြီး ဂါစီယာနှင့် မန်ဒီတို့က ဗဟိုခံစစ်ကို တာဝန်ယူနေရချိန်တွင် ဗက်ကွက်ဇ် ဒဏ်ရာထပ်မံရရှိခဲ့သည့်အတွက် အခက်ကြုံနေရသည်ဟု နည်းပြအန်ဆယ်လော့တီက ထုတ်ဖော်ပြောကြားခဲ့သည်။

Ref : Fotmob

Trs : ML

## ချန်ပီယံလိဂ်ပြိုင်ပွဲ Play-off ပွဲစဉ် ပထမအကျော့ပွဲကြိုသုံးသပ်ချက်

STA

**မန်စီးတီး Vs ရီးရဲလ်မက်ဒရစ်**

ကစားမည့်ရက်/အချိန် ၁၂-၂-၂၀၂၅ (နံနက် ၀၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မန်စီးတီး ၁ - ၁ ရီးရဲလ်မက်ဒရစ်

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| မန်စီးတီး | - | အိမ်(နိုင်) | ဝေး(ရှုံး) | ဝေး(နိုင်) |
| ရီးရဲလ်မက်ဒရစ် | - | ဝေး(ရှုံး) | ဝေး(နိုင်) | အိမ်(သရေ) |

မန်စီးတီးအသင်းအတွက် အိမ်ကွင်းမှာ အမှားခံမှာမဟုတ်ပါဘူး။ ရီးရဲလ်မက်ဒရစ်အသင်းကလဲ အဓိကခံစစ်ကစားသမားအားလုံးနီးပါး အနားယူနေရလို့ အခုပွဲစဉ်မှာလဲ မန်စီးတီးအသင်းတိုက်စစ်ပိုင်းကို ပွဲချိန်ပြည့်ထိန်းချုပ်ဖို့ခက်ခဲမှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ အိမ်ရှင်အားသာချက်နဲ့ဖိအားပေးကစားလာမဲ့ မန်စီးတီးအသင်းကိုပဲအားပေးရမှာပါ။

**ခန့်မှန်းရလဒ် - မန်စီးတီး ၂ - ၁ ရီးရဲလ်မက်ဒရစ်**

## အက်ဖ်အေဖလား စတုတ္ထအဆင့်ပွဲစဉ် ပွဲကြိုသုံးသပ်ချက်

STA

**အိတ်စတာ Vs နော်တင်ဟမ်**

ကစားမည့်ရက်/အချိန် ၁၂-၂-၂၀၂၅ (နံနက် ၀၂:၃၀ နာရီ)

နောက်ဆုံးတွေ့ဆုံမှုရလဒ်

မရှိ

နောက်ဆုံးသုံးပွဲ နိုင် / ရှုံးရလဒ်

| | | | | |
|---|---|---|---|---|
| အိတ်စတာ | - | အိမ်(ရှုံး) | အိမ်(ရှုံး) | ဝေး(ရှုံး) |
| နော်တင်ဟမ် | - | အိမ်(နိုင်) | ဝေး(ရှုံး) | အိမ်(နိုင်) |

နော်တင်ဟမ်အသင်းအတွက် အိတ်စတာအသင်းက ပြိုင်ဘက်ကောင်းမဟုတ်ပါဘူး။ နော်တင်ဟမ်အသင်းရဲ့ လက်ရှိခြေစွမ်းပိုင်းက တည်ငြိမ်မှုရှိနေလို့ အိတ်စတာအသင်းကို ပွဲချိန်ပြည့်ဖိအားပေးကစားနိုင်မှာပါ။ ဒါကြောင့် အခုပွဲစဉ်မှာ အဝေးကွင်းဆိုပေမဲ့ခြေစွမ်းပိုင်းအသာစီးမှာရှိနေတဲ့ နော်တင်ဟမ်အသင်းပဲ အနိုင်ရယူသွားပါလိမ့်မယ်။

**ခန့်မှန်းရလဒ် - အိတ်စတာ ၀ - ၂ နော်တင်ဟမ်**

**၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး**

# အမျိုးသားစိတ်၊ နိုင်ငံချစ်စိတ်နှင့် ပြည်ထောင်စုနေ့

**❖တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ ပြယုဂ်ဖြစ်သော ပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်မှာ ၇၈ နှစ်သို့ ရောက်ခဲ့ပြီ။ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု၊ အချင်းချင်းသွေးကွဲစေရန် နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်မှုများကြောင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုအားနည်းခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ကြီး၏ ကြိုးပမ်းမှုကြောင့် တိုင်းရင်းသားစည်းလုံးမှုကို ရယူတည်ဆောက်နိုင်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် နိုင်ငံလွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ ❖**

၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့ကား ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ဖြစ်သည်။ ပြည်ထောင်စုနေ့ဟု ဆိုလိုက်သည်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားပြည်သူများ၏ စည်းလုံးညီညွတ်ခြင်းကို ပြယုဂ်တစ်ခုအဖြစ် တွေးမြင်ရသည်။ အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု၊ အချင်းချင်းသွေးကွဲစေရန် နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်မှုများကြောင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးမှု အားနည်းနေချိန် လွတ်လပ်ရေးအတွက် ကြိုးပမ်းစဉ်ကာလ ၁၉၄၃-၁၉၄၇ ခုနှစ် ဝန်းကျင်အချိန်က ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလအဖွဲ့ချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ကြိုးစားတည်ဆောက်ခဲ့ရသည်။ တိုင်းရင်းသားတို့၏ စည်းလုံးညီညွတ်မှုကြောင့်ပင် ယနေ့တည်ရှိနေသော ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အဝန်းအဝိုင်းဖြစ်သော မြန်မာနိုင်ငံတော်နှင့် မြန်မာနိုင်ငံအတွင်း နေထိုင်ကြသည့် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသားလူမျိုးများအားလုံး လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဒုတိယကမ္ဘာစစ်ကြီးအပြီးတွင် ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဖဆပလအဖွဲ့ကြီး၏ ကြိုးပမ်းအားထုတ်မှုကြောင့် တောင်တန်းမြေပြန့်မကျန် တိုင်းရင်းသားပြည်သူများ၏ နိုင်ငံရေးအမြင်နိုးကြားတက်ကြွလာခဲ့သည်။ နိုင်ငံ၏ လွတ်လပ်ရေးတောင်းဆိုမှုမှာလည်း အရှိန်မြင့်မားလာသည်။ မြန်မာပြည်သူများကလည်း ဖဆပလအဖွဲ့ချုပ်၏ ဦးဆောင်မှုအောက်တွင် စုစုစည်းစည်း ညီညီညွတ်ညွတ် ရှိလာကြသည်။ ဖဆပလအဖွဲ့ချုပ်ကလည်း ၁၉၄၆ ခုနှစ် နိုဝင်ဘာလတွင် မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရမည်ဟု တောင်းဆိုခဲ့သည်။ မြန်မာနိုင်ငံကို သိမ်းပိုက်အုပ်ချုပ်ခဲ့သော ဗြိတိသျှအစိုးရသည်လည်း ဒုတိယကမ္ဘာစစ်ကြီးအပြီး၌ မြန်မာနိုင်ငံအပါအဝင် ကိုလိုနီနိုင်ငံများကို လွတ်လပ်ရေးပေးမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ သို့ရာတွင် မြန်မာနိုင်ငံကို လွတ်လပ်ရေးပေးသည့်တိုင် တောင်တန်း၊ ပြည်မခွဲခြားအုပ်ချုပ်ရေးထားရှိကာ မြန်မာနိုင်ငံတစ်ခုလုံးကို တင်းပြည့်ကျပ်ပြည့် လွတ်လပ်ရေးမျိုးပေးရန် စိတ်ကူးမရှိခဲ့။ တောင်တန်းဒေသများမှ တိုင်းရင်းသားများကို ပြည်မနှင့်သွေးကွဲစေပြီး သီးခြားခွဲခြားသည့်စနစ်ဖြင့် စီမံအုပ်ချုပ်နိုင်ရန် ကြိုးပမ်းခဲ့သည်။

**ပင်လုံစိတ်ဓာတ် သို့မဟုတ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး**

မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုတွင် သမိုင်းဝင်သော ၁၉၄၇ ခုနှစ် ဇန်နဝါရီ ၂၇ ရက်တွင် လန်ဒန်မြို့၌ အောင်မြင်စွာ လက်မှတ်ရေးထိုးနိုင်ခဲ့သည့် အောင်ဆန်း-အက်တလီစာချုပ်တွင် အချက် ကိုးချက်ပါဝင်ပြီး တောင်တန်းဒေသနှင့် ပတ်သက်၍ နယ်ခြားဒေသတိုင်းရင်းသားလူမျိုးများ၏ သဘောထားထင်မြင်ချက်များကိုရယူရန် သဘောတူခဲ့သည်။ ဗြိတိသျှအစိုးရသည် မြန်မာနိုင်ငံကို တစ်နှစ်အတွင်း လွတ်လပ်ရေးပေးရန် သဘောတူသော်လည်း တောင်တန်းဒေသများကိုမူ တောင်တန်းဒေသခေါင်းဆောင်များကိုယ်တိုင် ပြည်မနှင့်အတူ လွတ်လပ်ရေးရယူလိုပါသည်ဟု အခိုင်အမာလက်မှတ်ရေးထိုးမှသာ တောင်တန်းဒေသများ ပေါင်းစည်းပါဝင်သောပုံသဏ္ဌာန်ဖြင့် လွတ်လပ်ရေးပေးမည်ဟု ဆိုလိုခြင်းလည်း ဖြစ်သည်။ လန်ဒန်မြို့၌ ဆွေးနွေးနေစဉ်အတွင်း ပဒေသရာဇ်စော်ဘွားများက ပြည်မနှင့် ပူးပေါင်းရေး ကန့်ကွက်ခဲ့ကြသည်။ ပြည်တွင်းမှ နိုင်ငံရေးသမားများကလည်း ကန့်ကွက်ရှုတ်ချခဲ့ကြကာ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းရာ၌ အဟန့်အတားများကို ဖြစ်စေခဲ့သည်။ တောင်တန်း၊ ပြည်မ မချန်လွတ်လပ်ရေးရယူနိုင်ရေးမှာ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခိုင်အမာတည်ဆောက်နိုင်ရန် လိုအပ်သည်။ ထို့ကြောင့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို သက်သေထူနိုင်ရန် ပင်လုံညီလာခံကို ကျင်းပခဲ့ခြင်းဖြစ်သည်။ ပင်လုံညီလာခံကို ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီလ ၁၁ ရက်နေ့တွင် ဆွေးနွေးခဲ့ပြီး ပင်လုံစာချုပ်မူကြမ်းကို အပြီးသတ်သဘောတူညီချက်ရရှိနိုင်ခဲ့သည်။ တောင်တန်းဒေသရှိ တိုင်းရင်းသားပြည်သူများသည် ပြည်မနှင့် ပူးပေါင်း၍ လွတ်လပ်ရေးအရယူမည်ဟူသော သဘာတူညီချက်ကို ရရှိခဲ့ပြီး ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၁၀ နာရီအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် တောင်တန်းဒေသမှ တိုင်းရင်းသားကိုယ်စားလှယ် ၂၂ ဦးတို့သည် အချက်ကိုးချက်ပါရှိသော မြန်မာနိုင်ငံနှင့် တောင်တန်းဒေသများ ပူးပေါင်းရေး ပြည်ထောင်စုစိတ်ဓာတ်ကို ဖော်ညွှန်းသည့် ပင်လုံစာချုပ်ကို လက်မှတ်ရေးထိုးနိုင်ခဲ့သည်။

ပင်လုံစာချုပ်ကြောင့်လည်း မြန်မာတစ်နိုင်ငံလုံးလွှမ်းခြုံသော လွတ်လပ်ရေးကို ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပင်လုံစာချုပ်သည် မြန်မာတစ်မျိုးသားလုံး၏ အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ပြခဲ့သောစာချုပ်လည်းဖြစ်သည်။ ပြည်ထောင်စုတစ်ဝန်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများအားလုံး အေးအတူ ပူအမျှ ဥမကွဲသိုက်မပျက် စုစည်းနေထိုင်ကြမည်ဟု သဘောထားအမြင်ကို ဖော်ကျူးခဲ့သောစာချုပ်လည်းဖြစ်သည်။ ပင်လုံစာချုပ်သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာစိုက်ထူပြသည့် သမိုင်းမှတ်တိုင်ဖြစ်သလို မြန်မာ့လွတ်လပ်ရေး၏ အမြုတေ လည်းဖြစ်သည်။

**ပြည်ပစွက်ဖက်မှုများသတိထား**

ယနေ့ကမ္ဘာတွင် ခေတ်သစ်ကိုလိုနီနယ်ချဲ့တို့၏ ဩဇာလွှမ်းမိုးလိုမှုအတွက် ပြည်တွင်း သပ်လျှိုမှုများကို ပြုလုပ်ကာ အချင်းချင်းသွေးကွဲစေရန် စီမံဖန်တီးဆောင်ရွက်နေကြသည်။ အချင်းချင်း သွေးကွဲကာ ပဋိပက္ခများ ဖြစ်ပွားစေ၍ အင်အားချည့်နဲ့ ယိမ်းယိုင်အောင်ပြုလုပ်နေကြသည်ကို သတိထားကြရန် လိုသည်။ မြန်မာနိုင်ငံသားများအနေဖြင့်လည်း ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာစေရန် လိုအပ်သည်။ ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ နိုင်ငံချစ်စိတ်ပင်ဖြစ်သည်။ နိုင်ငံတော်၏အချုပ်အခြာအာဏာကို ကာကွယ်စောင့်ရှောက်ရာတွင်လည်းကောင်း၊ တိုင်းပြည်ထာဝရတည်ငြိမ်အေးချမ်းရေး တည်ဆောက်ရာတွင် လည်းကောင်း၊ တိုင်းရင်းသားလူမျိုးတို့ လိုလားတောင်းဆိုနေကြသည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ပေါ်ပေါက်လာရေးအတွက်လည်းကောင်း မြန်မာနိုင်ငံတိုင်းရင်းသားပြည်သူများအားလုံး ပြည်ထောင်စုစိတ်ဓာတ်တည်းဟူသော နိုင်ငံချစ်စိတ်ကို အခြေခံကြရမည်ဖြစ်သည်။

ယနေ့နိုင်ငံအတွင်း ဖြစ်ပွားနေသောပဋိပက္ခများမှာ မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို ထိပါးစေနိုင်သည့် အခြေအနေများကို တွေ့မြင်နေရသည်။ တစ်မြေတည်းနေ၊ တစ်ရေတည်းသောက် ပြည်သူများကြား စိတ်ဝမ်းကွဲပြားမှုများဖြင့် စိတ်ဝမ်းကွဲပြားလာနေသည်ကို တွေ့မြင်နေရသည်။ ဤအချက်များက တိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝ မတည်ငြိမ်မှုကို ဖြစ်ပေါ်စေလျက်ရှိနေသည်။ ဤအချိန်တွင် မြန်မာနိုင်ငံတိုင်းရင်းသားပြည်သူများအားလုံးတို့သည် စစ်မှန်သော အမျိုးသားရေးအမြင်၊ အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိရှိနေကြရန် လိုအပ်သည်။

**အမျိုးသားရေးသတိနှင့် နိုင်ငံချစ်စိတ်**

တိုင်းရင်းသားစည်းလုံးညီညွတ်မှု၏ ပြယုဂ်ဖြစ်သောပင်လုံစာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်မှာ ၇၈ နှစ်သို့ ရောက်ခဲ့ပြီ။ လွတ်လပ်ရေးကြိုးပမ်းမှုကာလအတွင်း အင်္ဂလိပ်နယ်ချဲ့တို့၏ သွေးခွဲအုပ်ချုပ်မှု၊ အချင်းချင်းသွေးကွဲစေရန် နောက်ကွယ်မှ ကြိုးကိုင်ခြယ်လှယ်မှုများကြောင့် တိုင်းရင်းသားအချင်းချင်း စည်းလုံးမှုအားနည်းခဲ့သော်လည်း ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဖဆပလအဖွဲ့ကြီး၏ ကြိုးပမ်းမှုကြောင့် တိုင်းရင်းသားစည်းလုံးမှုကို ရယူတည်ဆောက်နိုင်ခဲ့သည်။ တိုင်းရင်းသားစည်းလုံးညီညွတ်မှုအင်အားဖြင့် နိုင်ငံလွတ်လပ်ရေးကို အရယူနိုင်ခဲ့သည်။ သို့ရာတွင် လွတ်လပ်ရေးမရယူမီ အကွဲကွဲအပြားပြားမဖြစ်စေရန် ကြိုးစားစုစည်းခဲ့ရသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးမှာ ယိမ်းယိုင်ချည့်နဲ့ခဲ့ရသည်။ တိုင်းရင်းသားလူမျိုးများ၏ သာတူညီမှုအခွင့်အရေးရရှိရေးအကြောင်းပြကာ လက်နက်ကိုင်တိုက်ပွဲဝင်ရန် တောင်းဆိုမှုများရှိလာခဲ့သည်မှာ လွတ်လပ်ရေးသက်တမ်းကာလနှင့်အညီပင်ဖြစ်ခဲ့သည်။ တိုင်းရင်းသားဒေသများတွင် လက်နက်စွဲကိုင်ပဋိပက္ခများကြောင့် ပြည်သူများ ဒုက္ခပင်လယ်ဝေခဲ့ရသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး နှောင့်နှေးခဲ့ရသည်။ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးအစ နောက်ကျနေခဲ့ရသည်။

နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်မှုဆိုသည်မှာ နိုင်ငံသားပြည်သူအချင်းချင်း၊ တိုင်းရင်းသားပြည်သူများ စည်းလုံးညီညွတ်မှုသည်လည်း အခြေခံလိုအပ်ချက်ဖြစ်သည်။ အကြောင်းအမျိုးမျိုးပြကာ နိုင်ငံတကာဖိအားအမျိုးမျိုးနှင့် ရင်ဆိုင်နေရသည့် ယခုအချိန်ခါတွင် ပြည်သူတစ်ရပ်လုံး သွေးစည်းညီညွတ်ကြရန် လိုသည်။ ယခုအခါ ပြည်ပနိုင်ငံအချို့သည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ပြောင်ပြောင်တင်းတင်း ဖိအားပေးပြောဆိုဝင်ရောက်စွက်ဖက်မှုများရှိနေသည်ကိုလည်း တိုင်းရင်းသားပြည်သူများ သတိရှိကြရန် လိုအပ်သည်။ တိုင်းရင်းသားပြည်သူများအနေဖြင့် လက်ရှိ တည်ရှိနေသော မြန်မာနိုင်ငံအဝန်းအဝိုင်းသည် မိမိတို့ ကိုယ်ပိုင်မြေဖြစ်သည်ဆိုသည့် တိုင်းပြည်နှင့်လူမျိုးကို ချစ်မြတ်နိုးသည့် မျိုးချစ်စိတ်ဓာတ်၊ အမျိုး၊ ဘာသာ သာသနာကို မြတ်နိုးတန်ဖိုးထားတတ်သည့် အမျိုးသားရေးစိတ်ဓာတ်၊ မိမိတို့ ပိုင်နက်နယ်မြေတစ်ခုလုံးကို တန်ဖိုးထားတတ်သည့် နိုင်ငံကို ချစ်သည့် စိတ်ဓာတ်ထားရှိကြရန် လိုသည်။ မျိုးချစ်စိတ်ဓာတ်သည် တိုင်းပြည်နှင့် လူမျိုးအတွက် အပြုသဘောကို ဆောင်ပြီး စည်းလုံးညီညွတ်မှုကို ဖြစ်စေသည်။ စည်းလုံးညီညွတ်မှုမှတစ်ဆင့် ဖွံ့ဖြိုးတိုးတက်မှု၊ တည်တံ့ခိုင်မြဲမှုကို ဖြစ်ထွန်းစေသည်။ အမျိုးသားရေးစိတ်ဓာတ် မျိုးချစ်စိတ်ဓာတ်သည်၊ တစ်မျိုးသားလုံးနှင့်ဆိုင်သော အကျိုးစီးပွား၊ နိုင်ငံ့လွတ်လပ်ရေးထိန်းသိမ်းနိုင်စွမ်းသည် အနာဂတ်အင်အားကောင်းများ စဉ်ဆက်မပြတ် ပေါက်ဖွားလာစေနိုင်သည့်ထိ တန်ဖိုးကြီးလှပေသည်။ ထို့ကြောင့် မျိုးချစ်စိတ်ကို အခြေခံသော နိုင်ငံချစ်စိတ်ကို မွေးမြူကြပြီး အချုပ်အခြာအာဏာတည်တံ့ရေးနှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်သူများအားလုံး တစ်စိတ်တစ်ဝမ်းတည်းဖြင့် လုပ်ဆောင်သွားကြရန် လိုအပ်လှသည်။

တိုင်းရင်းသားပြည်သူအားလုံး ပြည်ထောင်စုစိတ်ဓာတ်ကို အခြေခံသော နိုင်ငံချစ်စိတ်ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်နှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေးအတွက် တစ်ခဲနက် ပါဝင်ရမည်ဖြစ်ပြီး ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက် တွင် ကျရောက်မည့် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**ကိုးကား**

**- ပြည်ထောင်စုနေ့အထူးထုတ် မဂ္ဂဇင်းများ၊ သတင်းစာများ။**

**ကျွန်းသားမင်း**

# အောင်မြတ်သာနှင့် လူသားစားရေတွင်း ဇာတ်လမ်းကို ဖေဖော်ဝါရီလ တတိယပတ်အတွင်း ထုတ်လွှင့်ပေးသွားမည်




**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

Shwe Stream Application မှ အောင်မြတ်သာနှင့် လူသားစားရေတွင်း ဇာတ်လမ်းကို ဖေဖော်ဝါရီလ တတိယပတ်အတွင်း ထုတ်လွှင့် တင်ဆက်ပေးသွားမည် ဖြစ်ကြောင်း အဆိုပါဇာတ်လမ်းကို ရိုက်ကူးပုံဖော်ထားသူ ဒါရိုက်တာ ဇော်လွင်ထံမှ သိရသည်။

အဆိုပါ အောင်မြတ်သာနှင့် လူသားစားရေတွင်းဇာတ်လမ်းကို ထက်ရုပ်ရှင်ထုတ်လုပ်ရေးအတွက် စာရေးဆရာ ဇေယန (ရာမည)၏ ဝတ္ထုကို သားထိုက်၊ ဝင်းမြင့်ဦး တို့က ဇာတ်ညွှန်းခွဲထားကာ ဒါရိုက်တာညီမြင်းလွင်နှင့်ဇော်လွင် တို့က ထက်ရုပ်ရှင် ထုတ်လုပ်ရေး အတွက် ပုံဖော်ရိုက်ကူးထားခြင်း ဖြစ်ကြောင်း သိရသည်။

"အခု ဇာတ်လမ်းကတော့ အဓိက သရုပ်ဆောင်အပြောင်း အလဲ လုပ်ထားပြီးတဲ့နောက် ထွက်ရှိလာတဲ့ ဇာတ်လမ်း ဖြစ်ပါတယ်။ ဇာတ်လမ်းသဘော ကတော့တစ်နေ့မှာအောင်မြတ်သာ တို့ တည်းနေတဲ့ ဇရပ်ဆီကို ပေါက်ကျော်နဲ့စိန်လှ ဆိုသူတွေ ရောက်လာပြီး သူတို့ရွာမှာ တစ်လ ကို လူတစ်ယောက်ပျောက်နေတဲ့ ကိစ္စက ရွာက နတ်ရေတွင်းကြီး နဲ့ဆိုင်တဲ့အကြောင်းတွေ ပြောပြ ခဲ့ပါတယ်။ ဒီနတ်ရေတွင်းကြီး မှာ ဘာရှိသလဲ။ အဲဒီနတ်ရေတွင်း ကြီး ကိစ္စကို အောင်မြတ်သာတို့ ဖြေရှင်းပေးနိုင်မလား ဆိုတာ ကြည့်ရှု ခံစားပေးကြပါအုံး" ဟု ဒါရိုက်တာ ဇော်လွင်က ပြောပြသည်။

အဆိုပါ အောင်မြတ်သာနှင့် လူသားစားရေတွင်း ဇာတ်လမ်း တွင် သရုပ်ဆောင်များအဖြစ် ထွန်းကိုကို၊ အောင်ဆန်းမြင့်၊ အောင်ဖြိုးလင်း၊ နေလင်း၊ လင်း ထည်ဝါ၊ ဘုန်းမင်းသန့်၊ အေးမြတ် သန္တာ၊ မေမြတ်သူနှင့်အခြားသရုပ် ဆောင်များစွာ ပါဝင်ထားကြောင်း လည်း သိရသည်။

**ASH**

# Blurred လျှို့ဝှက်သည်းဖို ဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများ ပြီးဆုံး

**နယူးယောက် ဖေဖော်ဝါရီ ၁၀**

နယူးယောက်ဖက်ရှင်လောက ကို ဇာတ်အိမ်တည်ထားသော Blurred အမည်ရှိ လျှို့ဝှက်သည်းဖို ဇာတ်ကားသစ်ရိုက်ကူး ထုတ်လုပ် မှုလုပ်ငန်းများ ပြီးဆုံးခဲ့ပြီဖြစ် ကြောင်း ဖေဖော်ဝါရီ ၉ ရက် သတင်းများအရ သိရသည်။

Blurred ဇာတ်ကားတွင် မင်းသား ဂိုင်းပီးရက်နှင့် အဲလက် ပက်တီဖား တို့ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက် တာ ဘင့်ကွတ်ဆင် က တာဝန်ယူ ရိုက်ကူးထားပြီး ဝတ္ထုဇာတ်ညွှန်း ကိုလည်း ဇာတ်ညွှန်းရေးဆရာ မာရီယာပီဒရာဇာ နှင့် ပူးတွဲ ရေး သားထားသည်။

မင်းသား ဂိုင်းပီးရက်သည် ယခုနှစ် အော်စကာ ဆုပေးပွဲ၌ The Brutalist ဇာတ်ကားဖြင့် အကောင်းဆုံးအမျိုးသားဇာတ်ပို့ အော်စကာဆု ဆန်ခါတင်စာရင်း၌ ပါဝင်ထားသူ ဖြစ်သည်။

မင်းသား အဲလက်ပက်တီဖာ မှာ Magic Mike ဇာတ်ကားဖြင့် ထင်ရှားသည့် မင်းသားဖြစ်သည်။ လက်ရှိ အချိန်တွင် Blurred ဇာတ်ကား ရုံတင်ပြသမည့်နေ့ကို ထုတ်လုပ်သူများက ပြောကြား ထားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Russia Today**
**Trs : KKO**





# မေတ္တာအမွေ ပုဂံမြေ ရုပ်ရှင်ဇာတ်ကားကို မတ်လ ပထမပတ်တွင် ရုံတင်နိုင်ရန် စီစဉ်နေ

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

Triple Six ရုပ်ရှင်ထုတ် လုပ်ရေးမှ ရိုက်ကူးထုတ်လုပ်သည့် မေတ္တာအမွေပုဂံမြေ ရုပ်ရှင် ဇာတ်ကားကို မတ်လပထမပတ် တွင် ရုံတင်ပြသနိုင်ရန် စီစဉ်နေ ကြောင်း အဆိုပါ မေတ္တာအမွေ ပုဂံမြေ ရုပ်ရှင်ဇာတ်ကားကို တာဝန်ယူ ပုံဖော်ရိုက်ကူးထား သည့် ဒါရိုက်တာ ညွှန့်မြန်မာ ညီညီအောင်ထံမှ သိရသည်။

အဆိုပါ မေတ္တာအမွေ ပုဂံမြေ ရုပ်ရှင်ဇာတ်ကားကို စာရေးဆရာ ပြဇာတ် ဒါရိုက်တာငြိမ်းမင်း၏ ထင်ရှားသည့် ပြဇာတ်ဇာတ်လမ်း ကို ငြိမ်းမင်းကပင် ဇာတ်ညွှန်း ရေးထားခြင်းဖြစ်ပြီး ဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်ကတာဝန် ယူပုံဖော်ရိုက်ကူး ထားကြောင်း သိရသည်။

မြန်မာရာဇဝင် ဇာတ်ကားဆန် ဆန် ရိုက်ကူးထားတဲ့အတွက် တာဝန်ကြီးပါတယ်။ အထူးသဖြင့် ဆရာငြိမ်းမင်းရဲ့ ဇာတ်လမ်းဖြစ် တာကြောင့် ပိုပြီးတာဝန်ကြီးပါ တယ်။ အကောင်းဆုံး ရိုက်ကူး ဖန်တီးထားပါတယ်"ဟုဒါရိုက်တာ ညွှန့်မြန်မာညီညီအောင်က ပြောပြ၍ သိရသည်။




အဆိုပါ မေတ္တာအမွေ ပုဂံမြေ ရုပ်ရှင်ဇာတ်ကားတွင် သရုပ် ဆောင်များအဖြစ် ကျော်ထက် အောင်၊ ရဲမွန်၊ အံ့မင်းညို၊ မီးမီး၊ ကေရီစံ၊ မေသန်းနု စသည့် အနု ပညာရှင်များစွာ ပါဝင်သရုပ်ဆောင် ထားကြောင်း သိရသည်။ **ASH**

# တေးသံရှင် ရွှေထူး၏ တေးဂီတဖျော်ဖြေပွဲကို မြောက်ဥက္ကလာပမြို့နယ်ရှိ Transporter Bar တွင် ပြုလုပ်မည်

**ရန်ကုန် ဖေဖော်ဝါရီ ၁၀**

တေးသံရှင်ရွှေထူး၏တေးဂီတ ဖျော်ဖြေပွဲကို ရန်ကုန်တိုင်းဒေသ ကြီး မြောက်ဥက္ကလာပမြို့နယ်ရှိ Transporter Barတွင် ဖေဖော် ဝါရီ ၁၄ ရက်တွင် ပြုလုပ်မည်ဖြစ် ကြောင်း တေးသံရှင် ရွှေထူးက ပြောပြ၍ သိရသည်။




အဆိုပါ တေးသံရှင် ရွှေထူး ၏ တေးဂီတဖျော်ဖြေပွဲတွင် Trans- porter တေးဂီတအဖွဲ့က အကောင်းဆုံး တီးခတ်ပံ့ပိုးပေး သွားမည်ဖြစ်ပြီး တေးသံရှင် ရွှေထူးနှင့်အတူ Transporter တေးဂီတအဖွဲ့၏ ပင်တိုင်အဆိုရှင် များကလည်း ပံ့ပိုးသီဆိုသွားမည် ဖြစ်သည်ဟုလည်း သိရသည်။

"ဖေဖော်ဝါရီ ၁၄ ရက်မှာ Transporter Bar ၏ ပင်တိုင် အဆိုရှင်တွေဖြစ်တဲ့ အုပ်စိုး၊ ကျော်စည်၊ ထူးထူး၊ ဟေမန်မြင့် ဇော်၊ ချောကေတို့ကလဲပါဝင် ဖျော် ဖြေ ပေးသွားမှာ ဖြစ်ပါတယ်"ဟု တေးသံရှင် ရွှေထူးက ပြောပြသည်။

တေးသံရှင် ရွှေထူး၏ တေး ဂီတဖျော်ဖြေပွဲကို Transporter Bar ၌ ဖေဖော်ဝါရီ ၁၄ရက် ညနေ ၆ နာရီတွင် စတင်ဖျော်ဖြေသွား မည်ဖြစ်ကြောင်း သိရသည်။

**ASH**

# The Butler အက်ရှင်ဇာတ်ကား၌ မင်းသားကြီး ယန်းရီနို ပါဝင်သရုပ်ဆောင်မည်

**နယူးယောက် ဖေဖော်ဝါရီ ၁၀**

The Butler အက်ရှင်ဇာတ်ကား၌ မင်းသားကြီး ယန်းရီနိုပါဝင် သရုပ်ဆောင်မည် ဖြစ်ကြောင်း ဖေဖော်ဝါရီ ၉ ရက်သတင်းများအရ သိရသည်။

အဆိုပါ ဇာတ်ကား၌ မင်းသား ယန်းရီနိုသည် ခေါင်းဆောင် မင်းသားအဖြစ် ပါဝင်သရုပ်ဆောင် ရမည်ဖြစ်သည်။

The Butler အက်ရှင်ဇာတ်ကား သည် အသက်အရွယ်ရလာသည့် ကြေးစားလက်မရွံ့ တစ်ဦးဘဝကို ဇာတ်မြုပ်နေထိုင်နေသော်လည်း မိသားစုဘဝ ခြိမ်းခြောက်ခံရချိန် တွင် မူလကျွမ်းကျင်မှုများကို ပြန်လည်အသုံးချခဲ့ရသော အမျိုး သားတစ်ဦးအဖြစ် ဇာတ်အိမ်ဖွဲ့ ရိုက်ကူးမည့် ဇာတ်ကားဖြစ်သည်။

အဆိုပါ ဇာတ်ကားကို ဒါရိုက် တာ တွမ်အက်မင် တာဝန်ယူ ရိုက် ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်း ကိုမူ ဇာတ်ညွှန်းရေးဆရာ ခရိတ်မက်ဆင်းနက်က တာဝန်ယူ ရေးသားထားသည်။

The Butler အက်ရှင်ဇာတ်ကား ကို ယခုနှစ် နွေရာသီအတွင်း အိုင် ယာလန်နိုင်ငံ၌ စတင်ရိုက်ကူးရန် စီစဉ်ထားပြီး ရုံတင်ပြသမည့်နေ့ ကိုမူ ထုတ်လုပ်သူများက ကြေညာ ထားခြင်း မရှိသေးကြောင်း သိရသည်။

**Ref : Sputnik News**
**Trs : KKO**



# Chairman of State Administration Council Prime Minister Senior General Min Aung Hlaing attends inauguration ceremony of union-level MSME products fair and competition



Senior General Min Aung Hlaing attends the inauguration ceremony of union-level MSME products fair and competition.

**Nay Pyi Taw February 10**

Inauguration ceremony of union-level MSME products fair and competition was held at Taboung grounds, Uppatasanti Pagoda here this morning, formally opened by Chairman of State Administration Council Prime Minister Senior General Min Aung Hlaing.

Also present at the ceremony with the Senior General were Chairman of MSME Development Work Committee Vice Chairman of State Administration Council Deputy Prime Minister Vice-Senior General Soe Win and wife Daw Than Than Nwe, Joint SAC Secretary General Ye Win Oo, SAC members and wives, union ministers and wives, union level dignitaries and wives, region/state chief ministers and wives, senior military officers from Office of Commander-in-Chief and wives, deputy ministers, MSME agency chairs from regions and states and officials, officials of associations, exhibition in-charges, heads of department, ethnic cultural dance troupes and local people.

Vice-Senior General Soe Win, union ministers U Win Shein, U Min Naung, U Hla Moe, Dr Charlie Than, Dr Myo Thein Kyaw and Nay Pyi Taw Council Chair U Than Tun Oo formally opened the fair.

Chairman of State Administration Council Prime Minister Senior General Min Aung Hlaing formally inaugurated the fair by pushing a button.

The Senior General and attendees enjoyed the dance and song staged by ethnic cultural dance troupes in honor of 78th Anniversary Union Day commemorative MSMR products fair and competition.

After the opening ceremony, the Senior General, accompanied by the entourage, visited the booths of Industry Ministry, Agriculture, Livestock and Irrigation Ministry, Cooperatives and Rural Development Ministry, Natural Resources and Environmental Conservation Ministry, Commerce Ministry, Science and Technology Ministry, Health Ministry, MSME booths of Union Territory Nay Pyi Taw, Kachin State, Kayah State, Kayin State, Chin State, Sagaing Region, TaninthayiRegion, Bago Region, Magway Region, Mon State, Rakhine State, Yangon Region, Shan State, and Ayeyawady Region, exhibition wise with keen interest. The Senior General inquired about the product-wise operations, raw material supply and demand, goods manufacturing, available export markets, requirements, and extension of internal and *See Page 13*



Senior General Min Aung Hlaing observes export products.



Senior General Min Aung Hlaing visits an exhibition booth.



Senior General Min Aung Hlaing observes a local product.



Senior General Min Aung Hlaing visits a food stall displayed by Rakhine State.

# 21 more Chinese nationals involved in illegal online gambling and financial fraud apprehended in Mongha region, Mongyal Township, northern Shan State

**Nay Pyi Taw February 10**

Authorities have been conducting screenings and investigations into foreign nationals illegally entering Myanmar. It has been discovered that the majority of these individuals enter Myanmar through neighboring countries, aiming to work illegally for their personal gain.

The government, in collaboration with region and state authorities, security forces, and joint task groups, has been actively and rigorously investigating, uncovering, and arresting individuals involved in illegal online gambling, financial fraud, and other criminal activities.

As part of these ongoing efforts, on February 9, in the Mongha region of Mongyal Township in northern Shan State, 21 Chinese nationals engaged in illegal online gambling and financial fraud were arrested. Necessary investigations are being conducted, and legal procedures will be followed accordingly.

From February 5 to February 9, in the aforementioned region, a total of 102 individuals were arrested for involvement in illegal online gambling and financial fraud. This includes 5 security personnel, 48 Chinese male nationals and 2 female nationals, 18 Vietnamese females, 5 Myanmar males, and 29 Myanmar females. Additionally, 260 various types of phones, 25 laptops, 21 desktops, 28 keyboards, 2 WiFi devices, 7 Starlink units, 7 various weapons, 72 computers, 5 gaming machines, 3 various vehicles, and related accessories were seized.

The arrested individuals are currently under investigation. Legal actions will be pursued in accordance with the law, and efforts are being made to repatriate foreign nationals to their respective countries, guided by humanitarian considerations and international friendship.

The government is collaborating with neighboring countries and international organizations to rigorously investigate and decisively take action against those involved in illegal online gambling, financial fraud, and other criminal activities. 100




**Map showing the location where individuals involved in illegal online gambling and financial fraud were further uncovered and arrested in the Mongha region of Mongyal Township.**



**Scene of individuals involved in illegal online gambling and financial fraud being further uncovered and arrested on February 9.**

*From Page 12*

external distribution, and looked into the requirements through coordination with officials.

Later, the Senior General and members visited and encouraged the Mandalay Region MSME Product Exhibition, Business and Economic Linkages Exhibition, Myanmar Banks Association Exhibition, Digital Corner Technology Exhibition, Myanmar Economic Holdings Limited MSME Products Exhibition, Myanmar Economic Corporation MSME Products Exhibition, Union of Myanmar Federation of Chambers of Commerce and Industry Exhibition, Myanmar Traditional Medicine Manufacturers and Medical Equipment Manufacturers Association Exhibition, and Myanmar Oil Millers Association product exhibition with great interest. The Senior General inquired about the product-wise operations, raw material supply and demand, goods manufacturing, available export markets, requirements, and extension of internal and external distribution, and looked into the requirements.

The Senior General and party then looked around the booths that were displaying the products of small industries and production cooperative societies, MSME products of private organizations in buggies.

The Union-level MSME Products Fair and Competition will take place from February 10 to 14 at Tabaung Grounds, located south of Uppatasanti Pagoda in Nay Pyi Taw. To enhance cooperation among MSMEs across regions and states, ensure inter-regional support within the production chain, identify strengths and weaknesses, and encourage manufacturers to align with the principle of "the same price, the better the product; the same product, the better the quality," while also promoting the success of 'One Region One Product' initiatives. Additionally, to continuously enhance the products and services of MSMEs while increasing domestic consumption of new value-added products as a substitute for foreign imports. Furthermore, to expand markets abroad and strengthen connections and collaboration between MSMEs, domestic stakeholders, and foreign investors more effectively and to present MSME Model Product Awards recognized at the Union level and to provide support for the long-term sustainability of MSME businesses. These objectives serve as the core goals of the event. A total of 96 exhibitions, including Ministry exhibitions, Region/State exhibitions, ethnic traditional food stalls, business and economic linkages exhibitions, technology exhibitions, foreign equipment and product exhibitions, and small-scale industrial and manufacturing cooperative exhibitions, are open and selling. It is reported that 31 categories of awards will be presented in the product competitions, including digital trophies, certificates of honor, and cash prizes. The winners will have the opportunity to withdraw their cash prizes instantly through e-banking using the digital payment system. 100

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## Rheinmetall ကုမ္ပဏီက ဂျာမနီတပ်မတော်သို့ လေယာဉ်ပစ်အမြောက်တိုက်ယာဉ် ပထမဆုံးတစ်စီးကို လွှဲပြောင်းပေးအပ်



ဂျာမနီနိုင်ငံ Rheinmetall ကုမ္ပဏီသည် ဂျာမနီတပ်မတော်သို့ Boxer Skyranger 30 လေကြောင်းရန်ကာကွယ်ရေး လေယာဉ်ပစ်အမြောက် တိုက်ယာဉ် ပထမဆုံးတစ်စီးကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ဤလေယာဉ်ပစ်အမြောက်တိုက်ယာဉ်သည် လာမည့်လအနည်းငယ်အတွင်း လေ့ကျင့်သင်တန်းပေးရေးနှင့် စမ်းသပ်ခြင်းတို့အတွက် အသုံးပြုသွားမည့် အတည်ပြုချက်ရရှိထားသည့် တိုက်ယာဉ်တစ်စီးလည်းဖြစ်သည်။ ၂၀၂၄ ခုနှစ်အတွင်း ဂျာမနီနိုင်ငံသည် ယခု ပထမဆုံးအကြိမ် လက်ခံရရှိခဲ့သော အတည်ပြုကနဦးမော်ဒယ်လ် တိုက်ယာဉ်တစ်စီးနှင့်အတူ Skyranger လေယာဉ်ပစ်အမြောက် တိုက်ယာဉ် ၁၈ စီးကို အမှတ်စဉ်လိုက် ထုတ်လုပ်ရန် အမှာစာပေးပို့ခဲ့သည်။ အဆိုပါတိုက်ယာဉ် ၁၈ စီးကို ၂၀၂၇-၂၀၂၈ ခုနှစ်အတွင်း လက်ခံနိုင်ရန် စီစဉ်ထားကြောင်း သိရသည်။

Skyranger 30 လေကြောင်းရန်ကာကွယ်ရေးစနစ်သည် တာတိုနှင့် တာနီးများတွင် လေကြောင်းခြိမ်းခြောက်မှုများကို တန်ပြန်တိုက်ပွဲဝင်နိုင်စွမ်းရှိပြီး သီးခြားရပ်တည်၍ အလိုအလျောက်တိုက်ပွဲဝင်နိုင်စွမ်းရှိသကဲ့သို့ လေကြောင်းရန်ကာကွယ်ရေးကွန်ရက်အတွင်း ပေါင်းစည်းလုပ်ဆောင်နိုင်စွမ်းလည်းရှိသည်။ ဆိုလည်ကို Boxer ရှစ်ဘီးတပ် နည်းဗျူဟာမြောက်ယာဉ်ပေါ်တွင် တပ်ဆင်ထားပြီး 30mm x 173 KCE revolver လေယာဉ်ပစ်အမြောက်နှင့် မြေပြင်မှဝေဟင်ပစ် ပဲ့ထိန်းဒုံးကျည်များ ပေါင်းစည်းထားသည်။ အဆိုပါလက်နက်စနစ်သည် ဒရုန်းများကိုတန်ပြန်တိုက်ခိုက်ရန်အတွက် ပရိုဂရမ်ထည့်သွင်းရေးထားသော လေကွဲ AHEAD အဆင့်မြင့်အမြောက်ကျည်ကို အသုံးပြုထားသည်။

မကြာသေးမီနှစ်များအတွင်း NATO နှင့် EU အဖွဲ့ဝင်နိုင်ငံအများအပြားသည် Skyranger 30 လေကြောင်းရန်ကာကွယ်ရေးစနစ်ကို ဝယ်ယူခဲ့ကြသကဲ့သို့ တချို့ကလည်း ဝယ်ယူဖြည့်တင်းအသုံးပြုရန် စဉ်းစားနေကြပြီဖြစ်သည်။ Skyranger 30 လေကြောင်းရန်ကာကွယ်ရေးစနစ်တွင် ဒရုန်းများ၊ လေယာဉ်များနှင့် ရဟတ်ယာဉ်များကို တန်ပြန်ရန်အတွက် မြေပြင်မှ ဝေဟင်ပစ်ဒုံးကျည်များနှင့် တစ်မိနစ်လျှင် ကျည်အတောင့် ၁၂၅၀ ထိ ပစ်ခတ်နိုင်သည့် ၃၀ မီလီမီတာ အမြန်ပစ်လေယာဉ်ပစ်အမြောက်များ တပ်ဆင်ထားသည်။

၂၀၂၃ခုနှစ် ဒီဇင်ဘာလတွင် ဟန်ဂေရီနိုင်ငံသည် Lynx KF41 ချိန်းတပ်ယာဉ်၏ အနာဂတ် လေကြောင်းရန်ကာကွယ်ရေးမျိုးကွဲအတွက် Skyranger 30 turret ကို တီထွင်ထုတ်လုပ်ပေးရန် Rheinmetall ကုမ္ပဏီနှင့် ယူရိုသန်း ၃၀ တန်ဖိုးရှိ ဝယ်ယူရေးစာချုပ်တစ်ရပ် ချုပ်ဆိုနိုင်ခဲ့သည်။ ဩစတြီးယားနိုင်ငံနှင့် ဒိန်းမတ်နိုင်ငံတို့သည် မတူကွဲပြားသော ဖွဲ့စည်းပုံများဖြင့် Skyranger 30 လေကြောင်းရန်ကာကွယ်ရေးစနစ်များဝယ်ယူရန် အမှာစာများ ပေးပို့ထားပြီးဖြစ်ကြောင်း သိရသည်။

**Germany Receives Rheinmetall's Skyranger 30 Verification Model ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းတပ်မတော်က ရှေ့တန်းတပ်မဟာများ၌ မောင်းသူမဲ့စနစ်သုံးယာဉ်များ စတင်ဖြန့်ကြက်အသုံးပြုလာ

ယူကရိန်းတပ်မတော်သည် ရုရှားနှင့်ဖြစ်ပွားနေသောပဋိပက္ခတွင် ပါဝင်ဆင်နွှဲနေသည့် ရှေ့တန်းကျကျ တပ်မဟာများ၌ မောင်းသူမဲ့စနစ်သုံးယာဉ်များကို စတင်ဖြန့်ကြက်အသုံးပြုလာကြောင်း The Defense Post သတင်းဌာနက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

ယူကရိန်းနိုင်ငံ ကာကွယ်ရေးဝန်ကြီး Rustem Umerov က ၎င်း၏လူမှုကွန်ရက်မီဒီယာတွင် စက်သေနတ်တပ်ဆင်ထားသော မောင်းသူမဲ့မြေပြင်သွားယာဉ်(UGV) တစ်စီး၏ ဓာတ်ပုံတစ်ပုံဖြင့် အဆိုပါတိုးတက်ဖွံ့ဖြိုးမှုကို ထုတ်ပြန်ကြေညာခဲ့ခြင်းလည်းဖြစ်သည်။ ယူကရိန်းနိုင်ငံသည် ရှေ့တန်းစစ်မျက်နှာများတွင် တိုက်ပွဲဝင်နေသော တပ်မဟာများ၌ မောင်းသူမဲ့စနစ်သုံးယာဉ်များ ဖြန့်ကြက်အသုံးပြုနေပြီး အဆိုပါ မောင်းသူမဲ့စနစ်သုံးယာဉ်များကို ထုတ်လုပ်မှုအရှိန်မြှင့်တင် လုပ်ဆောင်လျက်ရှိကြောင်း၊ ယခုကဲ့သို့ တိုက်ပွဲဝင်ဖြန့်ကြက်အသုံးပြုနိုင်ခဲ့မှုသည် ၂၀၂၄ ခုနှစ် နွေရာသီတွင် မောင်းသူမဲ့စနစ်သုံးယာဉ်များကိုလက်တွေ့စမ်းသပ်အကဲဖြတ်မှုများ အောင်မြင်စွာလုပ်ဆောင်နိုင်ခဲ့ခြင်း၏ ရလဒ်များလည်းဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အဆိုပါ မောင်းသူမဲ့မြေပြင်သွားယာဉ်များသည် တိုက်စစ်နှင့်ခံစစ် နှစ်ရပ်စလုံး၊ အုပ်ချုပ်၊ ထောက်ပံ့ပို့ဆောင်ရေးနှင့် ဒဏ်ရာရရှိသူများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခြင်းအပါအဝင် ရည်မှန်းချက်တာဝန်အတော်များများကို ထမ်းဆောင်နိုင်လိမ့်မည်ဖြစ်ကြောင်း သိရသည်။

မောင်းသူမဲ့စနစ်သုံးယာဉ်များ တစ်နည်းအားဖြင့် မောင်းသူမဲ့မြေပြင်သွားယာဉ်များကို အပြည့်အဝ တိုက်ပွဲဝင်ဖြန့်ကြက် အသုံးပြုလာနိုင်ခြင်းသည် မောင်းသူမဲ့မြေပြင်သွားယာဉ်များ အသုံးပြုနိုင်မှုကိုတိုးချဲ့ရန် ယူကရိန်း၏ ပိုမိုကျယ်ပြန့်သော မဟာဗျူဟာတစ်စိတ်တစ်ပိုင်းလည်းဖြစ်ပြီး စစ်မြေပြင်တွင် နည်းဗျူဟာမြောက်အားသာချက်တစ်ရပ် ပိုင်ဆိုင်ထားနိုင်စေမည်ဖြစ်သည်။ ရှေ့တန်းစစ်မျက်နှာရှိ အဆိုးဆုံးနေရာများ၌ တပ်စွဲထားသော စစ်သည်များ၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်လည်း ရည်ရွယ်ထားကြောင်း သိရသည်။

မောင်းသူမဲ့ မြေပြင်သွားယာဉ်များသည် အန္တရာယ်ရှိသော မစ်ရှင်များကို ပေးအပ်ရာတွင် စစ်သည်များ၏ အန္တရာယ်နှင့် စွန့်စားရမှုတို့ သိသိသာသာလျော့နည်းစေရန်နှင့်ဘေးကင်းလုံခြုံရေးကို မြှင့်တင်ပေးနိုင်ရန် ဒီဇိုင်းထုတ်ထားသည့် စစ်ရေးစွမ်းအားစုများ ဖြစ်ကြသည်။ ဥပမာ တစ်ခုမှာ စစ်မြေပြင်မှ မီတာ ၇၀၀ ထိ စစ်လက်နက်ပစ္စည်းများ သယ်ယူပို့ဆောင်ပေးနိုင်သော လေးဘီးတပ် Fox Tac မောင်းသူမဲ့ကယ်ဆယ်ရေးနှင့် ထောက်ပံ့ပို့ဆောင်ရေးယာဉ်မျိုးဖြစ်သည်။



"ကျွန်တော်တို့အနေနဲ့ ယူကရိန်းတပ်မတော်ကို ရန်သူထက် နည်းပညာအားသာချက်ရှိနိုင်မဲ့ ခေတ်မီတပ်မတော်တစ်ရပ်အဖြစ် ရင်ဆိုင်နိုင်ရေးအတွက် ဆက်လက်ကြိုးပမ်းသွားမှာပါ။ ယူကရိန်းကာကွယ်ရေးစက်မှုလုပ်ငန်း ကုမ္ပဏီတွေကလဲ သူတို့ရဲ့ထုတ်ကုန်တွေကိုခေတ်မီစစ်ပွဲအခြေအနေတွေ၊ တိုက်ခိုက်ရေးအဖွဲ့တွေရဲ့လိုအပ်ချက်တွေနဲ့ အံဝင်ခွင်ကျဖြစ်အောင် ပြင်ဆင်ထားပါတယ်"ဟု ယူကရိန်း ကာကွယ်ရေးဝန်ကြီး Umerov က ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ်တွင် ယူကရိန်းအစိုးရက Army of Robots စက်ရုပ်တပ်မတော်တစ်ရပ် ဖွဲ့စည်းတည်ဆောက်သွားရန် ရည်မှန်းချက်ကြီးမားသော အစီအစဉ်တစ်ရပ်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ စစ်ပွဲအောင်နိုင်ရေးအတွက် အဓိကကျသော မဟာဗျူဟာတစ်ရပ်အဖြစ် ကာကွယ်ရေး-စက်မှုလုပ်ငန်းများ၏ ခေတ်မီဆန်းသစ်သော မောင်းသူမဲ့စနစ်သုံးယာဉ်များ တိုးတက်ဖွံ့ဖြိုးထုတ်လုပ်နိုင်ရေးတွင် အရှိန်မြှင့် ကြိုးပမ်းလုပ်ဆောင်နိုင်ရန် နည်းလမ်းများ ကြံဆလာခဲ့ကြသည်။ အဆိုပါ ကနဦးရည်မှန်းချက်ကို အထောက်အကူပြုရန်အတွက် ယူကရိန်းသည် မကြာသေးမီက ပတ်ဝန်းကျင်အခြေအနေအမျိုးမျိုးတွင် ပြည်တွင်းထုတ်မောင်းသူမဲ့မြေပြင်သွားယာဉ်အစီး ၁၀၀ ခန့် စမ်းသပ်မှုများလုပ်ဆောင်နိုင်ခဲ့ကြောင်း သိရသည်။

**Ukraine Begins Integrating Full-Fledged Robotic Units Into Frontline Brigades ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ တင်ပို့ရောင်းချခဲ့



**ဝါးခယ်မ ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးခေါင်းပွ ပိဿာချိန်၇၅၀၀၀ တင်ပို့ ရောင်းချခဲ့ကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန် ပစ္စည်း ရောင်းဝယ်ရေး ပွဲရုံ ပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

ဝါးခယ်မမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ၂၀၂၄ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးခေါင်းပွပိဿာချိန် ၅၅၀၀၀ သာ တင်ပို့ရောင်းချခဲ့ရပြီး ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်အတွင်း ငါးခေါင်းပွ ပိဿာချိန် ၇၅၀၀၀ ထိ တင်ပို့ရောင်းချခဲ့ရကြောင်း၊ အဆိုပါ ဒေသမှ ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် ငါးခေါင်းပွအပါအဝင် ဒေသ ရေထွက်ကုန်များကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ဝါးခယ်မမြို့နယ်ဘက်ကနေ ငါးခေါင်းပွတွေကို ရန်ကုန်ဈေးကွက်ကို အများဆုံးတင်ပို့ရောင်းချနေတာပါ။ ပြီးခဲ့တဲ့ဇန်နဝါရီလအတွင်းမှာ ငါးခေါင်းပွတွေ တင်ပို့မှု ကောင်းလာပါတယ်။ ပြည်တွင်းမှာကို ငါးခေါင်းပွက ဝယ်ယူမှုများနေတာပါ။ လက်ရှိ ငါးခေါင်းပွတွေ ဝယ်လိုအား ကောင်းနေပါတယ်။ ဒါကြောင့် ငါးလုပ်ငန်း လုပ်ကိုင်သူတွေ အဆင်ပြေ နေပါတယ်'' ဟု ဝါးခယ်မမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ထွက်ရှိသည့် ငါးခေါင်းပွများကို ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် နေပြည်တော်နှင့် အခြားဒေသများသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ငါးခေါင်းပွ ၁၀ ပိဿာလျှင် ငွေကျပ် ၁၁၀၀၀၀ ပေါက်ဈေးရှိကြောင်း ဝါးခယ်မမြို့နယ် ရေထွက်ကုန် ပစ္စည်းရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်မြင့်မြင့်အေးက ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# ကသာခရိုင်တွင် ကြက်သွန်နီ ၂၃၈၄ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ကသာ ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်တွင် ကြက်သွန်နီ ၂၃၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက်ပိုမို စိုက်ပျိုးနိုင်ခဲ့ကြောင်း ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကသာခရိုင်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ဧက၁၇၀၀ စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၃၈၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကသာခရိုင်မှာ ကြက်သွန်နီဧက ၁၇၀၀ စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၂၃၈၄ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ကြက်သွန်နီဈေးကွက်တွေ ဈေးကောင်းရဖို့လဲ ချိတ်ဆက် ဆောင်ရွက်ပေးတာတွေရှိပါတယ်"ဟု ကသာခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြသည်။

ကသာခရိုင်တွင် မြို့နယ်အလိုက် ကြက်သွန်နီစိုက်ပျိုးပြီးစီးမှုအနေဖြင့် ကသာမြို့နယ်တွင်၁၁၉ ဧက၊ အင်းတော်မြို့နယ်တွင် ဧက ၄၂၀၊ ထီးချိုင့်မြို့နယ်တွင် ၁၀၂၈ ဧက၊ ဗန်းမောက်မြို့နယ်တွင် ၈၁၇ ဧက စုစုပေါင်း ၂၃၈၄ ဧက တို့ဖြစ်ကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်ပြီး ထုတ်လုပ်မှုနှင့် ဝယ်လိုအားမျှတလာပါက ကုန်ဈေးနှုန်းတည်ငြိမ်၍ လူမှုစီးပွားဘဝများလည်း မြင့်မား တိုးတက်လာမည်ဖြစ်သောကြောင့် စိုက်ပျိုးသီးနှံများကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဦးမြင့်စိုးက ပြောပြ၍ သိရသည်။ (၂၀၆)



# ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ပခုက္ကူ ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထောက်ရှာပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကြည်ကြည်မာ၊ ပခုက္ကူမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသန့်ဇင်ထွန်းနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ထောက်ရှာပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေး၊အရောင်းအဝယ်လုပ်ငန်းများဆောင်ရွက်ထားမှု၊လစဉ်ပေးပို့ရသည့် စာရင်းဇယားများပြည့်စုံမှုရှိ၊ မရှိ အခြေအနေများ၊ စီမံကိန်းလက်စွဲစာစောင်ပါ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုရှိ၊ မရှိအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လိုအပ်သည်များ မှာကြားသည်။

ပခုက္ကူမြို့နယ် ထောက်ရှာပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုဘဏ္ဍာနှစ်တွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ၊ ရေလုပ်ငန်းလုပ်ကိုင်သူ၊အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၆ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ် ၅၀ ဒသမ ၅ သန်း ထုတ်ချေးပေးထားပြီး လုပ်ငန်းများ လည်ပတ်ဆောင်ရွက်လျက်ရှိကြောင်း ပခုက္ကူခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကိုညို**


# လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ



နိုင်ငံ့ခေတ်မီဖွံ့ဖြိုးရေးအတွက်

အဓိကအဖော်မွန်ဖြစ်သော လျှပ်စစ်မီးကို

- ဝန်နှင့်အား မျှတအောင် သုံးစွဲပါ။
- လေလွင့်ပျောက်ဆုံးမှုမရှိအောင် ဂရုစိုက်ပါ။
- အန္တရာယ်မဖြစ်အောင် သတိပြုပါ။
- နေ့စဉ် အကျိုးရှိစွာ ချွေတာသုံးစွဲပါ။


# မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

၁၀-၂-၂၀၂၅

| | | |
|---|---|---|
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၁၄၀၀၀၀/၁၄၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၁၁၀၀၀၀/၁၂၀၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၁၀၅၀၀၀/၁၁၀၀၀၀ |
| မဂျမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၁၀၃၅၀၀/၁၀၅၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၈၁၀၀၀/၈၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၇၄၅၀၀/၇၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၆၅၀၀၀/၆၇၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၅၀၀၀/၁၆၀၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၃၅၀၀/၁၄၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၄၀၀၀/၁၅၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၈၅၀ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၃၄၈၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၈၄၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၃၂၇၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၃၃၃၀ |

**(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာ ဖြစ်ပါသည်)**

**အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ**

| | | |
|---|---|---|
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၀၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၆၅၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၁၇၀၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၃၀၀၀၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၃၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၅၀၀ |

(၁၉၆)

**ရှေ့ဖုံးမှအဆက်**

တိုင်းရင်းသားယဉ်ကျေးမှုအကအဖွဲ့များနှင့် ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာ တက်ရောက်ကြသည်။

ဦးစွာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိမ်းကျော်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲဖွင့်ပွဲအခမ်းအနားကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ထို့နောက်၇၈ နှစ်မြောက်ပြည်ထောင်စုနေ့ အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့် ပြိုင်ပွဲဖွင့်ပွဲအခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တက်ရောက်လာကြသူများက ကြည့်ရှုအားပေးနှုတ်ဆက်ကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အဖွဲ့ဝင်များနှင့်အတူ စက်မှုဝန်ကြီးဌာနပြခန်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနပြခန်း၊ သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနပြခန်း၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာနပြခန်း၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနပြခန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနပြခန်း၊ ကျန်းမာရေးဝန်ကြီးဌာန



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များအား တိုင်းရင်းသားမောင်မယ်များနှင့်ဒေသခံပြည်သူများက ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဦးမင်းနောင်၊ ဦးလှမိုး၊ ဒေါက်တာချာလီသန်း၊ ဒေါက်တာမျိုးသိမ်းကျော်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးတို့က ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ အသင်းအဖွဲ့များ၏ ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ဂုဏ်ပြုတေးသီချင်းဖြင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအကအဖွဲ့များက ကပြဖျော်ဖြေတင်ဆက်နေမှုကို ကြည့်ရှုအားပေးစဉ်။







နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ အသင်းအဖွဲ့များ၏ ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။

ပြခန်း၊ ပြည်ထောင်စုနယ်မြေ နေပြည်တော် MSME ထုတ်ကုန်ပြခန်း၊ ကချင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကယားပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ကရင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ချင်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ စစ်ကိုင်းတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ တနင်္သာရီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ပဲခူးတိုင်းဒေသကြီးMSME ထုတ်ကုန်ပြခန်း၊ မကွေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ မွန်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရခိုင်ပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ရန်ကုန်တိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ရှမ်းပြည်နယ် MSME ထုတ်ကုန်ပြခန်း၊ ဧရာဝတီတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်းတို့ကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုပြီး ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့်သုံးစွဲမှု၊ ထုတ်ကုန်များထုတ်လုပ်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပြည်တွင်း၊ ပြည်ပသို့ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့်အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ ကြည့်ရှုမှုများကို ခေတ္တရပ်နားခဲ့သည်။

ယင်းနောက် မွန်းလွဲပိုင်းတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် မန္တလေးတိုင်းဒေသကြီး MSME ထုတ်ကုန်ပြခန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ထုတ်ကုန်ပြခန်း၊ လုပ်ငန်း/စီးပွားချိတ်ဆက်မှုပြခန်း(Business Matching Hall)၊ မြန်မာနိုင်ငံဘဏ်များအသင်းပြခန်း၊ Digital Corner နည်းပညာပြခန်း၊ မြန်မာ့စီးပွားရေးဦးပိုင် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် MSME ထုတ်ကုန်များပြခန်း၊ မြန်မာစီးပွားရေးကော်ပိုရေးရှင်း MSME ထုတ်ကုန်များပြခန်း၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ပြခန်း၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဝါးထုတ်လုပ်သူများနှင့် ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်းပြခန်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း ထုတ်ကုန်ပြပွဲနှင့် **စာမျက်နှာ ၁၉ သို့**






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များ၊ အသင်းအဖွဲ့များ၏ ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။



## ပြည်ထောင်စုအကျိုးကို မျှော်ကိုးပြီး ဒီမိုကရေစီနည်းလမ်းတကျဆောင်ရွက်

**အချို့သောတိုင်းရင်းသားခေါင်းဆောင်များဟာ ဖက်ဒရယ်အခွင့်အရေး၊ တိုင်းရင်းသားအခွင့်အရေးလို့ ပြောနေကြသော်လည်း ဒီမိုကရေစီရဲ့သဘောသဘာဝကို မျက်ကွယ်ပြုပြီး ပြည်ထောင်စုပြိုကွဲအောင် ဦးတည်ဆောင်ရွက်နေကြတာကိုလည်း တွေ့နေရပါတယ်။ ဖြစ်ချင်တာ၊ ဖြစ်သင့်တာများ ချင့်ချိန်စဉ်းစားပြီး ဖြစ်နိုင်တာကို ပြည်ထောင်စုအကျိုးကို မျှော်ကိုးပြီး ဒီမိုကရေစီနည်းလမ်းတကျဆောင်ရွက်ဖို့ သင့်တယ်လို့ ပြောလိုပါတယ်။**

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်တွင် ကျရောက်သော နှစ်သစ်ကူးအခါသမယတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြောကြားသည့် နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားကောက်နှုတ်ချက်မှ

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲသို့ အများပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်ပါဝင်ဆင်နွှဲ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းမှစတင်၍ နေပြည်တော်ဥပ္ပါတသန္တိစေတီတော်အနီးရှိ တပေါင်းကွင်း၌ကျင်းပရာ ကျောင်းသား၊ ကျောင်းသူများ၊ လူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်ပါဝင်စားစွာဖြင့် တစ်ခဲနက်လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသဖြင့် အထူးစည်ကားလျက်ရှိသည်။

ပွဲတော်သို့ လာရောက်ကြသည့် ပြည်သူများကို သက်ဆိုင်ရာ တိုင်းရင်းသားရိုးရာပြခန်းများအလိုက် ခင်းကျင်းပြသရောင်းချပေးနေကြသည့် တိုင်းရင်းသားအဖွဲ့များက ရင်းနှီးနွေးထွေးစွာ ကြိုဆိုကြပြီး ရိုးရာယဉ်ကျေးမှုဆိုင်ရာ ဗဟုသုတများ၊ ဒေသန္တရဗဟုသုတများ၊ ပြည်နယ်နှင့်တိုင်းဒေသကြီးအလိုက် အထင်ကရနေရာများ၊ ဒေသတွင်း လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့် ဒေသအလိုက် ရိုးရာအစားအစာများ၊ MSME ထုတ်ကုန်များအကြောင်းကို နွေးထွေးပျူငှာစွာ ရှင်းလင်းပြသပေးကြရာ ကျောင်းသားလူငယ်များ၊ ဝန်ကြီးဌာနများမှ ဝန်ထမ်းများနှင့် မိသားစုများ၊ ပြည်သူများ စိတ်အားထက်သန်စွာ လေ့လာကြည့်ရှုကြပြီး တိုင်းရင်းသားအဖွဲ့များဖြင့် ဂုဏ်ယူစွာ အမှတ်တရဓာတ်ပုံရိုက်ကြသူများဖြင့်လည်း စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးမှ MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာပြခန်းအသီးသီး၌လည်း ဒေသအလိုက် ထွက်ရှိသည့် ရိုးရာအစားအစာများ၊ ဒေသထွက် MSME ကုန်ထုတ်လုပ်ငန်းများ၊ One Region One Product ထုတ်ကုန်များအပါအဝင် ပြည်ပသို့တင်ပို့ရောင်းချနေသည့် MSME ထုတ်ကုန်များအကြောင်းကို ပွဲတော်လာပြည်သူများ ဗဟုသုတအဖြစ်သိရှိစေနိုင်ရေးအတွက် အသေးစိတ်ခင်းကျင်းပြသထားသည်ကိုလည်း တွေ့မြင်ရသည်။

အဆိုပါပြခန်းများ၌လည်း မိမိတို့ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက် ရိုးရာယဉ်ကျေးမှုအကအလှများ၊ ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ပေါ်လွင်စေသည့် တေးသီချင်းများနှင့် မျိုးချစ်စိတ်နှင့် ဇာတိမာန်ကို တက်ကြွစေမည့်သီချင်းများ ဖွင့်လှစ်ဖျော်ဖြေတင်ဆက်ပေးကြရာ ပွဲတော်လာပြည်သူများအနေဖြင့် တောင်ပေါ်မြေပြန့်မခွဲခြားဘဲ စည်းလုံးညီညွတ်သည့် သွေးချင်းညီအစ်ကိုစိတ်ဓာတ်များ ခံစားရရှိစေခဲ့ပြီး ပြည်ထောင်စု၏ အနှစ်သာရကိုလည်း ပိုမိုပေါ်လွင်စေခဲ့သည်။

အလားတူ နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးများအလိုက်ထွက်ရှိသည့် MSME ထုတ်ကုန်များနှင့် ရိုးရာအစားအစာများ၊ တိုင်းရင်းသားရိုးရာ အမှတ်တရပစ္စည်းများ၊ ရိုးရာဝတ်စုံများကို ပြည်သူများ စိတ်ကြိုက်ဝယ်ယူနိုင်ရန်အတွက် ဈေးနှုန်းချိုသာစွာ ရောင်းချပေးလျက်ရှိပြီး ချစ်ခင်နှစ်သက်မြတ်နိုးစွာဖြင့် ဝယ်ယူကြသူများဖြင့်လည်း စည်ကားလျက်ရှိကာ နည်းပညာပြခန်းများ၊ စက်ပစ္စည်းများနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းများနှင့် ကုန်ထုတ်သမဝါယမပြခန်းများ၌လည်း စိတ်ဝင်တစားကြည့်ရှုလေ့လာကြသည်။

ထို့အတူ ပြပွဲသို့လာရောက်လေ့လာကြသည့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များနှင့် စိတ်ဝင်စားကြသည့် ပြည်သူများအတွက်လည်း နောက်ဆုံးပေါ်တီထွင်ဆန်းသစ်မှုနည်းပညာများနှင့် အရည်အသွေးမြင့် စက်ယန္တရားများ၏ ထူးခြားသာလွန်သော စွမ်းဆောင်ရည်များ၊ နိုင်ငံတကာအဆင့်မီ စက်ယန္တရားများ၊ ဝယ်ယူမှု၊ တပ်ဆင်မှုအကြောင်းအရာများနှင့်ဈေးကွက်စီးပွားရေးလိုအပ်ချက်များကို အနာဂတ်နည်းပညာများအသုံးပြု၍ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်မည့် ဗဟုသုတအကြောင်းအရာများကိုလည်း ပြခန်းများအလိုက် ကျွမ်းကျင်ဝန်ထမ်းများက ခင်းကျင်းပြသထားသည့် စက်ယန္တရားများဖြင့် လက်တွေ့သရုပ်ပြ ရှင်းလင်းဆွေးနွေးပေးကြသည်။

ညပိုင်းတွင် ဖျော်ဖြေရေးအစီအစဉ်များအဖြစ် တိုင်းကျိုးပြည်ပြုတေးသီချင်းများ၊ ခေတ်ပေါ်တေးသီချင်းများ၊ မျိုးချစ်စိတ်နှင့် ဇာတိမာန်တက်ကြွစေမည့် တေးသီချင်းများဖြင့်လည်းကောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးများမှ တိုင်းရင်းသားရိုးရာယိမ်းအဖွဲ့များက ရိုးရာတေးသီချင်းများကို အကအလှများ ပေါင်းစပ်၍လည်းကောင်း မြူးကြွပျော်ရွှင်စွာဖြင့် ဖျော်ဖြေကြရာ ပြည်သူများ ပျော်ရွှင်စွာဖြင့်တစ်ခဲနက်ပါဝင်ဆင်နွှဲကြသည်။

ထို့ပြင် ပြပွဲကြီးသို့ လာရောက်လေ့လာကြည့်ရှုဝယ်ယူကြသည့် အများပြည်သူများ အန္တရာယ်တစ်စုံတစ်ရာ မဖြစ်ပေါ်စေရန်အတွက် တာဝန်ရှိသူများက စနစ်တကျလုံခြုံရေး စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များကလည်း ယာဉ်အန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရန်အတွက် ပွဲတော်သို့လာသည့်လမ်းများ၌ ကြီးကြပ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက်လည်း ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိသည်ကိုလည်း တွေ့ရှိရသည်။






အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ MSME များ ပူးပေါင်းဆောင်ရွက်မှု တိုးတက်လာစေပြီး ကုန်ထုတ်လုပ်မှု ကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသက ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ ပြည်နယ်၊ တိုင်းဒေသကြီးအလိုက် ထုတ်ကုန်ပစ္စည်းများသည် “ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်” ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေရန်၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဆောင်ရွက်နေသည့် ဒေသတစ်ခု ထုတ်ကုန်တစ်ခုအစီအမံများ အောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်၊ တန်ဖိုးမြင့် ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့် အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်သည်။

အဆိုပါ ပြပွဲနှင့်ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိ ဝန်ကြီးဌာနပြခန်းများ၊ ပြည်နယ်နှင့် တိုင်းဒေသကြီးပြခန်းများ၊ တိုင်းရင်းသားရိုးရာ အစားအစာရောင်းချသည့် ဆိုင်ခန်းများ၊ နည်းပညာပြခန်းများ၊ ပြည်ပစက်ပစ္စည်းနှင့် ထုတ်ကုန်ပြခန်းများ၊ အသေးစား စက်မှုလက်မှုလုပ်ငန်းနှင့် ကုန်ထုတ်သမဝါယမ ပြခန်းများဖြင့် စည်ကားသိုက်မြိုက်စွာ ဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး မိဘပြည်သူများ(အခမဲ့) လာရောက် အားပေးလေ့လာဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ဝန်ကြီးဌာနပြခန်းများ၊ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ အသင်းအဖွဲ့များ၏ ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုစဉ်။

စာမျက်နှာ ၁၇ မှအဆက်

အရောင်းပြခန်းတို့ကို ပြခန်းတစ်ခုချင်းစီအလိုက် စိတ်ပါဝင်စားစွာဖြင့် လိုက်လံကြည့်ရှုအားပေးပြီး ထုတ်ကုန်များအလိုက် လုပ်ငန်းဆောင်ရွက်မှုများ၊ ကုန်ကြမ်းရရှိမှုနှင့်သုံးစွဲမှု၊ ထုတ်ကုန်များထုတ်လုပ်မှု၊ ပြည်တွင်း၊ ပြည်ပဈေးကွက်ရရှိမှုအခြေအနေများ၊ လုပ်ငန်းလိုအပ်ချက်များနှင့် ပြည်တွင်း၊ ပြည်ပသို့ ပိုမိုတိုးချဲ့ဖြန့်ဖြူးနိုင်မည့်အခြေအနေများနှင့် သိရှိလိုသည်များ မေးမြန်းဆွေးနွေးပြီး လိုအပ်သည်များလမ်းညွှန်မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့်ကုန်ထုတ်သမဝါယမအသင်းများ၏ပြခန်းများ၊ပုဂ္ဂလိကအသင်းအဖွဲ့များ၏ MSMEကုန်ထုတ်လုပ်မှုလုပ်ငန်းပြခန်းများခင်းကျင်းပြသထားမှုများကို ဘာဂီယာဉ်ငယ်များဖြင့် လိုက်လံကြည့်ရှုအားပေးခဲ့သည်။

အဆိုပါ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနှင့်ပြိုင်ပွဲကို နေပြည်တော် ဥပ္ပါတသန္တိစေတီတော် တောင်ဘက် တပေါင်းကွင်း၌ ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၄ ရက်ထိကျင်းပပြုလုပ်သွားမည်ဖြစ်ကြောင်း၊ တိုင်းဒေသကြီး၊ပြည်နယ်အသီးသီးရှိ MSME များပူးပေါင်းဆောင်ရွက်မှုတိုးပွားလာစေပြီး ကုန်ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် ဒေသတစ်ခု၏လိုအပ်ချက်ကို အခြားဒေသမှ ဖြည့်ဆည်းလာရန်နှင့် အားသာချက်၊ အားနည်းချက်များကို သိမြင်ဖော်ထုတ်လာစေရန်၊ထုတ်ကုန်ပစ္စည်းများသည် “ဈေးနှုန်းတူပါက ပစ္စည်းကောင်းရန်၊ ပစ္စည်းချင်းတူပါက အရည်အသွေးပိုကောင်းရန်”ကို ထုတ်လုပ်သည့်လုပ်ငန်းရှင်များအနေဖြင့် လိုအပ်ချက်များကို သိမြင်ဆောင်ရွက်လာစေ ရန်၊ ဒေသတစ်ခုထုတ်ကုန်တစ်ခု အစီအမံများအောင်မြင်ရေးအတွက် အားပေးမြှင့်တင်ရန်၊ MSME များ၏ ထုတ်ကုန်နှင့် ဝန်ဆောင်မှုများကို စဉ်ဆက်မပြတ် မြှင့်တင်နိုင်စေရန်နှင့် တန်ဖိုးမြင့်ထုတ်ကုန်အသစ်များကို ပြည်ပသွင်းကုန်အစားထိုးအဖြစ် ပြည်တွင်းမှ ပိုမိုသုံးစွဲနိုင်ရန်နှင့် ပြည်ပသို့ဈေးကွက်ချဲ့ထွင်နိုင်ရန်၊ MSME များနှင့် ပြည်တွင်း၊ ပြည်ပရင်းနှီးမြှုပ်နှံသူများ ပိုမိုချိတ်ဆက်ပူးပေါင်းဆောင်ရွက်လာစေရန်၊ ပြည်ထောင်စုအဆင့်အသိအမှတ်ပြု MSME စံပြထုတ်ကုန်ဆုများ ပေးအပ်နိုင်စေရန်နှင့် MSME လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေး ကူညီပံ့ပိုးဆောင်ရွက်ပေးရန် စသည့်ရည်ရွယ်ချက်များဖြင့် ကျင်းပပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး၊ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချဆိုင်ခန်းများ၊ လုပ်ငန်းစီးပွားချိတ်ဆက်မှုများ၊ နည်းပညာပြခန်းများ၊ပြည်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့်ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းစုစုပေါင်း ၉၆ ခန်းဖြင့် စည်ကားသိုက်မြိုက်စွာဖွင့်လှစ်ရောင်းချပေးလျက်ရှိပြီး ထုတ်ကုန်ပြိုင်ပွဲများတွင် ယှဉ်ပြိုင်သည့် အမျိုးအစားများအလိုက် ဆုအမျိုးအစားပေါင်း ၃၁ မျိုးအပေါ် Digital Trophy၊ ဂုဏ်ပြုလက်မှတ်နှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ပြီး အဆိုပါငွေသားဆုအား ချီးမြှင့်ခံရသူက Digital Payment System အသုံးပြု၍ လက်ငင်း E-Banking ဖြင့် ငွေသားထုတ်ယူရရှိရေး စီစဉ်ဆောင်ရွက်ထားရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အတွက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်လှစ်သင်ကြား

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

တက္ကသိုလ်များတွင် ပညာသင်ကြားလျက်ရှိသော ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာနှင့် တန်းမြင့်စစ်ပညာသင်တန်းများ သင်ကြားလေ့ကျင့်ပေးခြင်းဖြင့် နိုင်ငံတော်ကာကွယ်ရေးဆိုင်ရာ အသိအမြင်များရရှိ၍ အနာဂတ်နိုင်ငံတော်၏ တာဝန်များထမ်းဆောင်သည့်အခါတွင် အထောက်အကူရရှိကာ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်များ ပိုမိုရင့်သန်လာစေရန်နှင့် ယုံကြည်ချက်၊ ခံယူချက်မြင့်မားပြီး အရည်အချင်းပြည့်ဝစေရန် ရည်ရွယ်ချက်ဖြင့် ကိုယ်တိုင်ဆန္ဒပြုသည့် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များညွှန်ကြားရေးမှူးရုံး၏ တက္ကသိုလ်လေ့ကျင့်ရေးတပ်များမှ လေ့ကျင့်ရေးသင်တန်းများ ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ထိုသို့ဖွင့်လှစ်ပေးလျက်ရှိရာ ယနေ့တွင်၂၀၂၄-၂၀၂၅ ပညာသင်နှစ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင်များ အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းဖွင့်ပွဲများကို နေပြည်တော်ကောင်စီနယ်မြေတွင် လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့တွင်လည်းကောင်း၊ မွန်ပြည်နယ် မော်လမြိုင်မြို့တွင်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်မြို့နယ်တွင်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တွင်လည်းကောင်း နယ်မြေခံသင်တန်းကျောင်းများ၌ ကျင်းပပြုလုပ်ကြသည်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ပြည့်စုံလင်း တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။

အဆိုပါ သင်တန်းဖွင့်ပွဲများသို့ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့စစ်နှင့်နယ်ခြားတပ်များ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တက္ကသိုလ်အသီးသီးမှ ပါမောက္ခချုပ်များ၊ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ သင်တန်းတာဝန်ခံ အရာရှိများ၊ သင်တန်းဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြပြီး တိုင်းမှူးများနှင့် တာဝန်ရှိသူကအဖွင့်အမှာစကားများ အသီးသီးပြောကြားကြသည်။

ထို့နောက် တိုင်းမှူးများနှင့် တက်ရောက်လာကြသူများက သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တက္ကသိုလ် လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ကျောင်းသား၊ ကျောင်းသူများ၏ ကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ယင်းနောက် တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအတွက် တိုင်းမှူးများနှင့်တာဝန်ရှိသူများကဂုဏ်ပြုချီးမြှင့်ငွေများနှင့် အားကစားပစ္စည်းများ ပေးအပ်ရာ တာဝန်ရှိသူများက အသီးသီး လက်ခံရယူကြသည်။

ယခုဖွင့်လှစ်သော သင်တန်းများ အနေဖြင့် ပထမနှစ် အခြေခံစစ်ပညာသင်တန်း၊ ဒုတိယနှစ် အခြေခံစစ်ပညာသင်တန်း၊ ပထမနှစ် တန်းမြင့်စစ်ပညာသင်တန်းနှင့် ဒုတိယနှစ်တန်းမြင့်စစ်ပညာသင်တန်းတို့ဖြစ်ပြီး သာမန်သင်တန်းချိန်နှင့်စခန်းချလေ့ကျင့်ချိန်အလိုက် သင်ကြားပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ တက္ကသိုလ်လေ့ကျင့်ရေးတပ်ဖွဲ့ဝင် ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို အခြေခံစစ်ပညာသင်တန်းနှင့် တန်းမြင့်စစ်ပညာသင်တန်းများ ဖွင့်ပွဲကျင်းပစဉ်။

# ပြည့်ဂုဏ်မြင့်မားစေမည့် MSME လုပ်ငန်းများ

မန္တလာကိုကိုဝင်း

MSME ဆိုတဲ့ စာလုံးလေးလေးလုံးကို မြင်လိုက်တာနဲ့ အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်းတွေရဲ့ ကိုယ်စားပြုအမည်ဆိုတာ လူတိုင်းသိကြပါတယ်။ စီးပွားရေးလုပ်ငန်းတွေတိုးတက်အောင်လုပ်ဆောင်နိုင်မှ အလုပ်လုပ်ကိုင်သူတွေရဲ့ လူမှုစီးပွားရေးတွေတိုးတက်လာမှာပါ။ အလုပ်အကိုင်အခွင့်အလမ်းတွေများပြားလာတာနဲ့အမျှ အလုပ်လက်မဲ့တွေမရှိသလောက်နည်းပါးသွားမှာဖြစ်ပါတယ်။ အလုပ်အကိုင်အခွင့်အလမ်းတွေပေါများလာမယ် လူတိုင်းကိုယ်စီအလုပ်အကိုင်ရှိနေမယ်ဆိုရင် နိုင်ငံ့စီးပွားရေးလည်း တိုးတက်လာမှာအမှန်ဖြစ်ပါတယ်။

စီးပွားရေးတိုးတက်ကောင်းမွန်မှုဆိုတာ လူသားတစ်ဦးချင်းစီအတွက် အလိုအပ်ဆုံးအရာဖြစ်သလို နိုင်ငံတစ်နိုင်ငံအတွက်လည်း အလိုအပ်ဆုံးအရာပဲဖြစ်ပါတယ်။ စီးပွားရေးတွေ ဖွံ့ဖြိုးတိုးတက်လာတာနဲ့အမျှ နိုင်ငံတော်ရဲ့ နိုင်ငံရေးနဲ့လူမှုရေးအဆင့်အတန်းတွေမြင့်မြင့်မားမားရှိလာမှာဖြစ်ပါတယ်။ ပညာရေးနဲ့ကျန်းမာရေးကဏ္ဍတွေ၊ အားကစားကဏ္ဍတွေတိုးတက်လာမှာအမှန်ဖြစ်ပါတယ်။ MSME လုပ်ငန်းတွေ ထူးခြားထင်ရှားစွာအောင်မြင်လာမယ်ဆိုရင် မြန်မာနိုင်ငံအနေနဲ့လည်း ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်ကနေ ဖွံ့ဖြိုးပြီးနိုင်ငံအဆင့်ကိုရောက်ရှိသွားမှာဖြစ်ပါတယ်။

ချမ်းသာခြင်းကို လူသားတိုင်းမက်မောကြတဲ့အတွက် ချမ်းသာအောင်လုပ်ကြဖို့လိုအပ်ပါတယ်။ လုပ်ငန်းရှင်တွေ၊ ပညာရှင်တွေနဲ့သက်ဆိုင်သူအားလုံးက မိမိတို့လုပ်ကိုင်နေတဲ့ အသေးစား၊ အငယ်စား၊ အလတ်စား (MSME) လုပ်ငန်းတွေကို အောင်မြင်အောင်လုပ်ဆောင်မယ်ဆိုတဲ့ စိတ်ထားရှိစေချင်ပါတယ်။ အဲဒီစိတ်ထားနဲ့ အလုပ်လုပ်မယ်ဆိုရင်အောင်မြင်မှာမလွဲပါဘူး။ အခက်အခဲဆိုတာနေရာတိုင်းမှာရှိတတ်တာမို့ အခက်အခဲကို ကျော်ဖြတ်ပြီးအောင်မြင်မှုလမ်းကို ရောက်အောင်လျှောက်လှမ်းကြဖို့လိုအပ်ပါတယ်။

လုပ်ငန်းရှင်တွေမှာ ဘာတွေအခက်အခဲရှိနေပါသလဲ။ ရှိနေတဲ့အခက်အခဲတွေကို သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနတွေကနေအနီးကပ်ဖြည့်ဆည်းဆောင်ရွက်ပေးနေပါတယ်။ ပြည်ထောင်စုဝန်ကြီးတွေနဲ့မပြီးပြတ်နိုင်သေးဘူးဆိုရင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်တိုင် တိုင်းဒေသကြီးနဲ့ပြည်နယ်တွေကို ကိုယ်တိုင်သွားရောက်ပြီး လိုအပ်တာတွေ၊ လိုအပ်ချက်တွေဖြည့်ဆည်းပေးနေပါတယ်။ နိုင်ငံတော်အစိုးရရဲ့ဦးဆောင်ပံ့ပိုးမှုအောက်မှာ MSME လုပ်ငန်းရှင်တွေက တက်တက်ကြွကြွနဲ့ လုပ်ဆောင်ကြဖို့ပဲဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲအနေနဲ့ သွားရောက်ခဲ့တဲ့ခရီးစဉ်နဲ့ပတ်သက်လို့ **“မိမိအနေဖြင့် မကြာသေးမီ ရက်ပိုင်းအတွင်းက မန္တလေးတိုင်းဒေသကြီး မိတ္ထီလာနှင့် ပြင်ဦးလွင်ဒေသတို့ရှိ အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လုပ်ငန်းဆောင်ရွက်မှုများအနေဖြင့် အားရကျေနပ်ဖွယ်ကောင်းသည်ကို တွေ့ခဲ့ရကြောင်း၊ ထုတ်ကုန်ပစ္စည်းများ**



**ယခင်ထက် ပိုမိုထုတ်လုပ်လာနိုင်သည်ကိုတွေ့ရှိရပြီး ထုပ်ပိုးမှုပိုင်းနှင့် အရည်အသွေးပိုင်းများသည်လည်း ကောင်းမွန်သည်ကိုတွေ့ရှိရကြောင်း၊ MSME လုပ်ငန်းများဆောင်ရွက်ရာတွင် ဒေသတွင်းမှရရှိသည့် ကုန်ကြမ်းများကိုအခြေခံသည့် ကုန်ချောပစ္စည်းထုတ်လုပ်ခြင်းလုပ်ငန်းများကို အားပေးဆောင်ရွက်သွားရမည်ဖြစ်ကြောင်း”** ပြောကြားခဲ့တာကို မှတ်မိပါသေးတယ်။

မိမိတို့ရဲ့ စီးပွားရေးလုပ်ငန်းများစွမ်းဆောင်မှုအပေါ် နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က ဇန်နဝါရီလ ၁၇ ရက်တွင်ကျင်းပခဲ့တဲ့ ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးမှာပြောကြားခဲ့တာဖြစ်ပါတယ်။ နိုင်ငံတော်အကြီးအကဲရဲ့ဂုဏ်ပြုပြောစကားဟာ လုပ်ငန်းလုပ်ဆောင်နေသူများအတွက် တကယ့်ကိုအားရှိစေတဲ့ ချီးကျူးစကားဖြစ်ပါတယ်။ အခုဆိုရင် နိုင်ငံတော်ရဲ့ဒေသအနှံ့အပြားမှာရှိကြတဲ့ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းတွေကို နိုင်ငံတော်အစိုးရရဲ့ငွေကြေး၊ နည်းပညာနဲ့ အခြားလိုအပ်ချက်တွေကို ပံ့ပိုးကူညီပေးတဲ့အတွက် လုပ်ငန်းများအောင်မြင်မှုရှိနေတယ်လို့သိရှိရပါတယ်။

ဟုတ်မဟုတ်၊ မှန်မမှန်ကိုတော့လာမယ့် ပြည်ထောင်စုနေ့မှာ ပြည်သူတွေမျက်ဝါးထင်ထင် တွေ့မြင်ကြရတော့မှာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲကို နေပြည်တော်ဥပ္ပါတသန္တိစေတီတော်တောင်ဘက် တပေါင်းကွင်းမှာ ဖေဖော်ဝါရီလ ၁၀ ရက်မှ ၁၄ ရက်အထိ ပြသမှာပါ။ အဲဒီကွင်းထဲမှာ ဝန်ကြီးဌာနပြခန်းများ၊ တိုင်းဒေသကြီး/ပြည်နယ်ပြခန်းများ၊ တိုင်းရင်းသားရိုးရာအစားအစာရောင်းချတဲ့ဆိုင်ခန်းများ၊ လုပ်ငန်း/ စီးပွားချိတ်ဆက်မှုများ(B2B)၊ နည်းပညာပြခန်းများ၊ ပြင်ပစက်ပစ္စည်းနှင့်ထုတ်ကုန်ပြခန်းများ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းနှင့်ကုန်ထုတ်သမဝါယမပြခန်းများအပါအဝင် ပြခန်းပေါင်း (၉၆) ခန်းပြသမှာဖြစ်ပါတယ်။ အဓိကအားဖြင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲပဲဖြစ်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကို ဘက်စုံထောင့်စုံကဏ္ဍစုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းလျက်ရှိရာမှာ အဓိကအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးလည်း ပါဝင်ပါတယ်။

**နိုင်ငံတော်ရဲ့ဒေသအနှံ့အပြားမှာရှိကြတဲ့ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME) လုပ်ငန်းတွေကို နိုင်ငံတော်အစိုးရရဲ့ငွေကြေး၊ နည်းပညာနဲ့အခြား လိုအပ်ချက်တွေကို ပံ့ပိုးကူညီပေးတဲ့အတွက် လုပ်ငန်းများအောင်မြင်မှုရှိနေ . . .**

**ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ ပြိုင်ပွဲကနေတစ်ဆင့် MSME လုပ်ငန်းတွေဟာ နိုင်ငံတော်ရဲ့အမျိုးသားရေးရည်မှန်းချက်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုမှာဖြစ်. . .**

နိုင်ငံတော်ရဲ့ စီးပွားရေးဦးတည်ချက်(၃)ရပ်ချမှတ်ထားပါတယ်။အဲဒီသုံးရပ်စလုံးကလည်း MSME လုပ်ငန်းတွေနဲ့ဆက်စပ်နေပါတယ်။ စိုက်ပျိုးမွေးမြူရေးကနေကုန်ထုတ်လုပ်မှုတိုးတက်မြင့်မားရေးကို ဦးတည်ပါတယ်။ MSME လုပ်ငန်းများနဲ့ပတ်သက်လို့ ကုန်ကြမ်းပစ္စည်းကအဓိကပါပဲ။ ဒေသတွင်းမှာကုန်ကြမ်းပစ္စည်းလုံလောက်စွာထွက်ရှိအောင် ဆောင်ရွက်ကြရပါမယ်။

မြန်မာနိုင်ငံရဲ့ (MSME) ကုန်ထုတ်လုပ်ငန်းများမှာ ၆၅ ရာခိုင်နှုန်းက စားသောက်ကုန်ထုတ်လုပ်တဲ့ လုပ်ငန်းတွေဖြစ်ပါတယ်။ စားသောက်ကုန်ထုတ်လုပ်တဲ့လုပ်ငန်းတွေ ဆောင်ရွက်မယ်ဆိုရင်စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေကိုအောင်မြင်အောင်လုပ်ဆောင်ကြဖို့လိုပါတယ်။ အဲဒီလိုလုပ်ဆောင်ခြင်းအားဖြင့် ကုန်ကြမ်းပစ္စည်းတွေထွက်ရှိလာမှာဖြစ်ပါတယ်။ ကုန်ထုတ်လုပ်ငန်းမှန်သမျှအတွက် လိုအပ်တဲ့လျှပ်စစ်မီးရရှိဖို့အတွက်လည်းနေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို တစ်နိုင်တစ်ပိုင်ဆောင်ရွက်နိုင်ပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့ကလည်း နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းလုပ်ငန်းများကို ဆောင်ရွက်နေပါတယ်။ နေရောင်ခြည်စွမ်းအင်သုံးလျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်း စီမံကိန်းများ အောင်မြင်ပြီးစီးပါက လျှပ်စစ်မီးများ လုံလောက်စွာရရှိမှာဖြစ်ပါတယ်။

အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေး(MSME)လုပ်ငန်းတွေဟာ အမျိုးအစားအားဖြင့် အလွန်ပဲများပြားလှပါတယ်။ ကုန်ထုတ်လုပ်မှုလုပ်ဆောင်မှာလား၊ ဝန်ဆောင်မှုလုပ်ငန်းလုပ်ဆောင်မှာလား စသည်ဖြင့် အရေအတွက်တွေ အများကြီးပါ။ ဒေသတစ်ခုထုတ်ကုန်တစ်မျိုးနဲ့ တွက်ရင်တောင် ထုတ်ကုန်တွေအများကြီး၊ MSME လုပ်ငန်းတွေများပြားပါတယ်။ ဒီလိုလုပ်ငန်းတွေမှာ အလိုအပ်ဆုံးဖြစ်တဲ့ အရင်းအနှီး၊ ငွေကြေးနဲ့မြေနေရာ၊ လျှပ်စစ်ဓာတ်အားစတာတွေကို နိုင်ငံတော်က ပံ့ပိုးလုပ်ဆောင်ပေးနေပါတယ်။ အလားတူ စီးပွားရေးလုပ်ငန်းမှန်သမျှအတွက် မဖြစ်မနေလိုအပ်လှတဲ့ ပညာရှင်တွေကိုလည်း နိုင်ငံတော်အစိုးရက မွေးထုတ်ပေးနေပါပြီ။

လုပ်ငန်းဆောင်တာတိုင်းမှာ ကျွမ်းကျင်ပညာရှင်တွေလိုအပ်ပါတယ်။ ဒါ့ကြောင့်လည်း နိုင်ငံတော်အစိုးရအနေနဲ့ အနာဂတ်ကိုမျှော်မှန်းပြီး ဘက်စုံပညာရေးစနစ်ကို ကျင့်သုံးနေတာဖြစ်ပါတယ်။ ဘက်စုံပညာရေးစနစ်မှာ ကျောင်းသား၊ ကျောင်းသူတိုင်း KG+9 အဆင့်အထိမဖြစ်မနေသင်ယူကြရမယ်။ KG+9 ကနေ အခြေခံအထက်တန်းအဆင့်ကို ဆက်လက်လျှောက်လှမ်းမလား သို့တည်းမဟုတ် စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာနဲ့ မွေးမြူရေးအတတ်ပညာလမ်းကြောင်းကို ဆက်လက်လျှောက်လှမ်းမလား နည်းလမ်းလေးလမ်းဖန်တီးပေးထားပါတယ်။ စက်မှု၊ စိုက်ပျိုးရေးနဲ့ မွေးမြူရေးလမ်းကြောင်းကတော့ အသက်မွေးဝမ်းကျောင်းပညာကို တိုက်ရိုက်သင်ယူနိုင်တဲ့လမ်းကြောင်းဖြစ်ပါတယ်။

MSME ဆိုတဲ့စီးပွားရေးလုပ်ငန်းတွေ တိုးတက်အောင်မြင်စေချင်လွန်းလို့ နိုင်ငံတော်အစိုးရရဲ့စီမံမှုဖြစ်ပါတယ်၊ ပညာတတ်ပေါများလာတာနဲ့အမျှ စီးပွားရေးလုပ်ငန်းတွေမှာ လူသားအရင်းအမြစ်တွေတိုးပွားလာမှာဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရရဲ့ စီးပွားရေးဦးတည်ချက်(ခ)မှာ “တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကိုမဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာပို့ကုန်ကဏ္ဍမြှင့်တင်ရေး” လို့ဖော်ပြထားပါတယ်။

**စာမျက်နှာ ၂၁ သို့**

**စာမျက်နှာ ၂၀ မှအဆက်**

ပို့ကုန်ကဏ္ဍမြှင့်တင်ဖို့ဆိုရင် ကုန်ထုတ်လုပ်ငန်းမှန်သမျှကထုတ်လုပ်တဲ့ကုန်ပစ္စည်းတွေအရည်အသွေးပြည့်မီဖို့ လိုအပ်ပါတယ်။ ထို့အတူ ထုပ်ပိုးမှုကောင်းဖို့လည်း လိုအပ်ပါတယ်။ လုပ်ငန်းတိုင်းမှာအောင်မြင်မှုရှိစေဖို့ဆိုရင် လုပ်ငန်းရှင်ရော လုပ်သားများအားလုံးကပါ မိမိတို့လုပ်ငန်းအပေါ် One Region One Product ဖြစ်အောင် စေတနာထားပြီး လုပ်ဆောင်ကြဖို့လိုအပ်ပါတယ်။ ဒီလုပ်ငန်းကြောင့် ငါတို့ရဲ့လူမှုစီးပွားဘဝအဆင်ပြေနေတာမို့ ဒီလုပ်ငန်းကြီးရဲ့အရှိန်အဟုန်ပိုမိုတိုးတက်မြင့်မားအောင်လုပ်ဆောင်ကြမယ်ဆိုတဲ့ စိတ်ထားဟာ အောင်မြင်မှုလမ်းကြောင်းပါပဲ။

ပြည်ထောင်စုအဆင့် MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲကနေတစ်ဆင့် MSME လုပ်ငန်းတွေဟာ နိုင်ငံတော်ရဲ့ အမျိုးသားရေးရည်မှန်းချက်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို များစွာအထောက်အကူပြုမှာဖြစ်ပါတယ်။ One Region One Product သို့မဟုတ် One Village One Product ဖြစ်ရေးက အဓိကထားဆောင်ရွက်နေတာမို့ ဒီပြပွဲပြိုင်ပွဲမှာ ဒေသတစ်ခုက ထွက်ကုန်တစ်ခုဟာ စိတ်ဝင်စားဖို့ကောင်းပါတယ်။ ပြောရမယ်ဆိုရင် ဧရာဝတီတိုင်းဒေသကြီးက ထွက်ကုန်နဲ့ ရှမ်းပြည်နယ်က ထွက်ကုန် မတူတဲ့အတွက် ပြည်သူတွေအနေနဲ့ ဗဟုသုတတိုးပွားသလို စိတ်ဝင်စားဖွယ် ထုတ်ကုန်မျိုးစုံတွေ့ရမှာပါ။

ပိုပြီးစိတ်ဝင်စားဖို့ ကောင်းတာက လုပ်ငန်းရှင်တွေအနေနဲ့ ဝန်ကြီးဌာနတွေနဲ့ နီးကပ်စွာချိတ်ဆက်နိုင်ပြီး ပြည်တွင်း၊ ပြည်ပဈေးကွက်တွေကို ပိုမိုချိတ်ဆက်နိုင်မှာဖြစ်ပါတယ်။ MSME လုပ်ငန်းတွေမှာ အသုံးပြုနေတဲ့ ကုန်ကြမ်းတွေကလည်း မိမိတို့နဲ့နီးစပ်တဲ့ ဒေသကနေရရှိနိုင်တဲ့ အခွင့်အလမ်းတွေကို သိမြင်လာမှာဖြစ်ပါတယ်။ MSME လုပ်ငန်းမှာ ထုတ်လုပ်ခြင်း၊ ရောင်းဝယ်ခြင်း၊ ဝန်ဆောင်မှုပြုလုပ်ခြင်းနဲ့ အခြားလုပ်ငန်းရပ်များဆိုပြီး ကဏ္ဍလေးခုရှိရာမှာတစ်ခုနဲ့တစ်ခု ဆက်စပ်လျက်ရှိပါတယ်။ တူညီစွာလည်ပတ်မှုရှိနေဖို့ ကုန်ထုတ်လုပ်ငန်းတွေကို တစိုက်မတ်မတ်လုပ်ဆောင်နေကြရမှာဖြစ်ပါတယ်။

နိုင်ငံတော်အကြီးအကဲကိုယ်တိုင်က အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေး (MSME) လုပ်ငန်းတွေကို အစဉ်တစိုက်အားပေးမြှင့်တင်ပြီး လိုအပ်တာတွေ ဖြည့်ဆည်းအားပေးဆောင်ရွက်နေတာဟာ တိုင်းပြည်ရဲ့စီးပွားရေးမြှင့်တင်ဖို့၊ ပြည်ပသွင်းကုန်များအစားထိုးဖို့၊ ပြည်ပကိုမိမိတို့ ပြည်တွင်းက ထုတ်ကုန်တွေ တင်ပို့နိုင်ဖို့ဆိုတဲ့ ရည်ရွယ်ချက်တွေနဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ (၇၈)နှစ်မြောက်ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုတဲ့အနေနဲ့ MSME ပြပွဲ၊ ပြိုင်ပွဲကို ပြည်ထောင်စုအဆင့် ကျင်းပတာဖြစ်ပါတယ်။ ပြည်ထောင်စုအဆင့်ပြပွဲနှင့် ပြိုင်ပွဲဖြစ်တာနဲ့အညီ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုတို့က ဒေသထုတ်ကုန်တွေကို တစ်နေရာတည်းမှာ ဝယ်ယူအားပေးနိုင်တဲ့အခွင့်အရေးပါပဲ။ "ပစ္စည်းချင်းတူရင် ဈေးနှုန်းသက်သာရမယ်။ ဈေးနှုန်းချင်းတူရင်အရည်အသွေးပိုကောင်းရမယ်" ဆိုတဲ့ နိုင်ငံတော်အကြီးအကဲရဲ့လမ်းညွှန်ချက်နဲ့အညီ ထုတ်လုပ်ခင်းကျင်းရောင်းချမှာဖြစ်ပါတယ်။ MSME ထုတ်ကုန်ပြပွဲနဲ့ပြိုင်ပွဲကိုလာရောက်လေ့လာဝယ်ယူသူတွေအတွက် ရေ၊ လျှပ်စစ်မီး၊ သန့်ရှင်းရေး၊ ကျန်းမာရေးစောင့်ရှောက်မှုစတဲ့ လိုအပ်ချက်တွေအားလုံးကိုဖြည့်ဆည်းပေးထားပြီး သက်သောင့်သက်သာအဆင်ပြေအောင် စီစဉ်ပေးထားကြောင်းလည်း သိရှိရပါတယ်။ အဲဒီပွဲတော်ကတစ်ဆင့် ထွက်ရှိလာမယ့်အဆင့်မြင့်ထုတ်ကုန်ပစ္စည်းအမယ်သစ်များ၊ အရည်အသွေးမီကုန်ပစ္စည်းများကို ပြည်ပသို့ပို့ဆောင်ခြင်းဖြင့် နိုင်ငံခြား ဝင်ငွေတွေရရှိလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် **ပြည့်ဂုဏ်မြင့်မားစေမည့် MSME လုပ်ငန်းများ**ကို အရည်အသွေးမီမီ အဆင့်အတန်းမြင့်မြင့်ထုတ်လုပ်ကြရန် ဖြစ်ပါကြောင်း တိုက်တွန်းရေးသားအပ်ပါတယ်။ ။

**❖ တိုက်ရိုက်ထုတ်လွှင့်ပြသမည်မှ**

မြန်မာ့အသံရေဒီယို၊ သဇင် FM၊ ပတ္တမြားFM၊ ချယ်ရီ FM၊ ပဒ္မဝတီ FM၊ မန္တလေး FM၊ ရွှေFM၊ ပုဂံ FMနှင့် Star FM တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube၊ MRTV Website၊ MRTV App: Radio App: နှင့် Online Media တို့မှလည်းကောင်း တိုက်ရိုက်(LIVE)ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ဂုဏ်ပြုဖျော်ဖြေပွဲကို ယင်းနေ့ ည ၆ နာရီမှစတင်ပြီး မြန်မာ့ရုပ်မြင်သံကြားတိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း MRTV NRC နှင့် MRTV Parliament Channel တို့မှ တိုက်ရိုက်(Live )ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ပြီး MRTV HD မှ ည ၈ နာရီသတင်းများအပြီးတွင် ပြန်လည်ထုတ်လွှင့်ပြသပေးသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအားကြိုတင်အသိပေးအပ်ပါသည်။

(သတင်းစဉ်)

**☆ ချန်ပီယံဆုဆွတ်ခူးမှ**

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲတွင် ချန်ပီယံဆုကို Mali Kyal Sin အသင်း၊ ဒုတိယဆုကို SK FC အသင်းနှင့် တတိယဆုကို Phoe-nix အသင်းတို့က ဆွတ်ခူးနိုင်ခဲ့သည်။

အကောင်းဆုံးကစားသမားဆုကို Phoe-nix အသင်းမှ ဒွေးက ဆွတ်ခူးနိုင်ခဲ့သည်။

အလားတူ နံနက် ၁၀ နာရီက ဗိုလ်လုပွဲစဉ်အဖြစ် SK FC အသင်းနှင့် Mali Kyal Sin အသင်းတို့ကစားခဲ့ရာ Mali Kyal Sin အသင်းက ခြောက်ဂိုး နှစ်ဂိုးဖြင့်အနိုင်ရရှိခဲ့ပြီး ချန်ပီယံဆုကို ဆွတ်ခူးနိုင်ခဲ့ကာ အဆိုပါပွဲစဉ်အတွက် အကောင်းဆုံးကစားသမားဆုကို Mali Kyal Sin အသင်းမှ သီဟကိုကိုက ဆွတ်ခူးနိုင်ခဲ့သည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲကို ပြိုင်ပွဲဝင်အသင်း ငါးသင်းပါ နှစ်အုပ်စု၊ လေးသင်းပါ ခြောက်အုပ်စု စုစုပေါင်းပြိုင်ပွဲဝင်အသင်း ၃၄ သင်းဖြင့် ဇန်နဝါရီ ၂၆ ရက်မှစတင်ပြီး ယနေ့ထိ ကျင်းပခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

STA

**အိမ်ပြင်ပဥ္စထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

**(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ဥက္ကဋ္ဌရုံး (နေပြည်တော်)**
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

**(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)**
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

**(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ကချင်ပြည်နယ်)**
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

**(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)**
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

**(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)**
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

**(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ချင်းပြည်နယ်)**
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတိုပေးပို့ရန်(SMS) ၀၉-၈၉၀၉၃၇၅၇၄

**(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)**
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

**(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)**
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

**(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)**
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

**(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)**
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

**(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)**
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

**(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)**
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

**(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့(ရခိုင်ပြည်နယ်)**
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

**(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)**
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

**(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)**
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

**(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)**
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများကို တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါကဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်းအသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နမ့်စန်မြို့၌ ၂၀၂၅ ခုနှစ် လေးခရိုင် အမျိုးသားအလွတ်တန်းဖိတ်ခေါ်ဘောလုံးပြိုင်ပွဲပိတ်ပွဲနှင့် ဆုပေးပွဲကျင်းပ




အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်း တစ်ဦးချင်းဆုရရှိကြသူများကို ဆုတံဆိပ်များနှင့် ငွေသားဆုများ ပေးအပ်ချီးမြှင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ၂၀၂၅ ခုနှစ် လေးခရိုင် အမျိုးသားအလွတ်တန်းဖိတ်ခေါ် ဘောလုံးပြိုင်ပွဲ ပိတ်ပွဲနှင့် ဆုပေးပွဲကို ယနေ့ညနေပိုင်းတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်ခရိုင် နမ့်စန်မြို့နယ် မြို့နယ်အားကစားကွင်း၌ ကျင်းပရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ပြိုင်ပွဲဝင်အသင်းများ၊ ဒိုင်အဖွဲ့ဝင်များ၊ အားကစားဝါသနာရှင်များ၊ ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် နမ့်စန်မြို့နယ် (ခ)အသင်းနှင့် လွိုင်လင်မြို့နယ်အသင်းတို့၏ ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးကြရာ နမ့်စန်မြို့နယ် (ခ)အသင်းက လွိုင်လင်မြို့နယ်အသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ တစ်ဦးချင်းဆုရရှိကြသူများ၊ အသင်းလိုက်ဆုများနှင့် ဒိုင်းဆုရရှိသည့် နမ့်စန်မြို့နယ် (ခ)အသင်းတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆုတံဆိပ်များ၊ ငွေသားဆုနှင့် ဒိုင်းဆုတို့ကို အသီးသီးချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။ (ဗဟ)

# ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ် -၂၀၂၅ ဖွင့်ပွဲအခမ်းအနား ကျင်းပ





**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီးအတွင်း ခရီးသွားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ခရီးသွားမြှင့်တင်ရေး လှုပ်ရှားမှုအဖြစ် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပြင်ဦးလွင် ကျေးလက်ဒေသ စက်ဘီးစီးခရီးစဉ်-၂၀၂၅ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ရှိ ခရိုင်ပြည်သူ့အားကစားကွင်း၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားသို့ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး၊ မန္တလေးတိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးနေလင်းစိုး၊ မန္တလေးမြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း၊ တိုင်းဒေသကြီး အဆင့်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ ဟိုတယ်နှင့်ခရီးသွားဆိုင်ရာအသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ပြင်ဦးလွင် ကျေးလက်ဒေသစက်ဘီးစီးခရီးစဉ်-၂၀၂၅ တွင် ပါဝင်စီးနင်းကြမည့် စက်ဘီးစီးအားကစားသမားများနှင့် စက်ဘီးစီးဝါသနာရှင်များ တက်ရောက်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စက်ဘီးစီးအားကစားသမားများကို သေနတ်ပစ်ဖောက်၍ စတင်တာလွှတ်ပေးပြီး ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းသို့ ပန်းဝင်ရောက်ရှိလာကြသည့်စက်ဘီးစီးအားကစားသမားများကို ကြိုဆို၍ အမှတ်တရလည်ဆွဲတံဆိပ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သူများကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းအတွင်း ခရီးသွားဧည့်သည်များ အပန်းဖြေလေ့လာလည်ပတ်နိုင်ရန် စီစဉ်ဆောင်ရွက်ထားသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ဒုတိယဝန်ကြီးသည် မန္တလေးမြို့ရှိ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များကို ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များ အလွယ်တကူသိရှိနိုင်ရန် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနက ဖေ့စ်လမ်းတွင် ဖွင့်လှစ်ထားသည့် သတင်းနှင့် ပြန်ကြားရေးကောင်တာ၊ နိုင်ငံပိုင်ဟိုတယ်များဖြစ်သည့် မန္တလေးစွမ်းဟိုတယ်နှင့် ထွန်းလှဟိုတယ်လုပ်ငန်း လည်ပတ်နေမှုနှင့် ခရီးသည်တည်းခိုမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယနေ့နံနက်ပိုင်းတွင် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန မန္တလေးရုံးခွဲသို့ သွားရောက်ပြီး ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ အမှုထမ်းများကို တွေ့ဆုံ၍ လိုအပ်သည်များမှာကြားပြီး ဝန်ထမ်းများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)

၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)

၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)

၄။ Myawady Webportal (https://myawady.net.mm)

၅။ Myanmar National Portal (https://myanmar.gov.mm)

## “ပြည်သူ့ကြားက ပြည်သူ့စကား”အစီအစဉ်

မျက်မှောက်ကာလတွင်ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှုတားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ ရင်တွင်းခံစားချက်စကားသံများကို သဇင် FM၏ **“ပြည်သူ့ကြားကပြည်သူ့စကား”** အစီအစဉ်မှ **“NUG ကလည်း တော်လိမ်ရေးရန်ပုံငွေ အဝေမတည့်၊ PDF ကလည်း ဓားပြတိုက်လို့ရတဲ့ငွေ အဝေမတည့်နဲ့ အချင်းချင်းချောက်ချနေတဲ့ နိုင်ငံရေးဗန်းပြများ ”** ခေါင်းစဉ်ဖြင့် ၁၂-၂-၂၀၂၅ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့်တင်ဆက်ပေးသွားမည်ဖြစ်ပါသည်။ လာမည့်အပတ် ဗုဒ္ဓဟူးနေ့ မွန်းလွဲ ၁ နာရီတွင် **“ မရိုးနိုင်သော ကောလာဟလများ”** ခေါင်းစဉ်ဖြင့် ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူ ပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့ နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉-၈၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့် ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ကြောင်းနှင့် ပါဝင်လာသည့် ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များကို လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

## ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး(Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား(၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၄၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုကို နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

## ရေဝတီတံတား(မလွန်)ရေလမ်းကြောင်း ပြောင်းလဲမည်

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**


ရေဝတီတံတား(မလွန်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၃)နှင့် (၄) အကြားမှလည်းကောင်း၊ အဆန်ရေလမ်းကြောင်းကို ရေလယ်တိုင်အမှတ်(၂)နှင့် (၃)အကြားမှလည်းကောင်း သတ်မှတ်ပေးထားပြီး ယခုအခါ မြစ်ကြမ်းပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သောကြောင့် တံတားရေလမ်းကြောင်းကို ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၄ ရက်မှစ၍ အစုန်၊ အဆန်ရေလမ်းအဖြစ် ရေလယ်တိုင်အမှတ်(၄)နှင့် (၅) အကြားမှ ပြောင်းလဲဖွင့်လှစ်မည်ဖြစ်သည်။

ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ၉၈ မီတာရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံးရေမျက်နှာပြင်အထက် ၁၇ မီတာရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့်ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင်တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပြီး မဝင်ရမည့်ရေလမ်းတွင် နေ့အခါ အနီရောင်ကြက်ခြေခတ်အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားမည်ဖြစ်သည်။

တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် ၁၅ ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင် နှစ်ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာတွင် လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် ထုတ်ပြန်ထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ၂၁ ဦး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ

မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့်ငွေကြေးလိမ်လည်မှုလုပ်ဆောင်နေသူများကို ထပ်မံဖော်ထုတ်ဖမ်းဆီးရမိခဲ့သည့် နေရာပြပုံ။






ဖေဖော်ဝါရီ ၉ ရက်တွင် ထပ်မံဖော်ထုတ်ဖမ်းဆီးရမိသည့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ဆောင်နေသူများကို တွေ့ရစဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

မြန်မာနိုင်ငံအတွင်းသို့ တရားမဝင်ဝင်ရောက်လျက်ရှိသည့် ပြည်ပနိုင်ငံသားများကို စိစစ်ဖော်ထုတ်မှုများ ဆောင်ရွက်ခဲ့ရာ အများစုသည် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ ၎င်းတို့၏ကိုယ်ကျိုးစီးပွားများအတွက် အလုပ်လုပ်ကိုင်ရန် တရားမဝင်ဝင်ရောက်လာကြသူများဖြစ်ကြောင်း တွေ့ရှိရသည်။

နိုင်ငံတော် အစိုးရအနေဖြင့်လည်း အဆိုပါ တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းအပါအဝင် အခြားဒုစရိုက်လုပ်ငန်းများကို တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ အပါအဝင် ပူးပေါင်းအဖွဲ့များက တက်ကြွစွာဖြင့် တင်းတင်းကျပ်ကျပ် ရှာဖွေစစ်ဆေးဖော်ထုတ်ဖမ်းဆီးမှုများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၉ ရက်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင် အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများ ဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား အမျိုးသား ၂၁ ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သဖြင့် လိုအပ်သည့်စစ်ဆေးမှုအား ဆောင်ရွက်လျက်ရှိပြီး ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်သည်။

၎င်းနယ်မြေအတွင်း ဖေဖော်ဝါရီ ၅ ရက်မှ ၉ ရက်ထိ တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများဆောင်ရွက်နေသူများကို လုံခြုံရေးဆောင်ရွက်ပေးနေသူ ငါးဦး၊ တရုတ်နိုင်ငံသား အမျိုးသား ၄၈ ဦး၊ အမျိုးသမီး နှစ်ဦး၊ ဗီယက်နမ်နိုင်ငံသား အမျိုးသမီး ၁၈ ဦး၊ မြန်မာနိုင်ငံသား အမျိုးသား ငါးဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၁၀၂ ဦးတို့အား တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်ရာတွင် အသုံးပြုသည့် ဖုန်းမျိုးစုံ အလုံး ၂၆၀၊ Laptop ၂၅ လုံး၊ Destop ၂၁ လုံး၊ Keyboard ၂၈ လုံး၊ Wifi စက် နှစ်လုံး၊ Starlink ခုနစ်လုံး၊ လက်နက်မျိုးစုံ ခုနစ်လက်၊ ကွန်ပျူတာ ၇၂ လုံး၊ ငါးဂိမ်းစက် ငါးလုံး၊မော်တော်ယာဉ်မျိုးစုံ သုံးစီး၊ ဆက်စပ်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များတွင် ဖမ်းဆီးရမိသူများကို စိစစ်ဆောင်ရွက်လျက်ရှိပြီး ဥပဒေနှင့်အညီ တရားစွဲဆိုဆောင်ရွက်ခြင်းနှင့် ပြည်ပနိုင်ငံသားများအား လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကိုရှေးရှု၍ သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်နိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုလုပ်ဆောင်နေသူများနှင့် အခြားဒုစရိုက်လုပ်ငန်းများတွင် ပါဝင်ပတ်သက်သူများကို အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တင်းတင်းကျပ်ကျပ်စုံစမ်းဖော်ထုတ်လျက်ရှိပြီး ပြတ်ပြတ်သားသားအရေးယူဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ (၅၀၁)

# ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာရှိနေအိမ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာရှိနေအိမ်များကို ဇန်နဝါရီ ၂၉ ရက်မှ ဖေဖော်ဝါရီ ၅ ရက်ထိ လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်ဟု ပြည်ဖျက်မီဒီယာများက သတင်းမှားများ မဟုတ်မမှန်ရေးသားဖြန့်ဝေလျက်ရှိကြောင်း တွေ့ရှိရသည်။

အဆိုပါ သတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာမြို့နယ် လုံခြုံရေးတာဝန်ရှိသူတစ်ဦးနှင့် ဒေသခံပြည်သူများ၏ ပြောကြားချက်အရ အနန်းကွင်းကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့ဖျက်ဆီးခဲ့သည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် အကြမ်းဖက်သမားများကသာ ကျေးရွာများအတွင်းဝင်ရောက်၍ အတင်းအဓမ္မလူသစ်စုဆောင်းခြင်း၊ ဆက်ကြေးကောက်ခံခြင်းများလုပ်ဆောင်လျက်ရှိပြီး ၎င်းတို့အပေါ် ထောက်ခံအားပေးမှုမရှိသည့် ကျေးရွာများကို ရှော့တိုက်ဒုံးများ၊ Drone များဖြင့် ပစ်ခတ်တိုက်ခိုက်လေ့ရှိကြောင်း၊ ယခုဖြစ်စဉ်တွင်လည်း အကြမ်းဖက်သမားများသည် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာအချို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အဓမ္မယူဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေးဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများအထင်အမြင်လွဲမှားစေရန်အတွက် သတင်းမှားများ မဟုတ်မမှန်ရေးသား ဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)




# အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊NUG နှင့် ယင်းတို့လက်ဝေခံများ၏ လှုံ့ဆော်၊ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဖေဖော်ဝါရီ ၁၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့်ယင်းတို့၏လက်ဝေခံအဖွဲ့အစည်းများ၊ယင်းတို့နှင့်ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန်နှင့်အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက်လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့်ထိုသို့လှုံ့ဆော်သူ၊ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ဖေဖော်ဝါရီ ၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ်မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌လှုံ့ဆော်ခြင်း၊ဝါဒဖြန့်ခြင်းများပြုမှုလုပ်ဆောင်ခဲ့သည့် "Daw Moe Moe" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရောဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ကဒုံကနိကျေးရွာနေ မိုးမိုး ၆၀ နှစ်ကို နံနက် ၁၁ နာရီ ၅ မိနစ်တွင် ကဒုံကနိနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၅၀၁)

**အကြမ်းဖက်မှု ပပျောက်ရေးအတွက် ပြည်သူသို့အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDFအမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကိုကာကွယ်ပေးခြင်းဖြစ်သည်။

ဝတ္ထုတိုကဏ္ဍ

# ငယ်ငယ်တုန်းကတောစပ်မှာ နေပြောက်မထိုး

ညိမ်းညို



(၁)

ဖိုးနီကြီးက ပုံဆွဲသိပ်တော်တယ်။ သူပုံဆွဲရင် ကျွန်တော်တို့ ဝိုင်းကြည့်နေရတာ။ ဘုန်းကြီးကျောင်း အောက်က ကျွန်းတိုင်လုံးကြီးတွေကြားမှာ အေးစိမ့်နေတာပဲ။ နေလို့ထိုင်လို့လဲ သိပ်ကောင်းတယ်။ ကျွန်တော်တို့ကလေးတစ်သိုက်ကတော့ ဆော့လို့မောလာရင်ပဲဖြစ်ဖြစ်၊ ပူလွန်းလာရင်ပဲဖြစ်ဖြစ်ဘုန်းကြီးကျောင်းအောက် ဝင်ပြေးကြတာပဲ။ အဲဒီမှာ တုံးလုံးပက်လက်လှဲစရာ ကွပ်ပျစ်အကျယ်ကြီးတွေရှိတယ်။ သင်ဖြူးဖျာတွေလည်းခင်းပေးထားတော့ မောမောနဲ့လှဲလိုက်ရင် တမှေးတော့ ငြိမ့်ခနဲပဲ။

ရွာထဲက သက်ကြီးရွယ်အို တစ်ဦးတစ်လေလဲ ခြေဆင်းလဲလူ ရှိနေတတ်တယ်။ ကျောင်းဝင်းကြီးထဲမှာ မန်ကျည်းပင်အုပ်ကြီးတွေက အကိုင်းချင်းယှက်ပြီး ဆိုင်းနေကြတာ။ တော်ရုံနေပြောက်တော့ ကျောင်းအောက်ကို မရောက်ပါဘူး။

ဆက်ရက်ခေါင်းညိုကလေးတွေ ဆက်ရက်ခေါင်းဖြူကလေးတွေ၊ ချိုးနီပုလေးတွေ ချိုးလင်းပြာလေးတွေဆိုတာလဲ သူတို့ကို ရန်မပြုမှန်းသိတော့ ဘုန်းကြီးကျောင်းထဲက အပင်တွေမှာ ပျော်ကြတယ်။ သူတို့အသံလေးတွေ တစာစာနဲ့ စကားများလိုက်ကြတာလဲ လွန်ပါရော။ သူတို့မို့ နေ့ရှိသရွေ့ ပြောနိုင်ပေတယ်။

ကျွန်တော်တို့ကံကောင်းတာတစ်ခုက ကျွန်တော်တို့ရွာဘုန်းကြီးကျောင်းက ကြိမ်လုံး လုံးဝမကိုင်တာပဲ။ မိတ်ဆွေတို့ ကြားဖူးမှာပေါ့။ ကျေးလက်က ဘုန်းတော်ကြီးများ အရိုက်ကြမ်းတယ်တို့၊ ဘိုးဘွားမိဘများလက်ထက်ကတည်းက ဘုန်းကြီးကြိမ်လုံးနဲ့ နှစ်ပါးသွားလာရပြီး သားသမီးတွေရတဲ့ထိ ကြောက်နေရတုန်းတို့ ဘာတို့။

ကျွန်တော်တို့ရွာမှာတော့ မဟုတ်ပေါင်ဗျာ။ သဘောကောင်းလိုက်တာမှ လွန်ပါရော။ ဘုန်းကြီးက သက်တော် ရှစ်ဆယ်ကျော်ပြီ။ ကျွန်တော်တို့ အဘိုးတွေ အဘွားတွေထက်တောင် ကြီးဦးမယ်။ ဝါတော်လဲ ခြောက်ဆယ်ကျော်ပြီပေါ့။

ဘုန်းကြီးက အသားဖြူတယ်။ ကျွန်တော်တို့ အညာမှာတော့ အသားဖြူတယ်ဆိုတာ ရှားတာပေါ့။ ဖြူတာမှ စိုစိုဖတ်ဖတ် ဝင်းဝင်းမွတ်မွတ်ကို ဖြူနေတာ။ မျက်နှာကဝိုင်းဝိုင်းနဲ့ ကိုယ်လုံးတော်ကလဲ ပြည့်ဖြိုးပြီး ကြည်လင်တဲ့အသားအရေရှိတယ်။ နှုတ်ခမ်းက အမြဲတမ်း ပြုံးယောင်သမ်းနေတာ။ ဝတ်ပြုပြီးလို့ ဘုန်းကြီးကို ဖူးလိုက်ရရင်ကို အလိုလို အမောပြေတယ်။ စကားနည်းလေသမျှ အင်မတန်လဲ စိတ်ရှည်တယ်။ ငယ်ဖြူဖြစ်ပါလျက်နဲ့ ကလေးငယ်တွေရဲ့ သဘောသဘာဝကို သိနားလည်ပြီး သည်းခံခွင့်လွှတ်လေ့ရှိတာ ကျွန်တော်တို့အဖို့ ကုသိုလ်ထူးတာပဲ။

ဝိနည်းသိက္ခာကို အင်မတန်လေးစားတယ်လို့ အခြားရွာမှ ဆရာတော်များကပါ တလေးတစား ဆိုကြရတယ်။ လူ့အရေးကိစ္စတွေမှာတော့ သိပ်ပါလေ့မရှိဘူး။ ကျွန်တော်တို့ရွာက အမှုအခင်းကင်းတာလဲ ပါမှာပေါ့။

လောကီ၊ လောကုတ်နှစ်ဖြာသော အကြောင်းအကျိုးတရားတို့နဲ့သင့်လျော်ညီညွတ်အောင် ဆင်ခြင်သုံးသပ်ပြီး ကျွန်တော်တို့ရွာလေးကို စောင့်ရှောက်လာတာ ဘုန်းကြီးတစ်သက်ပဲလို့ ပြောနိုင်တယ်။

ဖိုးနီကြီး ပုံဆွဲသိပ်တော်တာကို ပြန်ကောက်ရရင်။

(၂)

ခါတိုင်းကျောင်းပိတ်ရက်တွေလိုပဲ ဘုန်းကြီးကျောင်းမှာ ကျွန်တော်တို့ကလေးတွေ မြောင်းဆန်နေကြတယ်။

ဘုန်းကြီးက စာအုပ်ဗီရိုကြီး ဖွင့်ပေးထားတာ။ မှန်တွေနဲ့ကာထားတဲ့ ဗီရိုတော့မဟုတ်ဘူး။ အဲဒီထဲက အနှောင့်မှာရွှေစာလုံးထိုးထားတဲ့ စာအုပ်အထူကြီးတွေ၊ ပိုးမစားအောင် စာရွက်ဘေးနဲ့ ထိပ်သားကို ဆေးအနီရောင်သုတ်ထားတဲ့ စာအုပ်အထူကြီးတွေ ရှိတယ်။

ကျွန်တော်တို့ကို ဖွင့်ပေးထားတာက ခပ်ကျဲကျဲရိုက်ထားတဲ့ သစ်သားဗီရို။ အထဲမှာ အရုပ်တွေနဲ့စာအုပ်တွေမှ အများကြီးပဲ။ ပန်းချီပုံတွေ၊ ကာတွန်းအရုပ်တွေ၊ ကဗျာတွေ၊ ပုံပြင်တွေ၊ စကားထာတွေ စုံနေတာပဲ။ ဘာပြောကောင်းမလဲ။ ကျွန်တော်တို့လဲ ကိုယ်နှစ်သက်ရာကောက်ဆွဲပြီး ကျောင်းအောက်က ကွပ်ပျစ်ကြီးတွေပေါ် သွားနှပ်နေကြတာပေါ့။ ဝမ်းလျားမှောက်တဲ့သူက မှောက်၊ ပက်လက်လှန်ပြီး ခြေတစ်ချောင်းချိတ်ထားတဲ့ သူကချိတ်။ ကျွန်တော်တို့ကလေးတွေ စာအုပ်ပင်လယ်ကြီးထဲ မျောနေကြတာ။ ခြအုံတွေ့တဲ့ ကြက်ပေါက်ကလေးတွေလိုပဲ။ ကြွစီကြွစီနဲ့။

အတော်ကြာတော့ ဘုန်းကြီးက အောက်ထပ်ဆင်းလာပြီး ငှက်ပျောသီးတစ်လုံးစီနဲ့ ပေါက်ပေါက်ဆုပ်တစ်ခုစီ လာပေးတယ်။

ကျွန်တော်တို့လဲ မုန့်စား၊ ရေသောက်ပြီး ငြင်းကြခုံကြနဲ့ သူ့စာအုပ်ကိုယ့်စာအုပ်လဲပြီး ပြန်ဖတ်ကြတယ်။ ပျော်စရာကြီးကိုး။

ဖိုးနီကြီးကတော့ ပိုပြီးထူးတယ်။ ဘုန်းကြီးဆီက စက္ကူနဲ့ခဲတံတောင်း လျှောက်ပြီး တွေ့သမျှပုံတွေ ကူးဆွဲနေတော့တာပဲ။ အစကတော့ ကျွန်တော်တို့လဲ ကိုယ့်အကြိုက်နဲ့ကိုယ် စျာန်ဝင်နေကြတာမို့ သတိမထားမိသေးဘူး။

သူကူးဆွဲထားတဲ့ပုံတွေများလာတော့မှ ဟောဗျာ၊ ဖိုးနီကြီးက ပုံဆွဲအလွန်ကောင်းပဲ။ လှလိုက်တာ။ ကူးဆွဲထားတဲ့ပုံတွေကလဲ တူမှတူ။ သူ့ပုံတွေက အရောင်စုံမပါပေမဲ့ အဖြူအမည်းနှစ်ရောင်တည်းနဲ့ကို အသက်ဝင်နေတာ။

ဘယ်ရမလဲ။ အိမ်ပြန်ရောက်တော့ ကျွန်တော်ကြွားတာပေါ့။ ဖိုးနီကြီးက ကျွန်တော့်တို့ သူငယ်ချင်းပဲဟာ။

"အမေ ဖိုးနီကြီး ပုံဆွဲတာ လှလိုက်တာဗျာ။ အရုပ်ကလေးတွေများ ဖောင်းကြွနေတာပဲ"

"ဟဲ့ ဘယ်က ဖိုးနီကြီးတုံး"

ဟုတ်သား။ ဖိုးနီကြီးဆိုတော့ အမေ ဘယ်သိပ့်မလဲ။ ဖိုးနီကြီး၊ ဖိုးနီငယ်ဆိုတာက ကျွန်တော်တို့ကလေးချင်းခေါ်တာ။ သူတို့နာမည်အရင်းက သိန်းဇော်နဲ့ မြင့်ဇော်တဲ့။ ဘိုးလေးညိုရောင်သားအငယ်နှစ်ယောက်ကိုပြောတာ။ ဘိုးလေးညိုရောင်နဲ့ အရီးဒေါ်အုန်းတင်တို့က သူတို့နှစ်ယောက်ကို အသက်ကြီးမှ မွေးတာဆိုတော့ ကျန်တဲ့ အစ်မတွေနဲ့ အသက်တော်တော်ကွာတယ်။

"သြော်... အေး အေး။ သိန်းဇော်လေးလား။ တို့ရွာမယ် ပန်းချီဆရာတစ်ယောက်ထွန်းတာ နည်းသလားကွဲ့။ သူ ပုံများဆွဲနေရင် မင်းတို့ သွားရှုပ်ကြသေးသလား"

"မရှုပ်ပါဘူး အမေရဲ့။ သူ ဘယ်လိုဆွဲတုံး သိချင်လို့ ဝိုင်းတော့ကြည့်ကြတယ်"

"သူငယ်ချင်း အချင်းချင်း ခင်ခင်မင်မင်နေနော်။ မနှောင့်ယှက်ရဘူး။ ဖျက်လိုဖျက်ဆီး မလုပ်ရဘူး။ ဒါနဲ့ ငါ့သားကရော ဘာများ ဝါသနာပါတုန်းကွဲ့"

အမေက သည့်လိုမေးမယ်မှန်း ကြိုမှမသိဘဲ။ ကျွန်တော်လဲ စိတ်ထဲရှိတဲ့အတိုင်းဖြေလိုက်မိတယ်။

"မသိပေါင် အမေရာ။ အခုချိန်ထိတော့ ကျွန်တော်ဖြင့် ဆော့နေရရင် ပျော်နေတာပဲ"

(၃)

နောက်ရက်တွေကျတော့ ဖိုးနီကြီးက ရွာမှာ နာမည်ကြီးသွားပြီ။ ကျန်တဲ့ကလေးတွေလဲ ကျွန်တော့်လိုပဲ အိမ်ပြန်ရောက်တော့ သူတို့အမေတွေကို ကြွားကြမှာပေါ့။ သိတယ်မို့လား။ ကျွန်တော်တို့က သူငယ်ချင်းတွေလေ။

ဘုန်းကြီးက ကျွန်တော်တို့ကျောင်းက ဆရာကို သေချာအပ်ပေးတယ်။ ဖိုးနီကြီး ပုံဆွဲတော်တဲ့အကြောင်း၊ စနစ်တကျတတ်မြောက်အောင် ကူညီပေးစေချင်တဲ့အကြောင်း၊ အဆက်အသွယ်ကောင်းများရှိရင်အပ်နှံပြီး မြေတောင်မြှောက်ပေးစေချင်တဲ့အကြောင်းတွေ အစုံပါတယ်လို့ ဘုန်းကြီးမှာလိုက်တာကို ဆရာက အတန်းထဲမှာ ပြန်ပြောပြတယ်။

ဖိုးနီကြီးကိုယ်တိုင်ကလဲ ပိုကြိုးစားတော့ သူ့ပုံတွေက ပိုလှလာတယ်။ သူ့ဝါသနာက သူ့အရည်အသွေးကို ပိုတောက်ပလာစေတယ်။

ကျွန်တော်တို့ သူငယ်ချင်းတွေကိုလဲ ကျွန်တော်တို့စိတ်ကြိုက် ရှုခင်းပုံလှလှလေးတွေ မညည်းမညူ ဆွဲပေးတယ်။ ကျွန်တော်တို့ကလဲ အိမ်က ကပ်ထရံမှာ သေသေသပ်သပ်ကပ်ပြီး မြတ်မြတ်နိုးနိုး ထားကြတယ်။

ကျွန်တော်တို့မှ သူ့လို မဆွဲတတ်တာ။ တန်ဖိုးထားရမယ်လေ။

(၄)

ကျွန်တော်ရော သားရဲ့မေမေပါ ရင်ခုန်စိတ်လှုပ်ရှားနေကြတယ်။ သားကတော့ တာထွက်ရမဲ့နေရာမှာ တည်တည်ငြိမ်ငြိမ်ပါပဲ။ သားအပါအဝင် မတိမ်းမယိမ်းလေးတွေ ရှစ်ယောက်။ သူတို့အားလုံးအရှေ့မှာ ထုံးအဖြူနဲ့မျဉ်းဆွဲထားတဲ့ ပြေးလမ်းကြောင်းတွေက ကိုယ်စီကိုယ်င ထင်ထင်ရှားရှား။

ဒီနေ့ လွတ်လပ်ရေးအောင်ပွဲနေ့လေ။ ရပ်ကွက်ထဲက မကျဉ်းမကျယ်ပန်းခြံကလေးထဲမှာ ကလေးတွေအတွက် ပျော်ပွဲရွှင်ပွဲလုပ်ပေးနေတာ။ ကလေးတွေကို အကြောင်းပြုအားပေးကြရင်းက ကျွန်တော်တို့လို မိဘတွေလဲ ပါလာတတ်တာဆိုတော့ လူတွေစုံပြီး စည်ကားနေတာပေါ့။

နံဘေးဝန်းကျင်မှာ အသံချဲ့စက်ကထွက်တဲ့ ကြေညာသံ၊ သီချင်းသံတွေနဲ့အတူ ကလေးတွေဆီက တဟေးဟေးအသံတွေရောဆိုတော့ အကုန်လုံးက တက်တက်ကြွကြွနဲ့ ပျော်စရာကြီး။

ဒိုင်လူကြီးက ခရာမှုတ်တယ်ဆိုရင်ပဲ သားအပါအဝင် ကလေးလေး ရှစ်ယောက်လုံး ပြေးလိုက်ကြတာများ မှုန်လို့။ အကုန်လုံး ကြွံ့ကြွံ့ခိုင်ခိုင် သန်သန်မာမာလေးတွေ။ ပြေးနိုင်လွှားနိုင်ကြတယ်။ မိဘပီပီ ကိုယ့်သားကိုတော့ ပိုပြီးသတိထားမိ၊ အားပေးမိတာပေါ့လေ။ သားက အနီရောင်အားကစားဝတ်စုံကလေးနဲ့ဆိုတော့ အများကြားမှာ ထင်းနေတယ်လို့ ကျွန်တော် အောက်မေ့တာပဲ။

ကြိုးစားပမ်းစားပြေးရှာပေမဲ့ သားက သုံးယောက်မြောက်မှ ပန်းဝင်တယ်။ ရှေ့ဆုံးက ပန်းဝင်တဲ့ကလေးလေးဆိုရင် ဝဝလုံးလုံးလေးပေမဲ့ ပြေးသွားတာများ ပေါ့ပါးလိုက်တာ။ ဒုတိယမြောက်ကလေးလေးလဲ ဘာထူးလို့လဲ။ ခြေသိမ်းခြေနှုတ်သိပ်သွက်တာပဲ။

ကျွန်တော်သားကို အပြုံးနဲ့ ဆီးကြိုလိုက်တယ်။ သူ့ မေမေက အအေးတိုက်တယ်။ မောနေပေမဲ့ သားမျက်နှာလေး ပြုံးလို့ပျော်လို့။

"ဖေဖေ ပထမရတာ သားတို့ တစ်လမ်းကျော်ကလေ။ သားတို့ သူငယ်ချင်းပဲ"

သားက သူ့သူငယ်ချင်းအတွက် ဂုဏ်ယူနေပုံပါပဲ။ သားစကားကြောင့် ကျွန်တော် ကြည်နူးမိတယ်။ သူ တတိယရတာကို ဘယ့်နှယ်မှ နေပုံမရဘူး။ ပေါ့ပေါ့ပါးပါးပဲ။ အခြားကလေး ပထမရတာကိုလဲ

စာမျက်နှာ ၂၅ သို့ ➤

# ရွှေဘိုခရိုင်တွင် ယခုနှစ် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၁၇၁၇ ဧက စိုက်ပျိုးမည်


ယခင်နှစ်က နှမ်းစိုက်ခင်းကို တွေ့ရစဉ်။

**ရွှေဘို ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်း ၇၁၇၁၇ ဧကစိုက်ပျိုးသွားမည်ဖြစ်ကြောင်း ရွှေဘိုခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုခရိုင်တွင် နွေသီးနှံစိုက်ပျိုးရာသီ၌ နှမ်းစိုက်ပျိုးရန်အတွက် မြို့နယ်အလိုက်လျာထားမှု အနေဖြင့် ရွှေဘိုမြို့နယ်တွင် ၁၈၁၂၂ ဧက၊ ခင်ဦးမြို့နယ်တွင် ၃၃၁၈ ဧကနှင့် ဝက်လက်မြို့နယ်တွင် ၅၀၂၇၈ ဧက စုစုပေါင်း၇၁၇၁၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

"နွေသီးနှံ စိုက်ပျိုးရာသီ ရွှေဘိုခရိုင်မှာ နှမ်းဧက ၇၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့အတွက် ဆောင်ရွက်ပေးသွားပါမယ်။နှမ်းစိုက်ဧကတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊GAP နည်းနစ်တွေနဲ့ စိုက်ပျိုးဖို့အတွက်လဲ ဆောင်ရွက်ပေးလျက်ရှိပါတယ်" ဟု ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြသည်။

ယခုနှစ် ရွှေဘိုခရိုင်တွင် နှမ်းစိုက်တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ နှမ်းတိုးချဲ့ စိုက်ပျိုးနိုင်ရေး၊ GAPနည်းစနစ်များဖြင့် စိုက်ပျိုးနိုင်ရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးနိုင်ရေး၊အထွက်နှုန်းကောင်းမွန်သည့်မျိုးများ စိုက်ပျိုးနိုင်ရေးအတွက် အသိပညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

နှမ်းကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးဆီဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် နှမ်းကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း ရွှေဘိုခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါ်ဇာဇာမင်းက ပြောပြ၍ သိရသည်။

(၂၀၆)

➤ စာမျက်နှာ ၂၄ မှအဆက်

ကျေကျေနပ်နပ် လက်ခံတယ်ဆိုတဲ့ အနေအထား။

တကယ်တော့ လူငယ်ပဲဖြစ်ဖြစ်၊ လူကြီးပဲဖြစ်ဖြစ် အပြေးပြိုင်တယ်ဆိုတာ ပျော်စရာကောင်းပါတယ်။

ကိုယ့်ပြေးလမ်းကြောင်းနဲ့ကိုယ် အစွမ်းရှိသလောက် ပြေးခွင့်ရှိတယ်။ တစ်ပါးသူလမ်းကြောင်းထဲကို ရှေ့ကနေဖြတ်ဝင်ပြီး ပိတ်ဆို့ထားရင် ဖြစ်ဖြစ်၊ နောက်ကနေ ခိုးဝင်လာပြီး တွန်းတိုက်ရင်ဖြစ်ဖြစ် သူ့ရလဒ်ကို အသိအမှတ်မပြုဘူးလေ။

သားကိုလက်ဆွဲပြီး ကျွန်တော်တို့ မိသားစု ပထမရတဲ့ကလေးရှိရာ မိသားစုဘက်ဆီ လာခဲ့ကြတယ်။ ခပ်လှမ်းလှမ်းမှာ သူတို့လဲ ပြုံးလို့ရယ်လို့ပါပဲ။

"အလကားပါကွာ။ ခရာမမှုတ်ခင် ခြေတစ်လှမ်းခိုးထွက်သွားတာ အသိသာကြီး။ ပထမကင့်ပါသား ရရမှာ"

ဖခင်ဖြစ်ပုံပေါ်သူက မကျေမချမ်းပြောရင်း ကလေးလက်ကိုခပ်ဆောင့်ဆောင့်ဆွဲပြီး ကျွန်တော်တို့အနားက ဖြတ်သွားတယ်။ ကျွန်တော် လှည့်ကြည့်တော့ ဒုတိယရသူ ကလေးလေးရဲ့ ကျောပြင်ကိုသာ မြင်လိုက်ရပြီး လူအုပ်ကြားထဲ တိုးဝင်ပျောက်ကွယ်သွားကြတယ်။

တွေ့တွေ့ချင်း သားနဲ့ သူ့သူငယ်ချင်း ဝတုတ်ကလေးက ပြေးဖက်ကြတယ်။

"ဖက်တီး မင်းဘယ်တုန်းက ကျိတ်ကျင့်နေတာလဲ။ လျင်တယ်ကွာ"

ကျွန်တော် ပြုံးမိတယ်။ ပထမရတဲ့ ဝဝလုံးလုံးလေးက ဖက်တီးဆိုပါလား။ သားတို့မှာလဲ သူ့တို့အသက်အရွယ်နဲ့သူတို့ နာမည်ပြောင်လေးတွေ ပေးထားကြသေးတာကိုး။

ကျွန်တော်တို့ မိဘအချင်းချင်းလဲ သားသမီးကိစ္စအကြောင်းပြုလို့ စကားစမြည် ဆိုဖြစ်ကြတယ်။ ကျွန်တော် ပျော်တယ်။ မိတ်ဆွေစက်ဝန်းကျယ်ပြန့်တာဟာ ကောင်းတဲ့ကိစ္စပဲ။

"ယုန်ကလေး ထပ်ကြိုးစားအုံးကွာ။ မင်း ပြေးအားကျသွားတယ်"

ဟော ဘာတဲ့။ သားမှာလဲ နာမည်ပြောင်နဲ့။ ယုန်ကလေးဆိုပဲ။ ကျွန်တော်တို့လဲ မသိရပါလား။ ဟုတ်သား၊ ရှေ့သွားကလေးနှစ်ချောင်းကြီးနေတဲ့ သားမျက်နှာဖြူဖြူလေးက ယုန်ကလေးအတိုင်း။ နားရွက်ကလေးနှစ်ဖက်ကလဲ ကားကားထောင်ထောင်။

ဒုတိယရတဲ့ကလေးလေးသာ ရောက်လာမယ်ဆိုရင် သူ့မှာလဲ ကလေးအချင်းချင်း ချစ်စနိုးပေးထားတဲ့ နာမည်ပြောင်လေးတစ်ခု ရှိနေဦးမှာ သေချာပါတယ်။

(၅)

"အိမ်ကသွားတုန်းက ပါတယ်လေ။ မေမေကိုယ်တိုင် သေချာထည့်ပေးလိုက်တာပဲ။ သားစာအုပ်က ဘယ်အချိန်မှာ ပျောက်ရတာလဲ"

"အိမ်ကပါသွားတာကို သားလဲ မှတ်မိတယ် မေမေရဲ့"

သားက သူ့တစ်ယောက်တည်းပြောနေသလို တွေးတွေးဆဆနဲ့ ဆက်ပြောနေတယ်။

"လမ်းမှာလဲ မကျနိုင်ပါဘူး။ သားကျောပိုးအိတ်ကို သေချာပိတ်ထားတာပဲ"

"သား သေချာစဉ်းစားစမ်း။ ကျူရှင်မှာများ ပျောက်သလား"

"ဟုတ်တယ်မေမေ၊ အဲဒီလို ပြောရတော့မှာ သားကျူရှင်ဆင်းလို့ စာအုပ်တွေကျောပိုးအိတ်ထဲ ပြန်ထည့်တော့ မရှိတော့ဘူး"

"ဟင် ဒါဆို သားက ဆရာမကို မပြောဘူးလား"

"မပြောဘူးမေမေ။ ဆရာမကိုပြောလိုက်ရင် အခြားသူငယ်ချင်းတွေ ယူထားသလိုလို ဖြစ်မှာစိုးလို့"

"ဖအေတူသားကတော့ လုပ်ပြန်ပြီ။ မေမေ့ကို မှန်မှန်ပြောစမ်း။ မောင်ဝေယံ သားအနားလာသေးသလား"

ကျွန်တော် မနေသာတော့။ ဝင်ဟန့်ရတယ်။

"ဟေ့ ဟေ့၊ တော်ပါကွာ။ မင်းတို့ဟာကလဲ အခြားကလေးနာမည်ထည့်မပြောပါနဲ့"

သားနဲ့ သူ့မေမေကတော့ ကျွန်တော်မကြားအောင်တိုးတိုး တိုးတိုး ဆက်ဆွေးနွေးနေကြတယ်။

အကြောင်းအရာက ကျွန်တော်သဘောပေါက်သလောက် သားက ကျူရှင်မှာ စာအုပ်တစ်အုပ်ပျောက်ခဲ့တယ်။ စာအုပ်က အတန်းတင်စာမေးပွဲကြီးအတွက် ဘာသာစုံ ကျက်ပြီးသား၊ တွက်ပြီးသားစာတွေကို သားကိုယ်တိုင် ပြန်ရေး၊ ပြန်တွက်ပြီး မှတ်ထားတဲ့စာအုပ်။ သားက စာမေးပွဲကြီးနီးရင် အဲဒီလိုလုပ်တတ်တဲ့ အကျင့်ကောင်းလေးရှိတယ်။ သူ့မှတ်စုစာအုပ်က လက်ရေးတွေလဲ သပ်သပ်ရပ်ရပ် ရှိတယ်။ သူ့ဘာသာ အလွတ်ကျက်ပြီး ရေးဖြေပြန်ဖြေရင်း စုစည်းထားတဲ့သဘော။ သားက စာအုပ်တွေအများကြီး ပြန်လှန်မနေတော့ဘဲ အဲဒီစာအုပ်ကလေးကို ပြန်နွှေးနေလေ့ရှိတယ်။။ ဒီတော့ သား နှမြောရှာပေမပေ့ါ။

ကျွန်တော်ကတော့ စာအုပ်လေးထက် အပြေးပြိုင်ပွဲတုန်းက စိတ်နေသဘောထားမျိုး သားတို့သူငယ်ချင်းတွေဆီမှာ ပျောက်သွားမှာကို နှမြောနေမိတာ။

ဘာရယ်မဟုတ်ဘူး။ စာကြည့်စားပွဲမှာထိုင်ပြီး သားအမိနှစ်ယောက် စကားဝိုင်းကိုငေးရင်း ရောက်တတ်ရာရာ ကျွန်တော် တွေးနေမိတယ်။

ကျွန်တော်တို့ငယ်ငယ်တုန်းကတော့ တောစပ်မှာ နေပြောက်မထိုးဘူး။ အတူပါလာတဲ့ အဖေ၊ အမေကလဲ နေပြောက်အထိုးမခံဘူး။ ဆရာ၊ ဆရာမများကလဲ နေပြောက်အထိုးမခံဘူး။ ရွာရိပ်ဝန်းကျင်ကလဲ နေပြောက်အထိုးမခံဘူး။ ဤသာနေပြောက်တွေအစားမုဒိတာမိုးပုလဲပန်းတွေကိုသာ ကျွန်တော်တို့အပေါ် ဖွဲဖွဲစွေစွေ ရွာသွန်းစေခဲ့ပေတာပဲ။

ကျွန်တော်တို့သားသမီးလေးတွေ နေပြောက်မထိုးတဲ့တောစပ်ကနေဝင်သွားခွင့်ရကြမယ်ဆိုရင် ရှေ့ဆက်ရမဲ့သူတို့ဘဝ တောအုပ်ကလေးတွေအပေါ် သူ့အတိုင်းအတာနဲ့သူတော့ စိမ်းလန်းစိုပြည်စေမှာပေ့ါလေ။

## အောင်မြင်ရာ ဘဝလမ်း

\- အောင်မြင်ရန် နည်းလမ်းအစ
စည်းကမ်းက အခြေခံ၊
ကိုယ့်ကိုယ်ကိုယ် တန်ဖိုးထား
ရိုးသားမှန်ကန်၊
ဖွဲ့ လုံ့လ ဝီရိယမှန်
ကြိုးစားရန် စဉ်နိုးကြား၊
ရည်မှန်းရာ ဘဝရေး
မနှေးအင်အား။

\- တတ်ပညာ ဗဟုသုတများ
ဖြည့်တင်းထား အရာရာ၊
အတွေ့ကြုံ သုံးသပ်လို့
ဆုံးဖြတ်သေချာ၊
ပေါင်းသင်းလည်း မမှားကာ
ဒုစရိုက်လွှာ ရှောင်ကြဉ်လျက်၊
အောင်မြင်ရာ ဘဝလမ်း
လျှောက်လှမ်းရှေ့ဆက်။

\- အများအကျိုး သယ်ပိုးရွက်
တိုးတက်ရေး တွေးမြော်မြင်၊
စွမ်းနိုင်ရာ တစ်ဖက်တစ်လမ်းက
ဝန်ထမ်းစေချင်၊
ဖြူစင်သည့် စိတ်ထားအစဉ်
မင်္ဂလာ မပျက်ထုံး၊
ငြိမ်းချမ်းရာ ဘဝက
လှပမဆုံး။

\- အမိုက်မှောင်တွေ ပျက်သုဉ်းဖို့
ခြယ်မှုန်းမည့် အလင်းရောင်၊
အမှားအမှန် သိဉာဏ်အချင်း
အလင်းတန်ဆောင်၊
စာပေအလှ ထွန်းလင်းပြောင်
အောင်မြင်အောင် လမ်းပြပေး၊
ချီးမွမ်းရာ စင်မြင့်ထက်
ဂုဏ်တင့်လျက်လေး။ ။

**ကိုရွှေတောသား(ဆင်ကူး)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

➤ **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထားဆောင်ရွက်ပါ။

➤ မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လှေကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# ဝတ်မှုန်ကူးခြင်း

**ရှာသားဖိုးမောင်**

(၁)

**စကားဆိုတာ ပါးစပ်နဲ့ရေးတဲ့စာ။**
**စာဆိုသည်မှာ လက်နှင့်ပြောသောစကား။**
**စကားပြောကလူအများနားလည်အောင်ရေးရသည်။**
**ကဗျာကား လူခံစားအောင်ရေးရသည်။**

**ဒဂုန်တာရာ(၁၉၁၉-၂၀၁၃)**

ကိုယ်တိုင်လက်ရေးနှင့် ဗလာစာအုပ်ထဲမှစာရွက်များတွင် ရေးဖွဲ့သီကုံးခဲ့သောကဗျာလေးတချို့သည် နိုင်ငံကျော်အောင် ထင်ရှားလူသိများခဲ့ပေသည်။ မြင်းခြံခရိုင်၊ တောင်သာမြို့နယ်၊ ဇဂျမ်းကန်မြဲကျေးရွာမှစာဆိုရှင် **ကန်မြဲအေးကျော်** ရေးသားသော တေးကဗျာလေးများသည် ဇဂျမ်းကန်မြဲရွာဇာတိ ဆရာတင်မိုးယူဆောင်သွားကာ ရန်ကုန်တွင် ဂီတပညာရှင် လင်းခေးလုလင်ကိုဖတ်ကြည့်စေသောအခါ စာကြမ်းကဗျာလေးများသည် တေးဂီတအသံအဖြစ်ပြောင်းလဲသွားကာ မြန်မာ့အသံရေဒီယိုမှတစ်ဆင့် အဆိုတော်ခင်သစ်လွင်၊ အဆိုတော်ခင်အုန်းမြင့်လေး၊ အဆိုတော် မြင်းခြံကိုဘသောင်းတို့၏ ချိုလွင်ဝေစည်သာယာသောအသံများဖြင့် လှပသောတေးများ ဖြစ်သွားကြပါတော့သည်။

ဆရာကန်မြဲအေးကျော်ရေးဖွဲ့ပြီး မြန်မာ့အသံရေဒီယိုလေလှိုင်းသံမှ တစ်နိုင်ငံလုံးကြားခဲ့ရသောသီချင်းလေးများကို အသက် ၅၀ကျော်သူများတော့ သတိတရမှတ်မိလောက်ပါသည်။

**၁။ တောင်တော်ပုပ္ပား** ကိုဘသောင်း
**၂။ ပန်းရည်ဘဏ်တိုက်** ခင်သစ်လွင်
**၃။ ရုပ်သေးပွဲသွားရအောင်** ခင်အုန်းမြင့်လေး

မြန်မာ့အသံနံနက်ပိုင်းအစီအစဉ်မှ တောင်တော်ပုပ္ပားသီချင်းကို လွှင့်လေ့လွှင့်ထရှိခဲ့ဖူးသည်။ မြန်မာဂီတနှစ်သက်မြတ်နိုးသူများက သတိထားမိကြပါ၏။

"သီရိမင်္ဂလာ.. အညာမြေ၏
မဏ္ဍိုင်တောင်သုံးလုံးဆိုင်" အစချီသည်။

မူလပထမသီဆိုသူက မြင်းခြံမြို့မတူရိယာတီးဝိုင်းအဆိုတော် ကိုဘသောင်းဟုသိရသည်။ အသံအောင်သည်၊ အသံကြည်သည်၊ စကားလုံးများလည်း ပီသရှင်းလင်းသည်။ ဌာန်ကရိုဏ်းကျနသည်။ နားဝင်ချိုသည်။ အသံကောင်းအဆိုကောင်း။

ထိုသီချင်းထဲမှ **"ဘယ်သူပြိုင်လို့လှပါတော့နိုင်"** ဟူသော စကားလုံးအသုံးနှုန်းလေးကား အညာဒေသတောသူတောင်သားများ သုံးလေ့သုံးထရှိကြသော ဒေသိယဝေါဟာရ၊ အတိသယဝုတ္တိအလင်္ကာတစ်မျိုးဖြစ်ပါသည်။ ကဗျာတေးကလေးထဲမှာလဲ နားစွဲလောက်အောင်ဆွဲဆောင်ပေသည်။ လှပပြေပြစ်နေသည်။

(၂)

**"အောင်မြင်သောလူတစ်ယောက်ဖြစ်အောင် မကြိုးစားပါနှင့်။ တန်ဖိုးရှိသော လူတစ်ယောက်ဖြစ်အောင်သာကြိုးစားပါ"**

**အဲလ်ဘတ်အိုင်းစတိုင်း(၁၈၇၉-၁၉၅၅)**
**ထင်ရှားသော သိပ္ပံပညာရှင်**

ချောက်မြို့သည် ပုပ္ပားတောင်၏ အနောက်ဘက်ယွန်းယွန်း ဧရာဝတီမြစ်ကမ်းအရှေ့ဘက်ခြမ်းမှာတည်ရှိ၏။ ရေနံတူးစင်တွေတောင်ကုန်းများပေါ်တွင်တွေ့ရနိုင်သည်။ ချောက်တွေ၊ ကုန်းတွေ၊ တောင်ကုန်း၊ တောင်တန်းလေးတွေရှိသည်။ ချောက်မြို့ရှိကုန်းကမူတစ်ခုခုက အရှေ့ဆီသို့ မျှော်ကြည့်လိုက်လျှင် မိုင် ၂၀ကျော်အဝေးမှာ ပုပ္ပားတောင်ကြီး ပြာပြာညို့ညို့ကို ပတ်ဝန်းကျင်မှ ထိုးထွက်နေသလိုထင်ရှားစွာမြင်ရသည်။ ဤပုပ္ပားတောင်မကြီး ထူးထူးခြားခြား မြင့်မြင့်မားမားသည် မိမိတို့မြေလတ်ဒေသရေနံမြေ၏ နေ့စဉ်ကြည့်မြင်နိုင်သော အမှတ်အသားလည်းဖြစ်နေသည်။ ဂျပန်နိုင်ငံအတွက် ဖူဂျီတောင်သည် သင်္ကေတနိမိတ်ပုံအဖြစ် နိပ္ပွန်တို့မြတ်နိုးကြသကဲ့သို့ ပုပ္ပားသည်လည်း စကားဝါပန်းများ လှိုင်လှိုင်မြိုင်မြိုင်ပွင့်သော မြန်မာ့အငွေ့အသက် မြတ်နိုးစရာအမျိုးသားအမှတ်လက္ခဏာ ဆိုနိုင်ကောင်းပေသည်။

ချောက်မြို့တွင်မွေးဖွားခဲ့သော မောင်ကျော်ဆွေသည် ပုပ္ပားကို အရှေ့အရပ်ဘက်သို့ မျက်နှာမူတိုင်းမြင်နေရသဖြင့် ရင်းနှီးခဲ့သည်။ ချစ်ခင်ခဲ့သည်။ နံနက်၊ ညနေအလင်းရောင် နွေ၊ မိုး၊ ဆောင်း သုံးရာသီ မြင်ကွင်းရှုခင်းများအမျိုးမျိုးကြားတွင် ကြည့်တိုင်းလှသော တောင်တော်ပုပ္ပား၊ မွေးရပ်မြေနှင့် ရင်းနှီးကျွမ်းဝင်သော သဘာဝသင်္ကေတ။

**"ဘယ်သူပြိုင်လို့ လှပါတော့နိုင်"** ဟူသော ပုပ္ပားဒေသကိုဖွဲ့ဆိုသည့်တေးသံကိုကြားတော့ စိတ်ဝင်စားလေးများအတွက်ပို့ဆောင်ရေး၊ သွားလာရေး၊ စားရေး၊ နေရေး အစစအရာရာကို မြို့နယ် ရပ်ကျေး၊ ဌာနေစေတနာရှင်လုပ်အားပေးများနှင့် ထောင့်စေ့အောင် စီမံချက်ချမှတ်၍ ကြီးမားကျယ်ဝန်းလှသော **"ပညာရေး(တော်လှန်ရေး) လှုပ်ရှားမှုကြီး"** အကြောင်း ဆရာမင်းကျော်က ဝတ္ထုရှည်တစ်ပုဒ်လက်တွေ့ဘဝနှင့်ထင်ဟပ်ပြီး ရယ်စရာ၊ လွမ်းစရာ ခံစားစေမည့် ရသအနုပညာဖြင့် ဂုဏ်ပြုမှတ်တမ်းတင်ခဲ့လေသည်။ စာဆိုကဗျာဆရာ ကန်မြဲအေးကျော်၏ တောင်တော်ပုပ္ပားထဲက **"ဘယ်သူပြိုင်လို့လှပါတော့နိုင်"** ကို ဝတ္ထုအမည်ရွေး၍ပေးလိုက်သည်။ ရုပ်ရှင်ရိုက်ပါစေဟုတော့ စိတ်ကူးရှိချင်မှရှိပေမည်။

(၃)

**❖ပညာရှင်များ၏ အမြော်အမြင် နှင့် အပင်ပန်းအဆင်းရဲခံ အားထုတ်မှုများကြောင့် စာတတ်မြောက်ရေးအောင်ပွဲများ ကျေးရွာများစွာ လက်တွေ့ပြောင်းလဲခဲ့သည်အမှန်ပင်။ ဤအချက်ကို အနုပညာ၊ ကဗျာ၊ ဂီတ၊ စာပေ (ဝတ္ထု)၊ ရုပ်ရှင်တို့ဖြင့် ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေး အလေးအနက်အားစိုက်ပါဝင်မှုကိုရယူနိုင်ခဲ့သော အနုပညာရှင်ပေါင်းများစွာ၏ စိတ်ပါလက်ပါ ပူးပေါင်းကူညီမှုများသည် လူထုလှုပ်ရှားမှုကြီးများ ဆက်ကာဆက်ကာ ဝတ်မှုန်ကူး၍ ထိရောက်အောင်မြင်စေခဲ့ပါသည်။ ❖**

လှသည်။ ချောက်မြို့သား ကိုကျော်ဆွေသည် ကျောင်းဆရာ၊ ပညာရေးဝန်ထမ်းအပြင် **မင်းကျော်** ဟူသည့်နိုင်ငံသိ စာရေးဆရာတစ်ဦးဖြစ်လာသောအခါ ပုပ္ပားပတ်ဝန်းကျင် အငွေ့အသက်နှင့် စာပေသင်ကြားခြင်း၏ မြတ်နိုးစရာ အသက်မွေးဝမ်းကြောင်းကို ဂုဏ်ပြုဖော်ထုတ်နိုင်သည့် **"နိုင်ငံလုံးကျွတ်စာတတ်မြောက်ရေး၊ စာမတတ်သူပပျောက်ရေးလူထုလှုပ်ရှားမှုကြီး"**က သူ့နှလုံးသားကိုနိုးထစေခဲ့လေသည်။

ဆရာမင်းကျော်သည် **ငါတို့ခေတ်နှင့်အပြိုင်၊ လှိုင်၊ ပုဂံသား၊ ပဲခူးသား၊ မောင်ကျော်ဇော့ဟုခေါ်သည်၊ အဖြူကိုမည်းသူအနက်ဆိုးသနည်း** စသောဝတ္ထုရှည်များဖြင့် အောင်မြင်ထင်ရှားခဲ့သည်။ ဘာသာပြန်စာပေဆု၊ ဝတ္ထုတိုပေါင်းချုပ်ဆုများ သုံးကြိမ်၊ လေးကြိမ် အမျိုးသားစာပေဆုများ ချီးမြှင့်ခံရသူဖြစ်ပါ၏။

တစ်နိုင်ငံလုံးတွင်ရှိကြသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများက စာမတတ်သူများအားသင်ကြားပေးရန် **"ဝ၊ ထ၊ က၊ လ၊ သ"** ဟူသော (ကကြီး၊ ခခွေးမှ ဋကြီး၊ အ အထိ ဗျည်း ၃၃လုံး အစဉ်အတိုင်း မူလတန်းကလေးသူငယ်များကို သင်ပေးပုံမဟုတ်သည့် နည်းသစ်) သက်ကြီးမြန်မာဖတ်စာသစ်ကို ဆရာကြီးမင်းသုဝဏ်(ဦးဝန်) တို့ပညာရှိအဖွဲ့က ပြုစုခဲ့ကြသည်။ မိတ္ထီလာမြို့နယ်ကျေးရွာတချို့တွင် အောင်မြင်ဖြစ်ထွန်းနိုင်စွမ်း ရှိမရှိ ဆရာကြီး ဦးသန်းဦး၊ ဦးသံဗျင်စသည့် ပုဂ္ဂိုလ်များက အကြိမ်ကြိမ်ကွင်းဆင်းကြီးကြပ်၍ လက်တွေ့စမ်းသပ်သည်။ လိုတိုးပိုလျှော့ပြုပြင်တည်းဖြတ်သည်။ သင်ပြသူ၊ သင်ထောက်ကူ (ဆန်ကော၊ ထုံး၊ သစ်သားပြား၊ သံပြား၊ ဗလာစာအုပ်၊ ခဲတံ) ပစ္စည်းများ၊ သင်ယူကြမည့် သက်ကြီးရွာသူ၊ ရွာသားစာမတတ်သေးသူများ၊ တက္ကသိုလ်ကျောင်းသူ၊ ကျောင်းသား

**"သင်ပိုင်သမျှအရာများထဲမှာ အဖိုးအတန်ဆုံးကသင်ကိုယ်တိုင်ပင်ဖြစ်သည်။ ထို့ကြောင့် အဖိုးအတန်ဆုံးသင်က သင့်အသိုင်းအဝိုင်းဖြစ်ကြသည့် ရုပ်ပိုင်း(ကာယ)၊ စိတ်ပိုင်း(စိတ္တ) နှင့် အပေါင်းအသင်းလူ့အဖွဲ့အစည်း(မိတ္တ) ဖွံ့ဖြိုးတိုးတက်ဖို့ရာအတွက်အဆက်မပြတ် အမြဲတစေ ကြိုးစားနေရပေမည်"**

**ကားလ်မတ်စ်(၁၈၁၈-၁၈၈၃)**
**ဂျာမန်လူမျိုး၊ ဆိုရှယ်လစ်ဝါဒီ**

အနုပညာစိတ်ကူးဆိုသည်က ထုံကူးကြ၏။ အနုပညာဖန်တီးဖော်ထုတ်ကြခြင်းများတွင် လိုင်းမတူ၊ သဘောသဘာဝ ကွဲပြားခြားနားကြသော်လည်း အနုပညာအနှစ်သာရကတော့ ဆွေမျိုး၊ ညီအစ်ကိုမောင်နှမတော်ကြသဖြင့် ဝတ်မှုန်ကူးလေ့ရှိကြ၏။ ကဗျာက သီချင်းဖြစ်လာသည်။ သီချင်းက ဝတ္ထုဖြစ်နိုင်သည်။ ဝတ္ထုကတစ်ဖန် ရုပ်ရှင်တို့၊ ပြဇာတ်တို့အဖြစ်လည်း ပေါ်ထွက်လာတတ်ပေသေးသည်။ ပင်ရင်းအနုပညာခုနစ်မျိုးဆိုလေ့ရှိခဲ့သည်။

| | |
|---|---|
| **၁။ ဇာတ်သဘင်** | **Drama** |
| **၂။ ဂီတ** | **Music** |
| **၃။ ဝတ္ထု** | **Novel(Story)** |
| **၄။ ပန်းချီ** | **Painting** |
| **၅။ ကဗျာ** | **Poetry** |
| **၆။ ပန်းပု** | **Sculpture** |
| **၇။ ရုပ်ရှင်** | **Movie(Film)** |

ဝတ္ထုမှ ပြဇာတ်၊ ပြဇာတ်မှ ရုပ်ရှင်၊ ထို့ပြင် ရုပ်မြင်သံကြား စသည်ဖြင့် ဝတ်မှုန်ကူးပုံများစွာတို့ကို စာဖတ်သူလည်း အနုပညာစိတ်ဝင်စားသူဖြစ်သည့်အလျောက် အကျယ်ပြောစရာမလိုအောင် သဘောပေါက်ပြီးသားဖြစ်လောက်ပါသည်။

ဆရာကန်မြဲအေးကျော်သည်လည်း မြင်းခြံ၊ တောင်သာအရပ်ဒေသကဖြစ်သဖြင့် ပုပ္ပားတောင်စိမ်းပြာပြာ ကုန်းမို့မို့ကြီးကို မိုင် ၃၀ခန့် အရှေ့တောင်ယွန်းယွန်းတွင် နေ့စဉ်မြင်နေခဲ့ရပေမည်။ ဤတော၊ ဤတောင်၊ ဤသစ်ပင်၊ ဤပန်းပွင့်၊ ဤကျေးငှက်များ၊ ယာတော၊ ထန်းတောများကို အသက်နှင့်အမျှ ချစ်ခဲ့ရပေမည်။ ရင်ထဲကယိုစီးကျလာသော ကဗျာစာလုံးများသည် တေးသံဖြစ်ခဲ့ပြီ။ တေးသီချင်းကိုကြားရသူများ နားစွဲနှစ်သက်ကြသဖြင့် ဝတ္ထုအမည် ခေါင်းစီးတင်ကာ **"စာတတ်မြောက်ရေးလှုပ်ရှားမှုကြီးကို ဂုဏ်ပြုရာတွင်"** ဘယ်သူပြိုင်လို့လှပါတော့နိုင် ဟု ရေနံမြေသား ဆရာမင်းကျော်က **ဝတ္ထုရှည်** တစ်ပုဒ်ရေးဖွဲ့ဖန်တီးခဲ့ပြန်သည်။ နိုင်ငံတစ်ခုတွင် လူထုစာတတ်မြောက်ရေးသည် မည်မျှအခြေခံကျစွာအရေးပါပုံကို စာဖတ်သူလည်းနားလည်ပြီးသားပင်။ စာမတတ်၊ ပေမတတ်လူတွေနှင့် ၂၀ရာစုဖွံ့ဖြိုးတိုးတက်မှုအတွက် စက်မှုထွန်းကားစေရန် ခက်ခဲကြန့်ကြာပေလိမ့်မည်။ စိုက်ပျိုးရေးထွက်ကုန် ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ဆီ၊ နေကြာနှင့် စပါးကို အားထားနေကြရသော တောင်သူလယ်သမားတို့ နွားနှင့်ဖက်၍ ရုန်းရသည့်ဘဝမှ စက်မှုလယ်ယာခေတ်သစ်ဆီသို့ ရွေ့လျားနိုင်ရန် စာလေးပေလေးတော့ လူတိုင်းရေးတတ်၊ ဖတ်တတ်ကြရမည်။ ပြည်သူတိုင်းနားဝင်ကြအောင် လှုံ့ဆော်ကြရမည်။ စာတတ်မြောက်ရေးလူထုလှုပ်ရှားမှုကြီးကို အစိုးရအုပ်ချုပ်သူ တစ်ဖက်တည်းလုပ်၍မရပေ။ ပညာရေးက မဏ္ဍိုင်ပြု၍ ပြည်ထဲရေးကပါဝင်ကူညီ၊ ပြန်ကြားရေးကလည်း အနုပညာရှင်များ၏ နှလုံးသားနှင့် ဦးနှောက်များကအလင်းထွန်းညှိကာ အသိပညာပေး လှုံ့ဆော်စည်းရုံးအုန်းအုန်းကျွက်ကျွက် တက်ညီလက်ညီ ချီတက်နိုင်ခဲ့ကြလေသည်။

ပညာရေးအပိုင်းက လက်စွဲဖတ်စာသစ်ပြုခဲ့သော ဆရာကြီး**မင်းသုဝဏ်**(ဦးဝန်)၊ ပညာရေးသုတေသနမှ ဆရာကြီး **ဦးသံဗျင်၊** အခြေခံပညာညွှန်ချုပ်ဆရာကြီး **ဦးသန်းဦး** စသည့် ပညာရှင်များ၏ အမြော်အမြင်နှင့် အပင်ပန်းအဆင်းရဲခံ အားထုတ်မှုများကြောင့် စာတတ်မြောက်ရေးအောင်ပွဲများ ကျေးရွာများစွာလက်တွေ့ပြောင်းလဲခဲ့သည်အမှန်ပင်။

ဤအချက်များကို အနုပညာ၊ ကဗျာ၊ ဂီတ၊ စာပေ (ဝတ္ထု)၊ ရုပ်ရှင်တို့ဖြင့် ပြည်သူလူထု၏ တစ်ခဲနက်ထောက်ခံအားပေး အလေးအနက် အားစိုက်ပါဝင်မှုကို ရယူနိုင်ခဲ့သော အနုပညာရှင်ပေါင်းများစွာ၏ စိတ်ပါလက်ပါပူပေါင်းကူညီမှုများသည် လူထုလှုပ်ရှားမှုကြီးများ ဆက်ကာဆက်ကာ ဝတ်မှုန်ကူး၍ ထိရောက်အောင်မြင်စေခဲ့ပါသည်။ ရုပ်ရှင်ဇာတ်ကား။

အကယ်ဒမီရွှေစင်ဆုငါးကြိမ်ချီးမြှင့်ခံခဲ့ရပြီးသော ဒါရိုက်တာ**စာရေးဆရာသုခ၊ စာရေးဆရာမင်းကျော်၊ ကဗျာဆရာကန်မြဲအေးကျော်၊** ရုပ်ရှင်သရုပ်ဆောင် **အံ့ကျော်၊ ဇော်ဝမ်း၊ တင်တင်လှ** စသောပုဂ္ဂိုလ်များ (ယခုအခါ တစ်ဦးတစ်ယောက်မှ သက်ရှိထင်ရှားမရှိကြတော့ပါ)သူ့ခေတ်၊သူ့အခါသမိုင်းပေးနိုင်ငံတော်၏ လူထုလှုပ်ရှားမှုကြီးတွင် ပါဝင်တာဝန်ကျေပွန်ခဲ့ကြသူအားလုံးကို အသိအမှတ်ပြုလိုက်ရပေသည်။

လူထုလှုပ်ရှားမှုကြီးအဖြစ် စာတတ်မြောက်ရေးလှုပ်ရှားမှုအောင်မြင်ခဲ့သကဲ့သို့ ပြည်သူလူထုကိုယ်တိုင် စာကောင်းပေကောင်းများဖတ်ရှုသိမြင်အသုံးချနိုင်စွမ်းရှိအောင် စုပေါင်းအင်အား( Synergy) သဘောသဘာဝကို ဖော်ထုတ်နိုင်စွမ်းရှိသည့် ခေါင်းဆောင်အသီးသီး၏ အစွမ်းသတ္တိ၊ ကြံရည်ဖန်ရည်၊ လုပ်ရည်ကိုင်ရည်ကို ရှေ့သို့တက်လှမ်းရွေ့လျားလိုကြသော ပြည်သူအပေါင်းက မျှော်လင့်နေကြပေသည်။

# ရေဦးမြို့နယ်တွင် ဖူးစားပြောင်း ၁၁၁၆ ဧက စိုက်ပျိုးပြီးစီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့

**ရေဦး ဖေဖော်ဝါရီ ၁၀**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးခရိုင် ရေဦးမြို့နယ်တွင် ဖူးစားပြောင်း ၁၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ရေဦးမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဖူးစားပြောင်း ၁၀၆၇ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၁၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

" ရေဦးမြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဖူးစားပြောင်းသီးနှံ ၁၀၆၇ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဖူးစားပြောင်း ၁၁၁၆ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး လျာထားဧကထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဖူးစားပြောင်းသီးနှံတွေ အောင်မြင်ဖြစ်ထွန်းစေဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ရေဦးခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

ရေဦးမြို့နယ်တွင်ဖူးစားပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြှောင်တောင်ပိုး ကြိုတင်ကာကွယ်ရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ဖူးစားပြောင်းသီးနှံကို အထွက်နှုန်းကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာမည်ဖြစ်သောကြောင့် ဖူးစားပြောင်းသီးနှံကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဦးဇော်မြင့်ထွန်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်ဝါရီလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့

**ပန်းတနော် ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇန်နဝါရီလအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသက်က ပြောပြသည်။



ပန်းတနော်မြို့နယ်မှ ရေထွက်ကုန်ပစ္စည်း ရောင်းဝယ်ရေးပွဲရုံလုပ်ငန်းများသည် ဒေသထွက် ရေထွက်ကုန်ပစ္စည်းများကို ဝယ်ယူပြီး စနစ်တကျ သန့်စင်ထုတ်ပိုးကာ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလအတွင်းက ငါးမြစ်ချင်း ပိဿာချိန် ၅၅၀၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၃၁ ရက်ထိ တစ်လအတွင်း ငါးမြစ်ချင်း ပိဿာချိန် ၇၈၀၀၀ ထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း သိရသည်။

" ပန်းတနော်မြို့နယ်ကနေ ငါးမြစ်ချင်းတွေ ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလအတွင်းက ရန်ကုန်ဈေးကွက်ကို ငါးမြစ်ချင်းတွေ တင်ပို့မှုအား ကောင်းခဲ့ပါတယ်။ လက်ရှိ ဖေဖော်ဝါရီလထဲမှာလဲ ငါးမြစ်ချင်း ပိဿာချိန် တော်တော်များများ အဝယ်လိုက်နေပါတယ်"ဟု ပန်းတနော်မြို့နယ် ရေထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ပွဲရုံပိုင်ရှင် ဒေါ်အေးအေးသက်က ပြောပြသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ တင်ပို့ရောင်းချနေသည့် ငါးမြစ်ချင်း ပိဿာချိန် ၁၀ လျှင် ငွေကျပ် ၁၁၀၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသမှ ရန်ကုန်ဈေးကွက်သို့ ငါးမြစ်ချင်းများကို နှစ်ရက်လျှင် တစ်ကြိမ် သို့မဟုတ် ငါးရက်လျှင် တစ်ကြိမ်စနစ်ဖြင့် တင်ပို့ရောင်းချလျက်ရှိကြောင်းသိရသည်။

**ကျော်ကျော်လင်း**

# ရှာင်မြို့နယ် ရေလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ရှာင် ဖေဖော်ဝါရီ ၁၀**

ရှမ်းပြည်နယ် (တောင်ပိုင်း) ရှာင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြင်းကျဒိုးကျေးရွာအုပ်စု ရေလှကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးခြင်းကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှာင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်က ရေလှကျေးရွာရှိ ရပ်မိရပ်ဖများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အသင်းသား၊ အသင်းသူများနှင့် တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေများ ထုတ်ချေးရခြင်း၏ ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်း တာဝန်ခံနှင့် ဝန်ထမ်းများက စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့် စည်းကမ်းသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ စီမံကိန်းရန်ပုံငွေကျပ် ၇၀၆ သိန်း လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များက ရေလှကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်မည့် အသင်းသား၊ အသင်းသူ ၁၀၈ ဦးကိုမြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၇၀၆ သိန်း ထုတ်ချေးပေးခဲ့ကြောင်း ရှာင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသိန်းမြတ်ထိုက်ထံမှ သိရသည်။

**မောင်ခိုင်**

# ငပုတောမြို့နယ် ပျဉ်းမကွင်းကျေးရွာ၌ ကွန်ကရစ်ဆိပ်ခံတံတားတည်ဆောက်ပြီးစီးမှု စစ်ဆေး

**ငပုတော ဖေဖော်ဝါရီ ၁၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပျဉ်းမကွင်းကျေးရွာ၌ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေဖြင့် ကွန်ကရစ်ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ပုသိမ်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးဇေယျာဇော်မျိုး၊ ငပုတောမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းနှင့်တာဝန်ခံအင်ဂျင်နီယာများက ပျဉ်းမကွင်းကျေးရွာ၌ ကွန်ကရစ်ဆိပ်ခံတံတား တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားသည်။

အဆိုပါပျဉ်းမကွင်းကျေးရွာ၌ အရှည် ၂၄ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ၁၈ ပေရှိ ကွန်ကရစ်ဆိပ်ခံတံတားတည်ဆောက်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် သန်း၆၀ ဖြင့် တင်ဒါအောင်မြင်သည့် ခွန်းဆက်မိသားစုကုမ္ပဏီက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ စတုတ္ထပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ အားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ငပုတောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်စိုးဝင်းထံမှ သိရသည်။

**သံသာ**

# တောင်တွင်းကြီးမြို့နယ် ပွင့်လှလေးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ စစ်ဆေး

**တောင်တွင်းကြီး ဖေဖော်ဝါရီ ၁၀**

မကွေးတိုင်းဒေသကြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ပွင့်လှကြီးကျေးရွာအုပ်စု ပွင့်လှလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုအခြေအနေများကို ဖေဖော်ဝါရီ ၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်နှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ပွင့်လှလေးကျေးရွာ၌ VRFP စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ လစဉ်ဖြည့်သွင်းရမည့် ငွေစာရင်းဇယားများ စနစ်တကျ ဖြည့်သွင်းထားမှု ရှိ၊ မရှိ၊ စီမံကိန်းဆိုင်ရာ ညွှန်ကြားချက်များအတိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

အဆိုပါ ပွင့်လှလေးကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ကို ၂၀၁၉ - ၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၀၂ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၄၀၁ သိန်း ထုတ်ချေးပေးထားကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျန်ထံမှ သိရသည်။

**နွဲ့ယဉ်**

**မြန်ပြည်တစ်ခွင် သာစေချင် မီးတွင် မပေါ့နှင့်**

ကမ္ဘာ့ကျန်းမာရေးလောကရှုခင်း

# ကမ္ဘာအနှံ့လောင်ကျွမ်းနေသောတောမီးများ

ဒေါက်တာလွှမ်းမိုးဟန်



ကမ္ဘာ့ဒေသအချို့တွင် တောမီးလောင်သည့် သတင်းများ ရံဖန်ရံခါဆိုသလို ကြားရတတ်သည်။ များသောအားဖြင့် အမှုမဲ့အမှတ်မဲ့ နေမိလိုက်ကြသည်။ တောမီးဆိုတော့ တောထဲမှာပဲလောင်မည်၊ သနားစရာတိရစ္ဆာန်ကလေးတွေပဲ သေဆုံးကြရမည်ဟု တွေးမိသည်။ ၂၀၂၅ ခုနှစ် ဇန်နဝါရီလဆန်းက နာမည်ကျော် ဟောလိဝုဒ်အပါအဝင် ကယ်လီဖိုးနီးယားပြည်နယ်တွင် တောမီးလောင်ကျွမ်းရာမှ တစ်ဆင့် အမေရိကန်ဒေါ်လာ သန်းချီတန်ဖိုးရှိအိမ်ကြီး၊ အိမ်ကောင်းများ မီးထဲပါသွားသည်ကို သတင်းများတွင် တွေ့ရမှ တောမီးများအကြောင်း ကမ္ဘာတစ်ဝန်းလုံးက စိတ်ဝင်တစားရှိလာကြသည်။

တစ်ချိန်က ရွှေထွက်ခဲ့သဖြင့် အမေရိကန်နိုင်ငံ၏ ရွှေရောင်လွှမ်းသည့်ပြည်နယ်ဟု တင်စားခေါ်ဝေါ်သော ကယ်လီဖိုးနီးယားပြည်နယ်အတွင်း နေရာတော်တော်များများတွင် မီးတောက်များကြား ပြာပုံအတိဖြစ်သွားသည်။ ရပ်ကွက်တော်တော်များများ မီးထဲပါသွားသည်။ မြေဧက ၄၀၀၀၀ ခန့်မှာ မီးခိုးနှင့် ပြာမှုန့်များသာ ကျန်ရစ်ခဲ့သည်။ ဇန်နဝါရီ ၂၉ ရက်ထိ သတင်းများအရ ကယ်လီဖိုးနီးယားပြည်နယ်၏ နေရာလေးခုတွင် တောမီးက ဆက်လက်လောင်ကျွမ်းခဲ့သည်။ တောမီးအရှိန်မြင့်နေစဉ် ကာလအတွင်း သေဆုံး၊ ပျောက်ဆုံးသူများရှိသည်။ အိမ်ရာမဲ့သူများ များလာသည်။ ဂေဟစနစ်ပျက်စီးသွားပြီး အမေရိကန်နိုင်ငံသမိုင်းတွင် အဆိုးရွားဆုံးသော သဘာဝဘေးအန္တရာယ်ကပ်ဘေးကြီးတစ်ခုအဖြစ် မှတ်တမ်းဝင်ခဲ့သည်။

ကယ်လီဖိုးနီးယားပြည်နယ်အတွက် တောမီးအလွန် ပြန်လည်တည်ဆောက်နိုင်ရေး အချိန်တော်တော်ယူရလိမ့်ဦးမည်။ ယခုလောင်ကျွမ်းသည့် တောမီးက ပုံမှန်လောင်ကျွမ်းလေ့ရှိသည့် တောမီးရာသီတွင်မဟုတ်ဘဲ ရာသီဥတုအလွန်အမင်း ဖောက်ပြန်မှုကြောင့် ရုတ်ခြည်းဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကယ်လီဖိုးနီးယားပြည်နယ်အတွင်း မြောက်အမေရိကတိုက် ကုန်းတွင်းပိုင်းမှ ဝင်ရောက်တိုက်ခတ်လေ့ရှိသည့် Santa Ana လေစီးကြောင်းရှိသည်။ ယခုနှစ်တွင် ထိုလေစီးကြောင်းက အတော်ပြင်းထန်သည်။ ဒေသအတွင်း မိုးခေါင်ကာလမှာလည်း အတော်ကြာမြင့်ခဲ့သည်။ ထိုအချက်နှစ်ချက်ပေါင်းပြီး ရာသီဥတုဆိုးရွားမှုများ ပေါ်ပေါက်လာခဲ့သည်။

သို့သော် သမ္မတဒေါ်နယ်ထရန့်နှင့် သူ၏မဟာမိတ်များ၊ လက်ယာယိမ်းသတင်းမီဒီယာသမားများက ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို လျစ်လျူရှုထားခဲ့ပြီး တောမီးလောင်ရခြင်းမှာ ယခင်အစိုးရ၏ အားနည်းချက်များကြောင့်ဟု ထောက်ပြဝေဖန်လျက်ရှိကြသည်။ ရေစီမံခန့်ခွဲမှုအားနည်းခဲ့သည်ဟု အပြစ်တင်သည်။ မီးသတ်ဌာန၏ဘတ်ဂျက်ကို ဖြတ်တောက်ခဲ့ခြင်းကြောင့်ဟု ထောက်ပြသည်။ နိုင်ငံသားအချင်းချင်းခွဲခြားဆက်ဆံပြီး မတူညီသည့် အခွင့်အရေးများရရှိနေမှုကို အပြစ်ဖို့သည်။ တောမီးများ ပြင်းထန်စွာလောင်ကျွမ်းခဲ့ရခြင်း၏ သိပ္ပံနည်းကျအကြောင်းရင်းများအပေါ် ဝေဖန်ဆန်းစစ်မှု နည်းပါးခဲ့သည်။

ရာသီဥတုပြောင်းလဲခြင်းနှင့် မြေစီမံခန့်ခွဲမှု အားနည်းခြင်းတို့ကြောင့် ပြင်းထန်သည့်တောမီးများ အကြိမ်ကြိမ်လောင်ကျွမ်းလာရသည်။ အဖျက်စွမ်းအားလည်းများလာခဲ့သည်။ အပူချိန်ပိုမိုမြင့်မားပြီး ပိုမိုခြောက်သွေ့သည့်ပတ်ဝန်းကျင်ကြောင့် ရာသီဥတုဖောက်ပြန်ကာ တောမီးများလောင်ကျွမ်းနိုင်စေသကဲ့သို့ တောမီးများလောင်ကျွမ်းမှုကြောင့်လည်း ရာသီဥတုဖောက်ပြန်မှုများပိုမိုဖြစ်ပွားလာစေသည်။ တောမီးကြောင့် ဖန်လုံအိမ်ဓာတ်ငွေ့များ ပိုထွက်စေသည်။ ထိုသံသရာလည်ပတ်နေမှုကြောင့်ပင် တောမီးများ လောင်ကျွမ်းခြင်းဖြစ်သည်။

အမှန်တော့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင်သာ တောမီးများလောင်ကျွမ်းနေသည် မဟုတ်ပါ။ တစ်ကမ္ဘာလုံးမှာတောမီးများလောင်ကျွမ်းနေကြသည်။ ၂၀၀၃-၂၀၀၇ ခုနှစ်များနှင့် ၂၀၁၉-၂၀၂၃ ခုနှစ်ကာလများကို နှိုင်းယှဉ်ကြည့်လျှင် ကမ္ဘာ့နိုင်ငံ ၁၂၄ နိုင်ငံတွင် မီးဘေးအန္တရာယ်နှင့်ကြုံတွေ့နိုင်သည့်နေ့ရက်များ ပိုမိုများပြားလာခဲ့သည်။ တောမီးလောင်ကျွမ်းမှု များပြားလာခြင်းနှင့်အတူ တောမီးများထိန်းချုပ်နိုင်ရေးနှင့် တောမီးလောင်လွယ်သည့်ဒေသများမှ ပြည်သူများကို ကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းစဉ်များကို ဦးစားပေးဆောင်ရွက်ရန် လိုအပ်လာသည်။

တောမီးလောင်ကျွမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာသည်။ တောမီးလောင်ရာမှထွက်လာသည့် မီးခိုးငွေ့များထဲတွင် လူကိုသေစေနိုင်သည့် အမှုန်များနှင့် အိုဇုန်းဓာတ်တို့ပါဝင်သည်။ ကမ္ဘာမြေပြင်ပေါ်တွင် လောင်ကျွမ်းနေသည့် မီးအမျိုးအစားနှစ်မျိုးရှိသည်။ တောမီးနှင့်ရှို့မီးဖြစ်သည်။ ၎င်းမီးလောင်ကျွမ်းမှုများကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပွားပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်များကြား တစ်နှစ်လျှင် ကမ္ဘာတစ်ဝန်း လူဦးရေ ၁ ဒသမ ၅ သန်းခန့်သေဆုံးနေကြရသည်။

လေထုညစ်ညမ်းမှုများကြောင့် နှလုံးသွေးကြောရောဂါများဖြင့် သေဆုံးသူများပြားလာပြီး တစ်နှစ်လျှင် လူဦးရေလေးသိန်းခွဲခန့် လေထုညစ်ညမ်းမှုဖြင့် သေဆုံးနေကြရသည်။ အသက်ရှူလမ်းကြောင်းရောဂါများဖြင့် သေဆုံးရသူက တစ်နှစ်လျှင် နှစ်သိန်းခန့်ရှိသည်။ တောမီးလောင်ရာမှ ထွက်လာသည့်မီးခိုးငွေ့များကြောင့် ဆီးချိုရောဂါလူနာများ သွေးတွင်းအချိုဓာတ်ထိန်းညှိမှု ခက်ခဲစေနိုင်သည်။ ကျောက်ကပ်ရောဂါများနှင့် အာရုံကြောရောဂါများ ပိုမိုဆိုးရွားစေနိုင်သည်။ ရုပ်ပိုင်းဆိုင်ရာထိခိုက်မှုများသာမက စိတ်ပိုင်းဆိုင်ရာဒဏ်ရာများသည်လည်း ဘဝပျက်၊ အိမ်ခြေရာမဲ့၊ အလုပ်အကိုင်ပျက်စီးရခြင်းများနှင့်အတူ ခံစားဖြစ်ပွားကြရသည်။

ကယ်လီဖိုးနီးယားတွင် တောမီးလောင်ကျွမ်းမှသာလျှင် လူအများက တောမီးကို သတိထားအာရုံစိုက်မိလာကြသည်။ အမှန်တော့ တောမီးပြဿနာက ဝင်ငွေနိမ့်နှင့် အလယ်အလတ်နိုင်ငံများ(LMIC) တွင် ပိုဆိုးသည်။ အမှန်တော့ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုသည် ငွေကြေးကြွယ်ဝသည့် စက်မှုနိုင်ငံများကြောင့် ဖြစ်ပွားလာရပြီး တကယ်တမ်းခံစားနေကြရသည်က ငွေကြေးချို့တဲ့သည့်နိုင်ငံများဖြစ်နေသည်။ အကူအညီပံ့ပိုးမှုရရှိခြင်းလည်း နည်းပါးသည်။ တောမီးလောင်ကျွမ်းမှုကြောင့် သဘာဝပတ်ဝန်းကျင်ညစ်ညမ်းပြီး သေဆုံးရသူများ၏ ၉၀ရာခိုင်နှုန်းကျော်မှာ ဝင်ငွေနိမ့်နိုင်ငံများမှသာဖြစ်သည်။

တောမီးနှင့် ရှို့မီး လောင်ကျွမ်းမှုများကြောင့် အာဖရိကနိုင်ငံများမှာ တစ်နှစ်လျှင် ၆၀၆၇၆၉ ဦး၊ အရှေ့တောင်အာရှနိုင်ငံများမှာ တစ်နှစ်လျှင် ၂၀၆၈၁၇ ဦး၊ တောင်အာရှနိုင်ငံများမှာ ၁၇၀၇၆၂ ဦးနှင့် အရှေ့အာရှနိုင်ငံများမှာ ၁၄၇၂၉၁ ဦး သေဆုံးနေကြရသည်။ သေဆုံးကြရသူများမှာလည်း မီးသတ်သမားများ၊ ကယ်ဆယ်ရေးဝန်ထမ်းများ၊ အဘိုး၊ အဘွား၊ ကလေးငယ်များနှင့် အိမ်ရာမဲ့များသာဖြစ်သည်။ ကမ္ဘာတစ်လွှား မီးဘေးကြောင့်ဘေးအန္တရာယ်ကျရောက်နေမှုများကို ပိုမိုအာရုံစိုက်ရမည်ဖြစ်သည်။

ကယ်လီဖိုးနီးယားပြည်နယ်သည် မြို့ပြသို့ကူးစက်လာနိုင်ခြေရှိသည့် တောမီးများအတွက် လုံလောက်စွာပြင်ဆင်ထားခြင်းမရှိသည်မှာ သေချာသည်။ တောမီးစက်ကွင်းအတွင်း အိမ်ဆောက်လုပ်ခွင့်ပြုခဲ့သည့် မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းအမှားများကြောင့် ယခုလိုဝမ်းနည်းဖွယ်ရာကိစ္စရပ်များဖြစ်ပွားခဲ့သည်ဟု မီးလောင်ဒေသဝန်းကျင်ရှိ လူများက သုံးသပ်ကြသည်။ မီးလောင်ဒေသများဝန်းကျင်ရှိ ကျန်းမာရေးစောင့်ရှောက်မှုဌာနများ ပိတ်ခဲ့ရပြီး အရေးပေါ်နှင့် ပုံမှန်ကျန်းမာရေးစောင့်ရှောက်မှုများ ပေးစွမ်းနိုင်ခဲ့ခြင်းမရှိကြောင်း တွေ့ရသည်။

ကျန်းမာရေးရှုထောင့်မှ ရှုမြင်သုံးသပ်သည့်အခါ ကမ္ဘာ့နိုင်ငံတော်တော်များများတွင် ရပ်ကွက်အဆင့်၊ မြို့နယ်အဆင့်၊ တိုင်းဒေသကြီးများအဆင့်၊ နိုင်ငံအဆင့်နှင့် အပြည်ပြည်ဆိုင်ရာအဆင့်များထိ မီးဘေးအန္တရာယ်အတွက် လုံလောက်သောရန်ပုံငွေ၊ လေ့ကျင့်မှု၊ စည်းမျဉ်းစည်းကမ်းများနှင့် ပေါင်းစပ်ညှိနှိုင်းမှုလုပ်ငန်းများ အားနည်းလျက်ရှိကြောင်း တွေ့ရသည်။

မျက်မှောက်ကာလ ကမ္ဘာကြီးအနေဖြင့် ရာသီဥတုဖောက်ပြန်မှုများကြောင့် တောမီးလောင်ကျွမ်းမှုများကို သိသိသာသာရင်ဆိုင်နေရပြီဖြစ်ပြီး မီးဘေးကြောင့် လူသားတို့၏ စိတ်ပိုင်း၊ ရုပ်ပိုင်း၊ စီးပွားရေးကဏ္ဍနှင့် သဘာဝပတ်ဝန်းကျင်ကိုပါ ထိခိုက်စေကြောင်း ထင်ထင်ရှားရှားတွေ့ရှိနေကြရပါပြီ။ ကယ်လီဖိုးနီးယားပြည်နယ်၏တောမီးမှ စတင်ဖြစ်ပွားခဲ့သည့်မီးဘေးအန္တရာယ်မှသင်ခန်းစာယူလျက် လိုအပ်သောမီးဘေးအန္တရာယ်ကာကွယ်ရေးပြုပြင်ပြောင်းလဲမှုများကို ပြုလုပ်သင့်ပါကြောင်း ရေးသားဖော်ပြလိုက်ရပါသည်။

❖ တောမီးလောင်ကျွမ်းမှုသည် ကမ္ဘာလုံးဆိုင်ရာ ကျန်းမာရေးပြဿနာတစ်ရပ်ဖြစ်လာသည်။ တောမီးလောင်ရာမှ ထွက်လာသည့် မီးခိုးငွေ့များထဲတွင် လူကိုသေစေနိုင်သည့်အမှုန်များနှင့် အိုဇုန်းဓာတ်တို့ပါဝင်သည်။ ကမ္ဘာမြေပြင်ပေါ်တွင် လောင်ကျွမ်းနေသည့် မီးအမျိုးအစားနှစ်မျိုးရှိသည်။ တောမီးနှင့်ရှို့မီးဖြစ်သည်။ ၎င်းမီးလောင်ကျွမ်းမှုများကြောင့် လေထုညစ်ညမ်းမှုများဖြစ်ပွားပြီး ၂၀၀၀ ပြည့်နှစ်မှ ၂၀၁၉ ခုနှစ်များကြား တစ်နှစ်လျှင် ကမ္ဘာတစ်ဝန်း လူဦးရေ ၁ ဒသမ ၅ သန်းခန့် သေဆုံးနေကြရသည်။ ❖

**ကိုးကား**

- Wildfires: what does the evidence say? from Lancet 25th Jan,2025

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှုမပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# ငါးစင်စပ်၏သဘာဝနှင့် အသုံးဝင်ပုံ

**နှင်းအိ(ရာမညမြေ)**



ငါးစင်စပ်မှာ အာဟာရဓာတ်ကြွယ်ဝသော တိုင်းရင်းငါးအငယ်စားကလေးဖြစ်ကြပြီး မြန်မာနိုင်ငံရှိ မြစ်၊ ချောင်း၊ စပါးခင်းများ၊ သဘာဝရေပြင်များတွင်တွေ့ရှိနိုင်သော ရေချိုငါးမျိုးစိတ်ဖြစ်သည်။ ငါးစင်စပ်မှာ အာဟာရဓာတ်ကြွယ်ဝသည့် တိုင်းရင်းငါးငယ်အမျိုးအစားတွင် ပါဝင်သည်။ အာဟာရဓာတ်ကြွယ်ဝသော တိုင်းရင်းငါးငယ်ကလေးများကို မြစ်၊ ချောင်း၊ စပါးခင်းများ၊ သဘာဝရေပြင်များတွင်တွေ့ရှိနိုင်ပြီး ထိုငါးငယ်ကလေးများကို တစ်ကောင်လုံးစားသုံးပါက ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များနှင့် ကလေးငယ်များအတွက် အာဟာရပြည့်ဝရန်လိုအပ်သော ဗီတာမင်အေ၊ ကယ်လ်စီယမ်၊ ဇင့်၊ ဗီတာမင် B-12 ကြွယ်ဝစွာရရှိနိုင်သည့် တိုင်းရင်းငါးမျိုးဖြစ်သည်။

**အမည်အမျိုးမျိုးမှည့်ခေါ်ပုံ**

ငါးစင်စပ်မှာ ဖန်သားကဲ့သို့ ကြည်လင်နေသော ခန္ဓာကိုယ်ရှိသဖြင့် Glassy Fish or Glassy Perch or X-ray Fish ဟုလည်း အင်္ဂလိပ်အမည်တွင်သည်။ မြန်မာနိုင်ငံတွင် ငါးစင်စပ်ကို ငါးပုလင်းကွဲ၊ ငါးထန်းရွက်၊ ငါးဖန်ဝိုင်း၊ ငါးဖြူစလွန်း၊ ငါးဒင်္ဂါး၊ ငါးဖြင်းလက်ခေါက်၊ ကြောင်မစားငါးစသည်ဖြင့် ဒေသအခေါ်အရ အမျိုးမျိုးကွဲပြားကြသည်။

**ခန္ဓာဗေဒအချက်အလက်များ**

ငါးစင်စပ်ကို မြန်မာနိုင်ငံအပါအဝင် ပါကစ္စတန်၊ ဘင်္ဂလားဒေ့ရှ်၊ မလေးရှား စသည့်နိုင်ငံများတွင်လည်း တွေ့ရှိရသည်။ ငါးစင်စပ်ကလေးများ၏ ခန္ဓာကိုယ်ကို သာမန်ထက်ထူးခြားစွာ ဖောက်ထွင်းမြင်နိုင်ခြင်းမှာ ၎င်းတို့၏အရိုးလေးများနှင့် ကိုယ်တွင်းအင်္ဂါများက ထုတ်ဖော်ပြသနေသည်။ ငါးစင်စပ်ကလေးများမှာ ခန္ဓာကိုယ်အလျား ၃ ဒသမ ၁ လက်မရှိသည်။ မိုးရာသီတွင် သားပေါက်ကြပြီး အခွံမာရေသတ္တဝါ၊ ကျောရိုးမဲ့ရေသတ္တဝါလေးများနှင့် တီကောင်များကို ၎င်းတို့၏အစာအဖြစ် စားလေ့ရှိသည်။ ရေအောက်ကြမ်းပြင်နေ(Demersalfish)ဖြစ်သော ရေချိုငါးမျိုးစိတ်ငါးစင်စပ်ကလေးများမှာ အာဟာရဓာတ်ကြွယ်ဝသော တိုင်းရင်းငါးငယ်လေးများ ဖြစ်ကြသည်။

**ပါဝင်သည့်အာဟာရဓာတ်များ**

ငါးစင်စပ်တွင် ဗီတာမင်အေ၊ ကယ်လ်စီယမ်၊ ဇင့်၊ ဗီတာမင် B-12 ကြွယ်ဝစွာရရှိနိုင်သည်။ ထိုငါးငယ်ကလေးများကို တစ်ကောင်လုံးစားသုံးပါက လူ့ခန္ဓာကိုယ်အတွက် အဓိကလိုအပ်သော အသားဓာတ်၊ မျက်စိအတွက်လိုအပ်သော ဗီတာမင်အေ အပါအဝင် ဗီတာမင်ဓာတ်မျိုးစုံ၊ အရိုးသန်မာစေရန်လိုအပ်သော ကယ်လ်စီယမ်အပါအဝင် သတ္တုဓာတ်မျိုးစုံပါဝင်ပြီး ကိုယ်ဝန်ဆောင်များနှင့် မွေးကင်းစကလေးငယ်များ ရက် ၁၀၀၀ အတွင်း ပုံမှန်ဖွံ့ဖြိုးစေရန်အတွက် လိုအပ်သောဓာတ်များ ဖြည့်ဆည်းပေးနိုင်သည်။

**ငါးစင်စပ်စားဖွယ်စုံ**

ငါးစင်စပ်ကို အိုးကပ်ချက်စား၊ မုန့်နှစ်ဖြင့် ငါးပေါင်းကြော်စားခြင်းသာမက ငါးကို အကြွပ်ကြော်ပြီး ဆီထမင်းဖြင့်လည်း တွဲဖက်စားကြသည်။ ငါးအရသာမှာ လေးလေးပင်ပင်နှင့် ချိုသောကြောင့် အရည်သောက်ဟင်းချိုချက်ရာတွင် ဟင်းခတ်မှုန့်ထည့်စရာမလိုဘဲ ငါးချည်းသက်သက် ပင်ကိုသဘာဝအချိုဓာတ်ကိုရရှိသည်။ ထို့ပြင် ငါးစင်စပ်ကို ငါးပိရည်ကျိုပြုလုပ်ရာတွင်လည်း သုံးကြသည်။ အခြောက်လှန်းပြီးလည်း စားကြသည်။ ငါးအရိုးစူးမည်ကိုကြောက်သူများက ကတ်ကြေးဖြင့် အဆူးများညှပ်ပြီး ကြော်စားလေ့ရှိကြသည်။

**ငါးစင်စပ်ငါးလေးများ၏ အာဟာရတန်ဖိုး**

ငါးသည် မြန်မာအစားအစာများတွင် မပါမဖြစ် အရေးကြီးပြီး တိရစ္ဆာန်မှရသော အရည်အသွေးပြည့်ဝသည့်အသားဓာတ်ကို ပေးနိုင်သည်။ ငါးတွင် ခန္ဓာကိုယ်ကြီးထွားမှုအတွက်အရေးပါသည့် ဗီတာမင်နှင့် သတ္တုဓာတ်များကြွယ်ဝစွာပါရှိသည်။ ထိုဗီတာမင်နှင့် သတ္တုဓာတ်များ ခန္ဓာကိုယ်တွင် လုံလောက်စွာမရှိပါက အာဟာရချို့တဲ့မှုရောဂါများဖြစ်ပွားနိုင်သည်။ ဟားဗက်တက္ကသိုလ်လူထုကျန်းမာရေးဆိုင်ရာ ပရော်ဖက်ဆာများ၏ လေ့လာတွေ့ရှိချက်အရ ငါးတွင်ပါဝင်သော အိုမီဂါ-၃ ဖက်တီးအက်စစ်ကို တစ်ပတ်လျှင် နှစ်ဂရမ်စားပေးခြင်းဖြင့် နှလုံးရောဂါကြောင့်သေဆုံးမှုကို သုံးပုံတစ်ပုံခန့် လျှော့ချပေးနိုင်သည်ဟုဆိုသည်။ ငါးနှစ်ဂရမ်ဆိုသည်မှာ တစ်ပတ်လျှင် ငါးနှစ်ကြိမ်စားခြင်းနှင့်ညီမျှသည်။ အစာစားသည့်အခါတွင်လည်း ငါးနှင့်တွဲဖက်စားသုံးပေးခြင်းဖြင့် အစားအစာများတွင်ပါရှိသော အာဟာရဓာတ်များကို ခန္ဓာကိုယ်က ပိုမိုကောင်းမွန်စွာစုပ်ယူနိုင်စေသည်။ ငါးစင်စပ်ကလေးများကို ခေါင်းနှင့်အရိုးအပါအဝင် တစ်ကောင်လုံးစားသုံးခြင်းဖြင့် ကယ်လ်စီယမ်၊ ဗီတာမင်အေ၊ သံဓာတ်နှင့် သွပ်ဓာတ်များ ကြွယ်ဝစွာရရှိနိုင်သည်။ ငါးသည် ခန္ဓာကိုယ်ကြီးထွားဖွံ့ဖြိုးစေသောအစားအစာအုပ်စုတွင်ပါဝင်ပြီး ပရိုတင်းဓာတ်ကြွယ်ဝသည့်အစားအစာများဖြစ်ကာ ကြွက်သားများ အပါအဝင် ကိုယ်ခန္ဓာနှင့် ကိုယ်ခံအားစနစ်ကို တည်ဆောက်ပေးသည်။

**ငါးစင်စပ်ကလေးများစားသုံးခြင်းကြောင့် ရရှိနိုင်သည့် အာဟာရနှင့် အကျိုးကျေးဇူးများ**

ငါးစင်စပ်ကလေးများစားသုံးခြင်းကြောင့် ရရှိနိုင်သည့် အကျိုးကျေးဇူးများမှာ ဒေသဈေးများတွင် အလွယ်တကူရရှိနိုင်ခြင်း၊ ငါးစင်စပ်ကလေးများကို အသင့်အတင့်စားပေးရုံဖြင့် အာဟာရဓာတ်များ အများအပြားရရှိနိုင်ခြင်း၊ ငါးစင်စပ်ကလေးများသည် ငါးအစို၊ ငါးအခြောက်၊ ငါးချဉ်၊ ငါးပိစသော ပုံသဏ္ဌာန်အမျိုးမျိုးဖြင့် ပြုလုပ်စားသုံးနိုင်ခြင်း၊ ပမာဏနည်းနည်းချင်း ဝယ်ယူနိုင်ခြင်း၊ အခြားဟင်းသီးဟင်းရွက်များနှင့် ရောနှောချက်ပြုတ်စားသုံးနိုင်ခြင်း၊ အိမ်သားများအားလုံးမျှဝေစားသုံးနိုင်ခြင်း စသည့်အကျိုးကျေးဇူးများရရှိနိုင်သည်။

ခေါင်းတစ်ရာသားစားပါ ဆိုစကားအတိုင်း ကုန်ကျစရိတ်လည်းသက်သာ၊ အာဟာရဓာတ်လည်း ပေါများကြွယ်ဝသည့် ငါးစင်စပ်ကလေးများသည် မိသားစုထမင်းဝိုင်းအတွက် ဟင်းကောင်းတစ်ခွက်ဖြစ်သည်။

**ကျန်းမာရေးအကျိုးကျေးဇူး**

ငါးစင်စပ်ကလေးများတွင် ဗီတာမင်အေ၊ ဇင့်၊ သံဓာတ်၊ ကယ်လ်စီယမ်နှင့် ဗီတာမင်B-12တို့ပါဝင်သည်။ ကိုယ်ဝန်စရှိသည့်အချိန်မှ ကလေးအသက်နှစ်နှစ်ထိ ငါးစင်စပ်ကလေးများကို ပုံမှန်စားသုံးခြင်းဖြင့် အာဟာရချို့တဲ့မှုကို ကာကွယ်နိုင်သည်။ ငါးသည် အရည်အသွေးမြင့် တိရစ္ဆာန်ထွက် ပရိုတင်းအရင်းအမြစ်တစ်ခုဖြစ်ပြီး ၎င်းပရိုတင်းဓာတ်ကို လူ့ခန္ဓာကိုယ်က အလွယ်တကူစုပ်ယူနိုင်သည်။ ငါးသည် အခြားအစားအစာမှ အာဟာရဓာတ်များ စုပ်ယူနိုင်မှုကိုလည်း ကူညီပေးသည်။ ကလေးသူငယ်များ၊ ကိုယ်ဝန်ဆောင်မိခင်များနှင့် နို့တိုက်မိခင်များ ကြီးထွားနှုန်းနှင့် ကျန်းမာသန်စွမ်းနိုင်ရန် မရှိမဖြစ်လိုအပ်သည့်အာဟာရဓာတ်များကို ငါးစင်စပ်ကလေးများစားပေးခြင်းဖြင့် ရရှိနိုင်သည်။ ငါးစင်စပ်ကလေးများကို ဟင်းသီးဟင်းရွက်များ၊ အခြားသီးနှံများနှင့် ရောနှောချက်ပြုတ် စားသောက်ခြင်းဖြင့်လည်း ညီညွတ်မျှတသောအာဟာရကို ရရှိစေသည်။

အချုပ်အားဖြင့်ဆိုရသော် ငါးစင်စပ်ကလေးများသည် မြန်မာနိုင်ငံရှိ မြစ်၊ ချောင်း၊ စပါးစိုက်ပျိုးထားသောလယ်များတွင် တွေ့ရှိရပြီး အရသာကောင်းမွန်လှသဖြင့် လူကြိုက်များသော ငါးတစ်မျိုးလည်းဖြစ်သည့်အပြင် အာဟာရဓာတ်ကြွယ်ဝပြီး အရိုးပါမကျန် စားသုံးသင့်သော တိုင်းရင်းငါးငယ်ကလေးများဖြစ်ပါကြောင်း လေ့လာရေးသားလိုက်ရပါသည်။

> ❖ ငါးစင်စပ်ငါးကလေးများတွင် ဗီတာမင်အေ၊ ဇင့်၊ သံဓာတ်၊ ကယ်လ်စီယမ်နှင့် ဗီတာမင်B-12 တို့ပါဝင်သည်။ ကိုယ်ဝန်စရှိသည့်အချိန်မှ ကလေးအသက် နှစ်နှစ်ထိ ငါးစင်စပ်ကလေးများကို ပုံမှန်စားသုံးခြင်းဖြင့် အာဟာရချို့တဲ့မှုကို ကာကွယ်နိုင်သည်။ ငါးသည် အရည်အသွေးမြင့် တိရစ္ဆာန်ထွက် ပရိုတင်းအရင်းအမြစ်တစ်ခုဖြစ်ပြီး ၎င်းပရိုတင်းဓာတ်ကို လူ့ခန္ဓာကိုယ်က အလွယ်တကူစုပ်ယူနိုင်သည်။ ငါးသည် အခြားအစားအစာမှ အာဟာရဓာတ်များစုပ်ယူနိုင်မှုကိုလည်း ကူညီပေးသည်။ ❖


**ကိုးကား**

- မြန်မာ့စွယ်စုံကျမ်း၊အတွဲ(၄)
- ငါးလုပ်ငန်းစာစဉ်အတွဲ(၁)၊ အမှတ်(၃)
- Fish Base of Myanmar
- Inland Fisheries of Myanmar


# ဝမ်းတွင်းမြို့နယ် ညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဝမ်းတွင်း ဖေဖော်ဝါရီ ၁၀**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိပြီး မိသားစုဝင်ငွေ တိုးပွားလာစေရန် ရည်ရွယ်၍ ညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ညောင်ပင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကျပ် ၅၄ ဒသမ ၉ သန်းဖြင့် စိုက်ပျိုးရေးလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု၊ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ဝမ်းတွင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်ကိုကိုဦးက မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားသည်။

ညောင်ပင်ကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၅၅ ဦးကို ငွေကျပ် ၃၆ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၆၈ ဦးကို ငွေကျပ် ၁၈ ဒသမ ၈ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၂၃ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် ၅၄ ဒသမ ၉ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

**အောင်ရဲကျော်**

# ချီလီနိုင်ငံအလယ်ပိုင်းဒေသများတွင် တောမီးအန္တရာယ်အရေးပေါ်အခြေအနေသတ်မှတ်



**ဆန်တီယာဂို ဖေဖော်ဝါရီ ၁၀**

ချီလီနိုင်ငံ အလယ်ပိုင်းဒေသများဖြစ်သော အရှုကာနီယာနယ်မြေ၊ မော်လီနယ်မြေ၊ နူဘယ်နယ်မြေတို့တွင် ဖေဖော်ဝါရီ ၈ ရက်မှစ၍ တောမီးလောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ပြီး တောမီးလောင်ကျွမ်းမှုသည် နေအိမ်များဆီသို့ ကူးစက် လောင်ကျွမ်းနေသည့်အတွက် ဖေဖော်ဝါရီ ၉ ရက်က တောမီးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ထားကြောင်း ချီလီသမ္မတ ဂါဘရီရယ်ဘောရစ်က ထုတ်ပြန်ကြေညာခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောမီးကူးစက်လောင်ကျွမ်းမှုကြောင့် ဒေသခံတချို့ဘေးလွတ်ရာ ရွှေ့ပြောင်းခဲ့ရပြီး နေအိမ်များလည်း ဆုံးရှုံးခဲ့ရကြောင်း၊ တောမီးကို အမြန်ဆုံးထိန်းချုပ်နိုင်ရေးအတွက် ဆောင်ရွက်ပေးနေကြောင်း၊ တောမီးလောင်ကျွမ်းမှုသည် အရှုကာနီယာနယ်မြေ၌ အခြေအနေပိုမိုဆိုးရွားနေပြီး အပူချိန်မှာလည်း ၄၀ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်နေသည့်အတွက် တစ်နေရာမှတစ်နေရာသို့ တောမီးကူးစက်လောင်ကျွမ်းမှုမြန်ဆန်နေသည်ဟု ချီလီသမ္မတ ဂါဘရီရယ်ဘောရစ်က သတိပေးပြောကြားခဲ့ကြောင်း သိရသည်။

"သဘာဝဘေး အန္တရာယ်ကြောင့် တချို့ပြည်သူတွေ ဒုက္ခရောက်နေတဲ့အချိန်မျိုးမှာ နေအိမ်ဖောက်ထွင်းမှုတွေ လုပ်နေတဲ့လူတွေရဲ့စရိုက်ကို လုံးဝသည်းခံမှာ မဟုတ်ပါဘူး။ မီးသတ်တပ်ဖွဲ့ဝင်တွေကလွဲလို့ ညမထွက်ရအမိန့်လဲ ထုတ်ပြန်ထားပါတယ်"ဟု ချီလီသမ္မတ ဂါဘရီရယ်ဘောရစ်က ပြောကြားခဲ့သည်။

တောမီးကူးစက်လောင်ကျွမ်းနေဆဲဖြစ်သည့်အတွက် တောမီးကူးစက် လောင်ကျွမ်းမှုကြောင့် ပျက်စီးခဲ့သော နေအိမ်များကို စိစစ်နေဆဲဖြစ်သည်ဟု ချီလီအစိုးရအဖွဲ့က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# တောင်ကိုရီးယားနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အပူလှိုင်းဖြစ်တန်းဖွယ်ရှိနေ

**ဆိုးလ် ဖေဖော်ဝါရီ ၁၀**

တောင်ကိုရီးယားနိုင်ငံတွင် ရာသီဥတုပြောင်းလဲမှုကြောင့် အပူလှိုင်းဖြစ်တန်းဖွယ်ရှိနေကြောင်း Korea Meteorological Administration (KMA) က သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

တောင်ကိုရီးယားနိုင်ငံတွင် မေလမှ စက်တင်ဘာလအတွင်း နှစ်စဉ် အပူလှိုင်းဖြစ်တန်းကာ အပူချိန်မြင့်တက်မှုများ ဖြစ်ပေါ်လေ့ရှိကြောင်း၊ သို့သော်လည်း ရာသီဥတုပြောင်းလဲမှုနှုန်း မြင့်မားလာခြင်းကြောင့် ပုံမှန်ထက်စော၍ အပူလှိုင်းဖြစ်တန်းမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ အပူလှိုင်းဖြစ်တန်းချိန် အပူချိန်များလည်း စံချိန်တင် မြင့်တက်လာနိုင်ကြောင်း Korea Meteorological Administration(KMA) က ထုတ်ပြန်ခဲ့သည်။

"အပူလှိုင်းဟာ ပုံမှန်ထက်စောပြီးတော့ ဖြစ်တန်းဖွယ်ရှိနေတယ်။ အပူလှိုင်းဖြစ်တန်းမှုဟာ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ထုတ်လွှတ်မှုနဲ့ တိုက်ရိုက်ဆက်စပ်နေပါတယ်။ ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ပမာဏ တော်တော်များများကို လျှော့ချနိုင်မှ နှစ်စဉ်ရင်ဆိုင်နေရတဲ့ အပူလှိုင်းဖြစ်တန်းတဲ့ပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ တော်သင့်ရုံပမာဏလောက်ပဲ လျှော့ချနိုင်ရင်တော့ အပူလှိုင်းဖြစ်တန်းမှု လျော့ကျလာဖို့ အချိန်အများကြီး ယူရပါလိမ့်မယ်။ လက်ရှိ အနေအထားတိုင်းဆိုရင်တော့ အပူလှိုင်းတွေ မကြာခဏဖြစ်တန်းမှာပဲ အခြေအနေမျိုး ဖြစ်နေတယ်"ဟု Heat Wave Research Center မှ ပြောရေးဆိုခွင့်ရှိသူ သုတေသီတစ်ဦးက ပြောကြားခဲ့သည်။

အပူလှိုင်းဖြစ်တန်းလာမည့်ပြဿနာသည် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုနှင့် ဆက်စပ်နေပြီး ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ ထုတ်လွှတ်မှုကို လျှော့ချနိုင်မှသာ အပူလှိုင်းမကြာခဏဖြစ်တန်းနေသည့် ပြဿနာကို ဖြေရှင်းနိုင်မည်ဖြစ်သည်ဟု Heat Wave Research Center က ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

Ref : Sputnik News
Trs : Sai Sat

# အိုင်ယာလန်နိုင်ငံတွင် မုန်တိုင်းများ၊ မိုးသည်းထန်စွာရွာသွန်းမှုနှင့် အပူလှိုင်းဖြစ်တန်းမှုများ ယခင်ကထက် ပိုမိုရင်ဆိုင်ရနိုင်

**ဒပ်ဗ်လင် ဖေဖော်ဝါရီ ၁၀**

အိုင်ယာလန်နိုင်ငံတွင် အနာဂတ်ကာလများ၌ မုန်တိုင်းတိုက်ခတ်မှုများ၊ မိုးသည်းထန်စွာရွာသွန်းမှုများနှင့် အပူလှိုင်းဖြစ်တန်းမှုများကို ယခင်ထက် ပိုမိုဆိုးရွားစွာ ရင်ဆိုင်ရနိုင်ကြောင်း အိုင်ယာလန်နိုင်ငံ ဒပ်ဗ်လင်မြို့တွင် အခြေစိုက်သည့် Met Éireann က ထုတ်ပြန်ခဲ့သည်ဟု ယနေ့သတင်းများတွင် ဖော်ပြထားသည်။

Met Éireann မှ သုတေသီများ၏ သုတေသနရလဒ်များအရ အန္တရာယ်ရှိသော ရေဘေးအန္တရာယ်များဖြင့် မကြာခဏ ရင်ဆိုင်ရနိုင်သကဲ့သို့ အပူလှိုင်းဖြစ်တန်းမှုမှာလည်း အကြိမ်ကြိမ် လာနိုင်ကြောင်း၊ မကြာသေးမီက အေဒင်မုန်တိုင်းကြောင့် အိုင်ယာလန်နိုင်ငံတစ်ဝန်း ဆိုးရွားသော ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ခဲ့ရပြီး အလားတူဖြစ်စဉ်မျိုး အနာဂတ်တွင် မကြာခဏဖြစ်ပေါ်လာနိုင်ကြောင်း Met Éireann က ထုတ်ပြန်ခဲ့သည်။

"လေထုပတ်ဝန်းကျင်မှာ စိုထိုင်းဆ မြင့်မားလာတဲ့အတွက် မိုးသည်းထန်စွာ ရွာသွန်းမှုတွေ မကြာခဏ ဖြစ်ပေါ်လာနိုင်ပါတယ်။ မကြာသေးမီကလဲ အေဒင်မုန်တိုင်းကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်ခဲ့တယ်။ အနာဂတ်မှာ မုန်တိုင်းဝင်ရောက်မှုတွေ၊ မိုးသည်းထန်စွာ ရွာသွန်းမှုတွေနဲ့ အပူလှိုင်းဖြစ်တန်းမှုတွေ မကြာခဏ ဖြစ်ပေါ်လာနိုင်ပါတယ်"ဟု Met Éireann မှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။



အိုင်ယာလန်နိုင်ငံတွင် ၂၀၂၃ ခုနှစ် အောက်တိုဘာလမှ ၂၀၂၄ ခုနှစ် မတ်လအတွင်း၌ ရေကြီးရေလျှံမှုဖြစ်စဉ် အကြိမ်ကြိမ် ဖြစ်ပေါ်ခဲ့ကြောင်း၊ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် မတ်လအတွင်း၌လည်း သဘာဝဘေးဒဏ်နှင့်ပတ်သက်၍ အထူးသတိပြုရမည့် ကာလဖြစ်ပြီး အဆိုပါကာလသည် အိုင်ယာလန်နိုင်ငံတွင် ပုံမှန်အားဖြင့် မုန်တိုင်းဝင်ရောက်ခြင်းနှင့် ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသည့် ကာလဖြစ်ကြောင်း သိရသည်။

Ref : Russia Today
Trs : Sai Sat

# မလေးရှားနိုင်ငံတွင် ရေလွှမ်းမိုးမှုများဖြစ်ပွားခဲ့သော်လည်း ဆီအုန်းထုတ်လုပ်မှုလုပ်ငန်းများကို ထိခိုက်မှုမရှိခဲ့

**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၁၀**

မလေးရှားနိုင်ငံတွင် မကြာသေးမီလများက ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သော်လည်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်မှုလုပ်ငန်းများကို ထိခိုက်မှုမရှိခဲ့ကြောင်း မလေးရှားစားအုန်းဆီဘုတ်အဖွဲ့က ယနေ့တွင် သတင်းထုတ်ပြန်ခဲ့သည်ဟု သိရသည်။

မလေးရှားနိုင်ငံတွင် ပြီးခဲ့သောလအနည်းငယ်က ပြည်နယ်အများအပြားတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ရာ ရေလွှမ်းမိုးမှုကြောင့် အခြားထိခိုက်ဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သော်လည်း ဆီအုန်းစိုက်ပျိုးထုတ်လုပ်သည့် လုပ်ငန်းများကို ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

"ရေကြီးရေလျှံမှုတွေကြောင့် ယာယီရေပတ်တာ၊ ရိတ်သိမ်းတဲ့နေရာမှာ နှောင့်နှေးကြန့်ကြာတာတွေကြောင့် ဒေသအလိုက်အခက်အခဲတွေဖြစ်ပေါ်ခဲ့ပေမဲ့ နိုင်ငံရဲ့စားအုန်းဆီ ထုတ်လုပ်မှုအပေါ် အလုံးစုံအကျိုးသက်ရောက်မှု မရှိခဲ့ပါဘူး"ဟု မလေးရှားစားအုန်းဆီဘုတ်အဖွဲ့ ညွှန်ကြားရေးမှူးချုပ် အာမက်ပါဗက်ဂူလမ်ကာဒါက ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံတွင် အရှေ့မြောက်မုတ်သုံလေသည် မတ်လထိ ဆက်လက်တည်ရှိနေနိုင်ပြီး လာမည့် ရက်အနည်းငယ်အတွင်း မိုးအဆက်မပြတ် ရွာသွန်းနိုင်ကြောင်း၊ မြေနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများ ဆက်လက်ဖြစ်ပေါ်နိုင်ကြောင်း မိုးလေဝသဌာနက သတင်းထုတ်ပြန်ခဲ့ပြီးနောက် ရေကြီးရေလျှံမှုများကြောင့် နိုင်ငံ စားအုန်းဆီထုတ်လုပ်မှုလုပ်ငန်းများတွင် ထိခိုက်မှုများမရှိခဲ့ကြောင်း အာမက်ပါဗက်ဂူလမ်ကာဒါက ပြောကြားခဲ့ခြင်းဖြစ်သည်။

Ref : Russia Today
Trs : AZH

## လေပြင်းတိုက်ခတ်နေစဉ် သတိပြုလိုက်နာရန်အချက်များ

၁။ လေပြင်းတိုက်ခတ်ချိန်တွင် အမှိုက်များနှင့် ပစ္စည်းများ လေနှင့်လွင့်ပါက အန္တရာယ်ဖြစ်စေနိုင်သောကြောင့် မလိုအပ်ဘဲ အပြင်သို့ မထွက်ပါနှင့်။




၂။ တံခါးများနှင့် ပြတင်းပေါက်များကို မြဲမြံစွာပိတ်ထားပါ၊ မှန်ပြတင်းများအား တိတ်ပြားကြီးများဖြင့် ကန့်လန့်ဖြတ်ကပ်ထားပါ။



ASEAN TOURISM AWARDS(2022) ၏ ASEAN MICE Vanue Standard အောင် Exhibition Vanue Award ရရှိခဲ့သော

"မန္တလေးမြို့၏ဂုဏ်ကျက်သရေဆောင်"

ရတနာပုံ ခန်းမ










**ရရှိနိုင်သောဝန်ဆောင်မှုများ**

ဖိုရမ်များ၊ ဆွေးနွေးပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊
အစည်းအဝေးများ၊ ရှင်ပြုရဟန်းခံ နားထွင်းနားသ အလှူပွဲများ၊
မင်္ဂလာဆောင်ပွဲများ၊မွေးနေ့ပွဲများ၊အထိမ်းအမှတ်ညစာစားပွဲများ၊
ဈေးရောင်းပွဲတော်များ၊အရောင်းမြှင့်တင်ရေးပွဲများ၊ နိုင်ငံတကာကုန်စည်ပြပွဲများ၊
အငြိမ့်ပွဲ၊ ပဒေသာကပွဲ၊ တေးဂီတဖျော်ဖြေပွဲများ၊
အလှဓာတ်ပုံရိုက်ကူးခြင်းများအတွက် ခန်းမများ ငှားရမ်းခြင်းနှင့်
ဝန်ဆောင်မှုများဆောင်ရွက်ပေးလျက်ရှိပါသည်။

**ဆက်သွယ်ရန်လိပ်စာ**

၇၈ လမ်း နှင့် ၃၈ လမ်းထောင့်၊ မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့ ။
ဖုန်း - ၀၉ ၆၉၅၀၀၈၆၈၀၊ ၀၉ ၆၆၇၈၉၉၉၉၁၊ ၀၉ ၆၆၇၈၉၉၉၉၂၊ ၀၂ ၄၀၃၀၄၃၈၊ ၀၂ ၄၀၃၀၄၃၉။

ကုန်ဆုံးသွားသော စွမ်းအားများ

DAGON Malta Fresh

နဲ့ ဖြည့်စွမ်းထား




ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၁၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **မိုးဇာ**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၄/က)၊ အကွက်အမည် **မိုးဇာ**ကွင်း၊ ဦးပိုင်အမှတ်(**၈၄/ဈ**)၊ ဧရိယာ(**၀.၀၁၅**)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်-၈၄/ဃ |
| (ခ) | အနောက်လားသော် | - | ဦးပိုင်အမှတ်-၈၄/က |
| (ဂ) | တောင်လားသော် | - | ဦးပိုင်အမှတ်-လမ်း |
| (ဃ) | မြောက်လားသော် | - | ဦးပိုင်အမှတ်-၈၄/ဃ |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးကျော်ဇင်ဦး + ဒေါ်စန်းစန်းဝါ**တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ မတ်လ(၉)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

## ဘိုးဘပိုင် / မြေပိုင် အခွင့်အရေးရရှိထားသောမြေ အမည်ပြောင်းလျှောက်ထားကြောင်း ကြေညာစာ

စစ်ကိုင်းမြို့၊ **ပန်းဘဲတန်း**ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၆)၊ အကွက်အမည် **ဆင်များရှင်**ကွင်း၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(**၀.၉၀၈**)ဧကရှိသည့်အနက်မှ ဧရိယာ(**၀.၅၆၂**)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ဦးပိုင်အမှတ်-၂၈ ကျန်မြေ |
| (ခ) | အနောက်လားသော် | - | ဦးပိုင်အမှတ်-လမ်း၊ ၂၈ ကျန်မြေ |
| (ဂ) | တောင်လားသော် | - | ဦးပိုင်အမှတ်-၂၉/ခ |
| (ဃ) | မြောက်လားသော် | - | လမ်း |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဦးသန့်ဇော်ဦး၊ ဦးကျော်ထက်၊ ဒေါ်ဆုမွန်ကျော်**တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၅ ခုနှစ်၊ မတ်လ(၉)ရက်နေ့**မတိုင်မီ ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများနှင့်တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး
စစ်ကိုင်းမြို့နယ်မြေစာရင်းဦးစီးဌာန
စစ်ကိုင်းမြို့

## အမည်ပြောင်း

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုက် စဉ့်ကိုင်မြို့နယ် လင်းရောင်သစ်ကိုယ်ပိုင်အထက်တန်းကျောင်း K-G တန်းတွင် ပညာသင်ကြားနေသော ဦးသက်ပိုင်ကျော်၏သား မောင်ဟိန်းစျာန်စစ်ပိုင်အား မောင်ဟိန်းစျာန်ဆက်နိုင်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မောင်ဟိန်းစျာန်ဆက်နိုင်**

## မွေးသက္ကရာဇ်အမှန်

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့နယ်၊ သံဘိုကြီးကျေးရွာအုပ်စု၊ မုန့်ညှင်းရိုးကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း G-9 မှ မမိုင်ယမင်းအိမ်(ဘ) ဦးဆလိုင်းကြည်စော (၈/အလန(နိုင်)၁၃၆၂၉၆)၏ မွေးသက္ကရာဇ်မှာ အိမ်ထောင်စု လူဦးရေစာရင်းအရ ၁၇-၁-၂၀၀၉ ဖြစ်ပါကြောင်း။ **၁၇-၁-၂၀၀၉**

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



သန့်ရှင်းသောရေကို သောက်ပေးခြင်းဖြင့် အဆုတ်၏ရေဓာတ်ကို ထိန်းသိမ်းပေးပြီး ချွဲ၊ သလိပ်၊ နှပ်၊ နာရည် စသည့်စွန့်ပစ်ပစ္စည်းများကို အလွယ်တကူယိုစိမ့်ထွက်ရှိလာပြီး အဆုတ်ကို သန့်စင်စေသည်။

COVID-19 ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငှက်ပျောသီးဖျော်ရည် ၄၀၀ မီလီလီတာခန့်ကို နေ့စဉ်ထမင်းစားပြီးတိုင်းသောက်သုံးပေးပါကအဆုတ်သန့်စင်စေရုံမှုမက အစာကိုလည်း ကြေညက်စေသည်။



**အိမ်ပြင်ပဥ္စထွန်းသောမီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကိုချွေတာပါ**

❖ စာကြည့်တိုက်ဆိုသည်မှာ ပညာဖြန့်ဝေပေးရာ ဌာနကြီးတစ်ခုဖြစ်...

❖ စာဖတ်စေရန်နှင့် စာဖတ်အားများ တက်လာစေရန် ဆောင်ရွက်ရမည်ဖြစ်...

❖ တစ်ဦးချင်း အသိပညာများ ကြွယ်ဝစေရန် အတွက် စာဖတ်ရန်လို...

❖ ဖတ်ရှုသည့်စာကို ဖတ်ရုံသာမဟုတ်ဘဲ မှတ်သားထားရှိရန်လည်းလို...

❖ စာဖတ်ခြင်းဖြင့် အသိပညာဗဟုသုတများတိုးပွားလာမည်ဖြစ်...

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ် ဧပြီ ၁၀ ရက်တွင် ပြုလုပ်သော မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သောစိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့်ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံးသက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

## Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲတွင် Mali Kyal Sin အသင်း ချန်ပီယံဆုဆွတ်ခူး




Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့် Mali Kyal Sin အသင်းကို တွေ့ရစဉ်။

မန္တလေး ဖေဖော်ဝါရီ ၁၀

မန္တလေးတိုင်းဒေသကြီး သဲသောင်ပြင်နှင့် ဖူဆယ်ကော်မတီက ကြီးမှူးကျင်းပသည့် Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ တတိယနေရာလုပွဲနှင့် ဗိုလ်လုပွဲစဉ်တို့ကို ယနေ့နံနက်ပိုင်းက မန္တလေးမြို့ မန္တလာသီရိအားကစားကွင်းရှိ Multipurpose Stadium တွင် ကျင်းပခဲ့ရာ SK FC အသင်းကို ခြောက်ဂိုး နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့ပြီး Mali Kyal Sin အသင်း ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့ကြောင်း သိရသည်။

Royal-D Qualified Futsal Cup Mandalay 2025 ပြိုင်ပွဲ တတိယနေရာလုပွဲစဉ်အဖြစ် နံနက် ၈ နာရီက Phoenix အသင်းနှင့် ခိုင်မြဲသစ္စာအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ Phoenix အသင်းက နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ကာ တတိယဆုဆွတ်ခူးနိုင်ခဲ့ပြီး အဆိုပါပွဲစဉ်အတွက် **စာမျက်နှာ ၂၁ ကော်လံ ၃** ☆

## ၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲနှင့် ဖျော်ဖြေပွဲကို တိုက်ရိုက်ထုတ်လွှင့်ပြသမည်

နေပြည်တော် ဖေဖော်ဝါရီ ၁၀

၇၈ နှစ်မြောက် ပြည်ထောင်စုနေ့ နိုင်ငံတော်အလံအလေးပြုပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၁၂ ရက်တွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်ရာ အဆိုပါအခမ်းအနားကျင်းပပုံများကို ယင်းနေ့နံနက် ၆ နာရီ မိနစ် ၄၀ မှစတင်၍ MRTV-HD၊ MRTV News၊ MRTV Farmers'၊ MRTV Sports၊ MRTV Parliament၊ MRTV NRC နှင့် အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ရုပ်သံလိုင်းများဖြစ်သော 5 Plus၊ Readers' Channel၊ Channel 9၊ MNTV၊ Skynet Up to Date Channel တို့အပြင် မိတ်ဖက်ရုပ်သံလိုင်းများဖြစ်ကြသော MWD HD၊ MWD VARIETY HD တို့မှ လည်းကောင်း၊ **စာမျက်နှာ ၂၁ ကော်လံ ၁** ❖

## ပြည့်ဂုဏ်မြင့်မားစေမည့် MSME လုပ်ငန်းများ ဆောင်းပါး

စာမျက်နှာ- ၂၀

## ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုင်းရယ်မြို့နယ် မိုင်းဟဒေသအတွင်း တရားမဝင်အွန်လိုင်းလောင်းကစားနှင့် ငွေကြေးလိမ်လည်မှုဆောင်ရွက်နေသည့် တရုတ်နိုင်ငံသား ၂၁ ဦး ထပ်မံဖော်ထုတ်ဖမ်းဆီးရမိ

စာမျက်နှာ- ၂၃

Quality For You VEGA ဗီဂါ ပလတ်စတစ်လူသုံးကုန်ပစ္စည်းထုတ်လုပ်ရေးစက်ရုံ VEGA Quality For You




ရန်ကုန်-မန္တလေးကားလမ်း(လမ်းဟောင်း)၊ မိုင်တိုင်အမှတ် (၇၇၆/၃)၊ ဘယ်လင်းကျေးရွာအနီး၊ စဉ့်ကိုင်မြို့။ ၀၉-၂၀၀၂၀၅၀၊ ၀၉-၄၀၂၆၃၉၆၈၉၊ ၀၉-၇၉၈၅၂၆၂၇၉